
www.burmeseclassic.com
ပျားတစ်စက်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ................................ ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...................... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး ...................... ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အလင်္ကာဝါစိုးမိုး

## ပျားတစ်စက်



အလင်္ကာဝါစာပေ
အမှတ်(၃၅၇)(က)၊ ပြည်သာယာလမ်း
(၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
☎ -၅၇၈၆၆၀

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၁၉၃/၂၀၀၃(၈) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၀၂၇/၂၀၀၃(၉) ]

◆

မျက်နှာဖုံးပန်းချီ
ပန်းချီမောင်မောင်သိုက်

◆

ပုံနှိပ်ခြင်း
ပထမအကြိမ်

◆

ထုတ်ဝေသည့်လ
နိုဝင်ဘာလ၊ ၂၀၀၃ခုနှစ်

◆

အုပ်ရေ
(၅၀၀)

◆

အတွင်းဖလင်
တွတ်ပီ

◆

ထုတ်ဝေသူ
ဦးမောင်ကလေး၊ သောကြာစာပေ(၀၀၆၅)
အမှတ်(၁၅)၊ညဘာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ
ဦးခင်မောင်မြင့်၊တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)အဝေရာလမ်း၊ဘောက်ထော်၊
ရန်ကင်း၊ရန်ကုန်မြို့။

◆

စာအုပ်ချုပ်
ကိုစိုင်အေး(လှိုင်)

◆

တန်ဖိုး
၇၅၀ ကျပ်

# ဆရာလယ်တွင်းသားစောချစ်၏အမှာစာ

# ပျားတစ်စက်ကို ခံစားခြင်း

အဏ္ဏဝါစိုးမိုးက 'ပျားတစ်စက်' ဝတ္ထုကို အမှာစာရေးရန် ပေးပို့လာ၏။

အဏ္ဏဝါစိုးမိုးသည် စာရေးကောင်းသူဖြစ်သည်။ သူ့ရေးဟန်ကို ကျွန်တော်သဘောကျသည်။ သူ့ဝတ္ထုများကို တွေ့တိုင်း မလွှတ်တန်းဖတ်ဖြစ်သည်။ ဖတ်တိုင်းလည်း ကြိုက်သည်။ သူရေးသားတင်ပြပုံမှာ သွက်လက်သည်။ မြူးကြွသည်။ ပွင့်လင်းရိုးရှင်းသည်။ ဟာသအမြင်ပါသည်။ သရော်စရာရှိသည်တို့ကိုလည်း သရော်သွားသည်။ သို့သော် နစ်သက်စရာဖြစ်အောင် သရော်တတ်သူဖြစ်၏။ လောကပတ်ဝန်းကျင်ကို သူမြင်ပုံ၊ တင်ပြပုံမှာ ပျော်စရာ၊ ချစ်စရာ၊ ရင်နှီးခင်မင်စွာ။

သူရေးသည့် "ချောင်းကိုပစ်တဲ့သမီးငယ်" ဝတ္ထုတိုလေးကို ကျွန်တော်သဘောကျလွန်း၍ စာပေဟောပြောပွဲများမှာ ထည့်သွင်းပြောကြားလေ့ရှိသည်။ သူ့ကို ဝတ္ထုတိုအရေးကောင်းသူအဖြစ် ကျွန်တော် လေးစားနေမိသည်။ သို့သော် အဏ္ဏဝါစိုးမိုးကို ကျွန်တော် မမြင်ဖူး၊ မတွေ့ဖူးပါ။ ကလောင်အမည်အရလည်းကောင်း၊ သူရေးသောဝတ္ထုတိုလေးများကို ဖတ်ရခြင်းဖြင့် လည်းကောင်း၊ သင်္ဘောသားတစ်ယောက်အဖြစ် သိထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာတော့ ကွယ်လွန်သူ ဆရာလင်းယုန်မောင်မောင်၏ ဆက်သွယ်ပေးမှုကြောင့် သူနှင့်ကျွန်တော် ဆုံတွေ့ခွင့်ရခဲ့ပါသည်။ သူ့ဝတ္ထုရေးဟန်အတိုင်းပင် ပွင့်လင်းသည်။ ရင်းနှီးသည်၊ ဟာသဉာဏ်ရှိသည်၊ တစ်ခါတွေ့ရုံနှင့် ရင်းနှီးခင်မင်သူမျိုးဖြစ်သည်။ သူ့ကိုကျွန်တော် သဘောကျသည်။ စာကိုလည်းကြိုက်သည်။ လူကိုလည်း ခင်သည်။

သူ့ဝတ္ထုမှာ အမှာစာရေးရန် ပေးလာသောအခါ ကျွန်တော် ဝမ်းသာအားရပင် ရေးပေးမည်ဟု ဝန်ခံကတိပြုလိုက်သည်။ သူ့ဝတ္ထုတိုများကို နှစ်သက်သော်လည်း သူရေးသည့် ဝတ္ထုရှည်ကို မဖတ်ဖူးသေးပါ။ ပုံနှိပ်ထုတ်ဝေခြင်း မပြုမီ ဦးဦးဖျားဖျားဖတ်ရမည်ကိုပင် သဘောကျနေမိသည်။

သို့သော် ဟောပြောပွဲရာသီဖြစ်၍ နယ်ခရီးများနေသောကြောင့် တော်တော်နှင့်မဖတ်နိုင်။

မြဝတီမှ ပြန်ရောက်သောနေ့တွင် 'ပျားတစ်စက်'ကို မြည်းကြည့်သည်။ တစ်ညလုံး ဘတ်စ်ကားစီးလာရ၍ အိပ်ရေးပျက်နေသောကြောင့် တစ်ရေးဝဝ အိပ်ပြီးမှ ဆက်ဖတ်မည်ဟု စိတ်ကူးထားသည်။

သို့သော် 'ပျားတစ်စက်' ၏ ချိုမြိန်စူးရှသော အရသာကြောင့် ပြီးဆုံးသည်အထိ ဆက်ဖတ်ဖြစ်သွားသည်။

"ကောင်းလိုက်တဲ့ဝတ္ထု"

အသံထွက်ပြီး ပြောမိသည်။

ရသစာပေဆိုသည့်အတိုင်း ရသမြောက်အောင် ရေးနိုင်သော အဏ္ဏဝါစိုးမိုးဖြစ်သည်။

သူရပ်သူ့ရွာမှ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော ဖြစ်ရပ်တစ်ခုကို အခြေပြုရေးဖွဲ့ထားခြင်း ဖြစ်သည်။

ဝတ္ထုစပြီဆိုသည်နှင့် ကျွန်တော်ပါ အတိတ်ကာလတစ်ခုသို့ ရောက်သွားသည်။ သူ့ဇာတ်ကောင်များနှင့်အတူ သူ့ဇာတ်လမ်းမှာ ကိုယ်တိုင်ရောနှော ပါဝင်သွားသလို ခံစားရသည်။ ပျော်ရသည်။ ကြည်နူးရသည်၊ ချစ်ရသည်။ လွမ်းမောရသည်။ နက်ရှိုင်းစွာခံစားရသည်။ အချစ်၏ချိုမြိန်သော "ပျားတစ်စက်"ကို စွဲမက်ရသည်။ ဇာတ်လမ်းချိတ်ဆက်ပုံကောင်း၍ ရေ့ဆက်သိချင်အောင် ဆွဲဆောင်မှုကောင်းသည်။

ကျွန်တော့်မှာ ဖြစ်ပေါ်သည့် နှစ်သက်မှုအရ ရိုးသားစွာ တင်ပြရလျှင်...

"ပျားတစ်စက်" သည် ချိုသည် ... ရှသည်...

နက်ရှိုင်းစွာ ခံစားရသည်" ဟူ၍....

လယ်တွင်းသားစောချစ်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် ဝတ္ထုရှည်ရေးရန် အလွန်ပျင်းသူဖြစ်သည်။ မရှက်မကြောက် ဝန်ခံရလျှင် ဝတ္ထုရှည်ဖတ်ရန်လည်း ပျင်းသူဖြစ်သည်။ လက်ကချလို့မရလောက်အောင် ဆွဲဆောင်မှုရှိသော ဝတ္ထုရှည်မျိုးမှအပ၊ တော်ရိလျော်ရိ ဝတ္ထုရှည်တွေကိုမူ အစပိုင်းက အနည်းငယ်မြည်းစမ်းကြည့်ပြီး မနိပ်ဘူးထင်လျှင် ခုန်ပျံကျော်လွှားဖတ်ပစ်လိုက်သည်ချည်း ဖြစ်သည်။

ဝတ္ထုတိုတွေကိုသာ ရေးရန်၊ ဖတ်ရန်ဝါသနာပါသည်။ စာရေးသူက စာဖတ်သူကို ပြောချင်သည့်အကြောင်း၊ သိစေချင်သည့်အရာ၊ ပေးချင်သည့်မက်ဆိတ်ချ်(သတင်း)ကို အချိန်တိုတိုအတွင်း ပေးပို့ကြားသိစေနိုင်သည်မှာ ဝတ္ထုတိုသာဖြစ်သည်ဟု ယုံကြည်ထား၍ ဖြစ်သည်။ ဤယုံကြည်ချက်ကြောင့်လည်း ဝတ္ထုတိုကိုသာ ရေးခဲ့ခြင်းဖြစ်သည်။ ဝတ္ထုတိုတချို့ကို ဆွဲဆန့်ပြီးရေးလျှင် အရှည်ဖြစ်နိုင်သည်ကို သိပါလျက် မရေးဘဲ အတိုတွေချည်း ရေးခဲ့သည်။

၁၉၉၆ ခုနှစ်က မဂ္ဂဇင်းတစ်စောင်မှာ တာဝန်ခံ အယ်ဒီတာလုပ်နေသည့် သူငယ်ချင်း ကွန်းဇော်(ကွယ်လွန်)က ဝတ္ထုတိုလာတောင်းသည်။ ဝတ္ထုတိုဇာတ်လမ်းအဆင်သင့်မရှိသေးသည့်အပြင် သင်္ဘောတက်ရန် နိုင်ငံခြားသွားခါနီးဖြစ်နေ၍ ဝတ္ထုရှည်ရေးရန်စီစဉ်ထားသော ဇာတ်လမ်းတစ်ပုဒ်ကို ဝတ္ထုတိုအဖြစ် ရေးပေးလိုက်ပါသည်။ ဝတ္ထုအမည်ကို "ပျားတစ်စက် ခါးလျက်နေဆဲပါ" ဟု ရေးပေးလိုက်ပါသည်။

အကြောင်းအရာက အိမ်ထောင်ရှင်မဘဝ၏ ချိုမြိန်သောရသကို အာသာငမ်းငမ်းတမ်းတမ်းတ မျှော်လင့်နေသည့် မိန်းမတစ်ယောက်သည် ထိုချိုမြိန်ရသကို သူမအလွန်ချစ်သောလင်ယောကျ်ားထံမှ မရနိုင်သော်လည်း၊ သူမအလွန်ရွံရှာမုန်းတီးသည့် ယောကျ်ားတစ်ယောက်ထံမှ ရရှိသောအခါ ဖြစ်ပျက်သွားသည့်နောက်ဆက်တွဲဇာတ်လမ်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုဝတ္ထုတိုကို ကွန်းဇော်က ဌာနဆိုင်ရာမဂ္ဂဇင်းဖြစ်သည့် သဲပွင့်ဖြူမဂ္ဂဇင်းမှာ "သစ္စာပျက်၍ တစ်သက်ဆွေးရသူ" အမည်ဖြင့် ဖော်ပြခဲ့သည်။ ကျွန်တော့်ခွင့်ပြုချက်မရဘဲ ဝတ္ထုနာမည်ပြောင်းသည့်အတွက် သူငယ်ချင်းကွန်းဇော်ကို မကျေနပ်သော်လည်း ကျွန်တော်နိုင်ငံခြားမှာ ရောက်နေခိုက်ဖြစ်၍ ဘာမျှမတတ်နိုင်ဖြစ်ခဲ့ရပါသည်။ မြန်မာပြည်ပြန်ရောက်ပြီး မကြာမီ ကွန်းဇော်ကိုဆဲဆိုပြီး ဆွဲထိုးရန် သွားရှာသောအခါ ဒုလ္လဘရဟန်းဝတ်ဖြင့် တွေ့ရ၍ ဆွဲမထိုးနိုင်သည့်အပြင် လက်အုပ်ချီပြီး ထိုင်ကန်တော့ခဲ့ရပါသည်။

ဤဝတ္ထု၏မူရင်းအမည်ဖြစ်သည့် "ပျားတစ်စက် ခါးလျက်နေဆဲပါ" သည် ဝတ္ထုတိုအနေဖြင့် ထယ်ဝါခံ့ညားသော်လည်း ဝတ္ထုရှည်အနေဖြင့်မူ ရိုးလွန်းသဖြင့် "ပျားတစ်စက်" ဟု ထိမိရှုရအောင် ပြောင်းလိုက်ရပါသည်။ မယားကိုချစ်ပြီး လင့်ဝတ္တရားမပျက်လုပ်ကိုင်ကျွေးနေလျှင် တာဝန်ကျေပြီ၊ ကိစ္စပြီးပြီလို့ထင်ထားသူ ယောကျ်ားတစ်ယောက်နှင့် လင်ရဲ့အချော့အမြှူ အယုအယကိုခံချင်လို့ လင်ရဲ့အရိုက်အနှက်ကိုပင် ခံချင်နေသည့်

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်၏အကြောင်းကို ဝတ္ထုတိုမှ ဝတ္ထုရှည်ဖြစ်အောင် ဖြည့်စွက်ဆွဲဆန့် ရေးသားထားခြင်းဖြစ်ပါသည်။

ဝတ္ထုရှည်ရေးရန်၊ ဖတ်ရန်ပျင်းသည့် ကျွန်တော်၏ "ပျားတစ်စက်" ဝတ္ထုရှည်သည် ဖတ်သူ၏လက်ကမချနိုင်လောက်အောင် ဆွဲဆောင်မှုရှိမည်မဟုတ်သော်လည်း အိမ်ထောင်ရှင် လင်နှင့်မယားတို့အကြားမှာ သတိထားရမည့် အိမ်ထောင်ရေးမြှုပ်ကွက်ကလေးတစ်ခုကို အသိပေးဖေါ်ထုတ်ပြသနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အိမ်ထောင်တစ်ခု မပျက်စီး၊ မပြိုကွဲ၊ တည်မြဲဖို့ဆိုတာ ချစ်ခြင်းမေတ္တာတစ်ခုတည်းဖြင့် ချည်နှောင်ထားလို့ မရနိုင်ဘဲ၊ အချစ်နှင့်ဆက်စပ်ပတ်သက်နေသည့် ကိလေသာတဏှာဆိုတဲ့ ဗိုမ လိင်ဆက်ဆံရေးမှာ လင်နှင့်မယား အပေးယူတည့်ဖို့၊ နားလည်မှုရှိဖို့ လိုတယ်ဆိုတာကို ဒီစာအုပ်ဖတ်ပြီး သဘောပေါက်နားလည်သွားသည်ဆိုလျှင် ကျွန်တော် ဖန်တီးရကျိုးနပ်ပါပြီ။ ရှင်လန်းချမ်းမြေ့ကြပါစေ။

စာပေချစ်သူများကိုလေးစားသော

**အဏ္ဏဝါစိုးမိုး**

မယားကို ချစ်ပြီး လင့်ဝတ္တရားမပျက်လုပ်ကိုင်ကျွေးနေလျှင် ကိစ္စပြီးပြီလို့ ထင်ထားသူ ယောက်ျားတစ်ယောက်နှင့် လင်ရဲ့အချော့ကို ခံချင်လို့ လင်ရဲ့အရိုက်အနှက်ကိုပင် ခံချင်နေသည့် မိန်းမတစ်ယောက်အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ရခိုင်ပြည်နယ်၊ ၁မြို့နယ်ထဲက ကျွန်တော့်ကို မွေးဖွားရာ ကိန္နရီချောင်းရွာသို့ တစ်ခါတစ်ခေါက်လောက်တောင် ပြန်မရောက်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်မျှကြာခဲ့ပြီဖြစ်သည်။ အခုတော့ ကိန္နရီချောင်းရွာ(သို့မဟုတ်)အမေ့ရွာသို့ ကျွန်တော်ပြန်လာခဲ့ပါသည်။ ရွာအပြန် ခံစားမှုဝေဒနာက လွမ်းမောဖွယ်ရာ ရင်မှာ တလှပ်လှပ်ဖြစ်နေသည်။ ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလိုဖြင့် တစ်မျိုးကြီးဖြစ်နေသည်။

သံတွဲမြို့မှ နံနက် ၇ နာရီမှာထွက်ခွာလာသော ခရီးသည်တင်လော်ရီကားအိုကြီးသည် မိုင်လေးဆယ်မျှသာ



ဝေးသော ကိန္နရီချောင်းရွာကို နေ့လည် ၂ နာရီကျော်မှ ရောက်မည်ဟု သိရသည်။ လမ်းပန်းက ကြမ်းတမ်းဆဲအခါသမယမို့ ခရီးမဝေးသော်လည်း မနီးသေးဖြစ်နေသည်။ ချက်ဗလက်အမျိုးအစား ကားဟောင်းကားအိုကြီးသည် ပန်းနာရောဂါသည်အဘိုးအို တောင်ပေါ်တက်နေသလို အော်ကာညည်းကာ လိမ့်နေရှာသည်။

ကိန္နရီချောင်းရွာအထိ မလိုက်တော့ဘဲ ကိန္နရီချောင်းရွာကိုရောက်ရန် ဆယ်မိုင်ခန့်အလို လမ်းခုလတ်က မကျည်း တောရွာမှာဆင်းပြီး ဦးလေးဖဲသာအောင်ကို အလျင်ဝင်တွေ့ နှုတ်ဆက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ဦးလေးအိမ်မှာ တစ်နေ့နေ၊ တစ်ညအိပ်ပြီးမှ နောက်နေ့နံနက်စောစောမှာ ကိန္နရီချောင်းရွာကို နွားလှည်းဖြင့်ဖြစ်စေ၊ ခြေလျင်ဖြစ်စေ ခရီးဆက်မည်ဟု စိတ်ကူးသည်။ လမ်းခရီးဝယာက မတွေ့မမြင်ရတာ ကြာပြီဖြစ်သည့် တောတောင်သဘာဝအလှတွေကို ကြည့်ရှုသွားချင်၍ ဖြစ်သည်။

ဦးလေးဖဲသာအောင်သည် ကျွန်တော်တို့ ဆွေမျိုးစာရင်းမှ ဖယ်ရှင်းပထုတ်ထားခြင်းခံရသူဖြစ်သည်။ ဟို . . လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်၊ ကျွန်တော်ငယ်ငယ် ဆယ်နှစ်သားအရွယ်က ဦးလေးသည် ရဟန်းလူထွက်ဆေးဆရာဘဝဖြင့် ရွာကွမ်းတောင်ကိုင်အရှုးမကို ဆေးကုသနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



အရှုံးမနှင့်ညားခဲ့သည်။ ကျွန်တော်တို့ တစ်ဆွေလုံးတစ်မျိုးလုံးက ရှက်လှချည်ရဲ့ဆိုပြီး ဆွေမျိုးစာရင်းမှ ဖယ်ရှင်းပထုတ်၍ အမွေခန်းရပ်၊ သေခန်းဖြတ်ထားခြင်းခံရသူဖြစ်သည်။

အဲဒီဇာတ်လမ်းမှာ လင်လိုချင်လို့ရူးနေသော ကွမ်းတောင်ကိုင်အချောအလှ အရူးမသည် သူ့ကိုကုသပေးနေသော ကျွန်တော့်ဦးလေး ဆေးဆရာ ဘုန်းကြီးလူထွက်နှင့်ညားသွားသောအခါ စိတ်ရောဂါသက်သာ ပျောက်ကင်းသွားခဲ့ပါသည်။ ကျွန်တော်ကတော့ ဦးလေးကိုရော၊ ဒေါ်လေးကိုပါ ချစ်ခင်ရှိသေသည်။ ကြည်ညိုလေးစားသည်။ မတွေ့ရတာကြာပြီဖြစ်၍ တွေ့ချင်သည်။ ကိန္နရီချောင်းရွာကိုရောက်ပြီးမှ ဦးလေးနှင့်ဒေါ်လေးမိသားစုရှိရာ မကျည်းတောရွာကိုပြန်လာရမည်ဆိုလျှင် အဆင်ပြေချင်မှပြေမည်ထင်၍ လမ်းခုလပ်မှာ ဆင်းလိုက်ပါသည်။

မကျည်းတောရွာသည် ကားလမ်းမှ တစ်ခေါ်သာသာဝေးသော တောင်ခြေတောစပ်မှာ ရှိသည်။ ကားလမ်းပေါ်က ဆင်းပြီးယာခင်းတွေကြားက လှည်းလမ်းအတိုင်းလျှောက်သွားရသေးသည်။ လယ်ယာကိုင်းကွက်တွေ ပတ်လည်ဝိုင်း၍ အကိုင်းအခက်တွေ ဝေဖြာဖုံးလွှမ်းနေသော အုန်း၊ ကွမ်း၊ ငှက်ပျော၊ ဩဇာ၊ ဥခြစ်၊ သရက်၊ မာလကာ၊ ရှောက် သံပုရာ ပင်ပျိုပင်အိုတို့ဖြင့် စိမ်းစိုအုပ်ဆိုင်းနေသည့်



မကျည်း တောရွာကြီးသည် ဟိုတုန်းကအတိုင်းပဲ ဘာတစ်ခုမှ မ ပြောင်းလဲတာကို တွေ့ရသည်။

ဟို..လွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ်ကျော်တုန်းက အတိုင်းပင်၊ စပါးကြိတ်သံ၊ နွားငှေါက်သံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံတို့ဖြင့် ကျွန်တော့်ကို ကြိုဆိုနေပါသည်။ ကျွန်တော်၏ ငယ်ဘဝကို ပြန်လည်သတိရပြီး လွမ်းတမိပါသည်။

မြို့ကလာသည့် မြို့ကားကြီးပေါ်က ဆင်းလာသော ဘောင်းဘီဝတ်ညှော့သည်တစ်ယောက် ရွာဘက်ကိုလျှောက်လာတာကိုမြင်ကြသည့် ကျွဲကျောင်းသား၊ နွားကျောင်းသားနှင့် ထင်းခွေရေခပ်သူတို့သည် တစ်ဦးကိုတစ်ဦးလက်တို့ပြီး သတင်းပို့ကြသည်။ ညှော့ကောင်းစောင်ကောင်းတစ်ယောက် ရွာကို ရောက်လာသည်။ ဘယ်အိမ်မှာတည်းမလဲ မသိဆိုသည့် အကြည့်ဖြင့် ဝိုင်းအုံကြည့်ရင်း မသိမသာ လိုက်ပါလာကြသည်။ ရွာအဝင်လမ်းနားဘေးက ငေးမော ကြည့်နေသူတွေကို ဖော်ရွေသည့်မျက်နှာဖြင့် ပြုံးပြလိုက်သည်။ မကျည်းတောရွာမှာ ဦးလေးမိသားစုကလွဲပြီး ကျွန်တော်သိသူတစ်ယောက်မျှမရှိ၍ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ရွာထဲကိုဝင်လာခဲ့ပါသည်။

ရွာလယ်လမ်းဆုံလမ်းခွက ဓာတ်ပီနှောပယောဂ ဆရာကြီးဦးလေးဖဲသာအောင်၏ ပျဉ်ထောင်ကာ သွပ်မိုးအိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ခြံဝင်းကျယ်ကြီးထဲမှာ ထည်ထည်ဝါဝါ ရှိနေဆဲ တွေ့ ရပါသည်။ ဦးလေး၏ဇနီး ဒေါ်လေးဒေါ်သန်းကြည်ရဲ့ မိဘတွေက ချမ်းသာကြသဖြင့် ဦးလေးတို့မိသားစု ချောင်လည်ကြသည်၊ ရွှေနဲ့ငွေနဲ့ လှည်းနဲ့နွားနဲ့ ရေဒီယိုနဲ့ ကက်ဆက်နဲ့ ပြည့်ပြည့်စုံစုံ၊ ပျော်ပျော်ရွှင်ရွှင်၊ ပေါ်ပေါ် ထင်ထင်နေနိုင် စားနိုင်ကြသည်။

ရွာသူဌေးကြီး၏ အိမ်ထဲကိုဝင်လာသူကလည်း ခေသူမဟုတ်ပါ၊ သူဌေး၏တူအရင်း သင်္ဘောသားဖြစ်နေ သည်။ ဝတ်စားဆင်ယင်လာတာတွေကလည်းအပျံစားတွေ ချည်းဖြစ်သည်။ နီကီဝပ်ကင်းရှူး၊ လီဗိုက်ဂျင်းဘောင်းဘီ၊ လယ်သာဂျာကင်အင်္ကျီ၊ ရိုးလက်လက်ပတ်နာရီ၊ နီကွန်ကင် မရာ၊ ရေဘင်နေကာမျက်မှန်တို့ဖြင့် အပျံစားဖြစ်နေသည်။ ဆင်မ်ဆိုနိုက်အတာချီကေ့စ်ကို လက်မှာဆွဲထားပြန်တော့ တန်ဖိုးက မနည်းဘူးဖြစ်နေသည်။ အိမ်ရှေ့ဧည့်ခန်းက ပက်လက်ကုထားထိုင်မှာထိုင်ပြီး လူမမာမျှော်နေဟန်တူ သည့် တိုင်းရင်းဆေးဆရာကြီးသည် ကျွန်တော့်ကိုကြည့်ပြီး အံ့သြနေသည်။ သူ၏ကျော်ကြားမှုကို သိရှိ၍ 'ဗျူး' ရန် လာသည့် သတင်းထောက်လို့ ထင်သွားဟန်တူသည်။ ချောင်းဟန့်သံပေးပြီး ခါးဆန့်ထိုင်လိုက်သေးသည်။ ကိန္နရီ ချောင်းရွာက တစ်ယောက်တည်းသာ ပေါ်ပေါက်ဖူးသေး





သည့် သင်္ဘောသားရဲ့ ဦးလေးဆိုတော့ သူလည်း ဘယ်ခေလိမ့်မလဲ၊ မြောက်စွ မြောက်စွဖြစ်နေသည်။

နောက်တော့မှ သတိရသွားဟန်တူသည်။ ရန်ကုန် ကလာတဲ့ နိုင်ငံခြားပြန်သင်္ဘောသား သူ့တူကြီးဆိုတာ သိ သွားပြီး အလွန်ဂုဏ်ယူဝင့်ကြွားသည့် အမူအယာဖြင့် 'ဟဲ့ မကြည်ရေ၊ လာပါဦးဟဲ့၊ ဒီမှာ ဇော်လာတယ်၊ ဟဲ့ . . မကြီး၊ မငယ်တို့ နင်တို့အစ်ကို နိုင်ငံခြားကပြန်လာပြီဟဲ့၊ လာကြ ပါဦးဟဲ့' စသည်ဖြင့် တစ်ရွာလုံးက ကြားလောက်အောင် လေသံမြှင့်ပြီး အော်ပြောနေသည်။ ရန်ကုန်ကလာတဲ့ နိုင်ငံ ခြားပြန်သင်္ဘောသား ဧည့်သည်မှာ သူ့တူအရင်းဖြစ်သည် ဆိုသည့် သတင်းသည် သူ၏ဂုဏ်ကို တစ်နည်းတစ်ဖုံ အရောင်ထွက်ပြီး ပြောင်လက်သွားစေဟန်တူသည်။

ဒေါ်လေးက မီးဖိုဆောင်မှ ပြေးထွက်လာသည်။ မကြီးနှင့်မငယ်ဆိုသည့် သူ့သမီးအပျိုမနှစ်ယောက်က နွား စာစင်း၊ ဝက်စာကျွေး နေကြရာမှ ပြေးလာကြသည်။ မြို့သား ဧည့်သည် ရောက်လာသည့်ဆိုလျှင် တောရွာဓလေ့အတိုင်း ဝိုင်းအုံလာကြည့်ကြတော့သည်။ မြို့ကြီးသူမြို့ကြီးသားတွေ စကားပြောတာနားထောင်လို့ကောင်းတယ်ဆိုပြီး သိသူရော၊ မသိသူရော၊ ဆွေမျိုးတော်သူတွေရော၊ မတော်သူတွေပါ ရောက်လာပြီးဝိုင်းအုံနားထောင်ကြသည်။ မြို့သားဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ကိုဝိုင်းထိုင်ပြီး ညှော်သည်ပြောသမျှတွေကို ဟုတ်တာရော၊ မဟုတ်တာရော၊ ပြောသမျှဆိုသမျှ၊ ရွှီးသမျှ ဖြီးသမျှတွေကို အားပါးတရနားထောင်ကြသည်။

ရန်ကုန်မြို့ကြီးအကြောင်း၊ နိုင်ငံခြားတိုင်းပြည်တွေအကြောင်းပြောပြတော့ သူ့ထက်ငါအရသာရှိရှိ၊ ရှင်းလင်းပြတ်သားစွာကြားရအောင်ဆိုပြီး ရှေ့တိုးထိုင်နားထောင်ကြသည်။ ကျွန်တော်ကလည်း ဝတ်စားလာတာတွေနဲ့ လိုက်ဖက်အောင် ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ ကြွားကြွားဝါဝါ ပြောသည်။ သင်္ဘောသား၏ဦးလေးဆေးဆရာကြီးကလည်း ပက်လက်ကုလားထိုင်ပေါ်က ပြုံးပြီး ဂုဏ်ယူဝင့်ကြွားစွာနား ထောင်နေသည်။

ကျေးတောရွာရောက် နိုင်ငံခြားပြန်သင်္ဘောသား ကျွန်တော်၏ အဖြီးအရွှီးတွေကို နားထောင်နေကြသည့် ပရိသတ်ထဲမှာ ထူးခြားတာတစ်ခုကို အမှတ်မထင်သတိပြုမိလိုက်သည်။ ကျွန်တော်နဲ့ ခပ်လှမ်းလှမ်းမှာ ပရိသတ်ကြားထဲကို မဝင်ရဲသည့်အသွင်ဖြင့် ဖိနပ်ချွတ်ရေကပြင်ကို တင်ပါးလွှဲထိုင်ပြီး မဝံ့မရဲနားထောင်နေသော အမျိုးသမီးကြီးတစ်ယောက်ကို သတိပြုမိလိုက်ခြင်းဖြစ်သည်။

အမျိုးသမီးကြီး၏ ဖြူရော်ရော်ပွယောင်းဖြစ်နေသည့် ဆံပင်တွေကို မဖြီးမသင်ဘဲ၊ ဖြစ်သလိုစုစည်းထုံးချည်ထား





သည်။ ပိန်လှီဖျော့တော့နေသည့် ကိုယ်ခန္ဓာမှာ အရောင်မထွက်၊ အကွက်မပေါ်တော့သည့် အဝတ်အစားတွေကို ဝတ်ဆင်ထားသဖြင့် သူတောင်းစားမကြီးနှင့်တူနေသည်။ လောကဓံတရားရှစ်ခုအနက်၊ တစ်ခုခု၏ထုထောင်းမှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားနေရဟန်တူသည်။ အသက်အရွယ်နှင့် မလိုက်အောင် အိုစာနေသည့်အသွင်လက္ခဏာတွေ့ရသည်။ ဒီအမျိုးသမီးကြီးကို တစ်နေရာမှာ တွေ့ဖူးမြင်ဖူးသလို စိတ်ကထင်နေသည်။

ကျွန်တော်သည် ကိန္နရီချောင်းရွာသားဖြစ်၍ မကျည်းတောရွာမှာ ဦးလေးဖဲသာအောင်မိသားစုကလွဲပြီး တစ်ခြားရွာသူရွာသားတွေကို မသိပါ။ သို့သော် ဒီအမျိုးသမီးကြီးကိုတော့ တစ်နေရာမှာမြင်ဖူးတွေ့ဖူးသလိုဖြစ်နေ၍ ဦးလေး ကို မေးကြည့်ရသည်။

"ဟို အဒေါ်ကြီးက ဒီရွာကလား၊ မြင်ဖူးသလိုလိုပဲ"

"ဟဲ့ အဲဒါနင်တို့ရွာက စက်ချုပ်တဲ့ ထွန်းရွှေရဲ့ မိန်းမ ဝင်းမြလေ"

"ဗျာ . ."

ကျွန်တော် အကြီးအကျယ် အံ့သြတုန်လှုပ်သွားပါသည်။ မယုံနိုင်သည့် အကြည့်ဖြင့် လှမ်းကြည့်နေမိသည်။ အိုစာကျဆင်းသွားလိုက်တာဟု သတိထားလိုက်မိသည်



www.burmeseclassic.com

www.burmeseclassic.com



မဝင်းမြသည် ကျွန်တော့်ထက် ဆယ်နှစ်ခန့်သာ ကြီးပေလိမ့်မည်။ အသက်အရွယ်နှင့် မမျှအောင် အိုစာကျဆင်းယိုယွင်းနေသည်။ သူ့ရုပ်ဆင်း ရူပါဟာ ဒီလောက် မြန်မြန်ကြီး ပျက်စီးယိုယွင်းမသွားသင့်ဟု ထင်သည်။

ကျွန်တော်သူ့ကိုကြည့်နေစဉ်မှာပင် ထိုင်နေရာမှ သူထလာပြီး သူ့အကြောင်းကို မေးမြန်းသည့် ကျွန်တော့်ကို သေသေချာချာကြည့်သည်။ သူ့ကို ဘယ်သူကမှ အရေးတယူ မေးမြန်းလေ့ရှိဟန်မတူ၊ အခုလို အဖက်လုပ်ပြီး အရေးတယူ မေးမြန်းသူပေါ်လာသောအခါ၊ ဘယ်သူဘယ်ဝါဆိုတာကို အငမ်းမရသိချင်နေရှာသည်။ ကျွန်တော် ဘယ်သူလဲဆိုတာ ကို ဝေခွဲမရဖြစ်နေသည့် သူ့ရုပ်ကြီးက ပုံပြင်တွေထဲက စုန်းမကြီးနဲ့တူနေသည်။ ကျွန်တော်နှင့် နီးသည်ထက်နီးအောင် ရှေ့ကိုတိုးလာပြီး ကျွန်တော့်မျက်နှာကို အနီးကပ်ကြည့်သည်။

ကျွန်တော့်ကိုဝိုင်းထိုင်နေသည့် ပရိသတ်က နေရာဖယ်ပေးကြသည်။ မင်္ဂလာအပေါင်းခညောင်းပြီး စိန်ကောင်းကျောက်ကောင်းရောင်းဝယ်နေရာမှာ၊ လောက်တွယ်နေသည့် ငပိသည်ဝင်လာသည်သို့ ဖြစ်သွားကြဟန်တူသည်။ အားလုံးက ပြုံးပြီးနှာခေါင်းရှုံ့ကြသည်။ ကျွန်တော့်မျက်နှာနှင့် မဝင်းမြ၏ မျက်နှာ တစ်ထွာလောက်သာ ကွာတော့သည်။





"ဒါ ဘယ်သူလဲကွယ်"

"မမ . . ကျွန်တော် စိုးလှိုင်ပါ။ သာကေတက စိုးလှိုင်လေ။ မမ ရန်ကုန်ကို လိုက်လာတုန်းက အပြန်မှာ မင်္ဂလာဒုံလေဆိပ်ကို လိုက်ပို့ပေးခဲ့တဲ့ မောင်စိုးလှိုင်၊ မှတ်မိလား"

ကျွန်တော့်စကားတွေကို ကြားတော့ မဝင်းမြသည် ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘဲ ပရိသတ်ထဲကို အတင်းဖြဝ်လာပြီး ကျွန်တော့်ခြေထောက်အနီးမှာ ဖြေးညင်းစွာထိုင်ချလိုက်ပါသည်။ ကျန်းမာရေးကောင်းဟန်မတူ။ အားအင်ချိနဲ့နေတာကို သတိပြုလိုက်မိသည်။ ကျွန်တော့်ခြေသလုံးကို ဖက်ပြီး ကျွန်တော့်ဒူးပေါ်မှာ သူ့နဖူးကိုတင်လျက် အားပါးတရငိုချပါလေတော့သည်။

"မောင်စိုးလှိုင်ရေ၊ မမ အကြီးအကျယ်ဆင်းရဲဒုက္ခရောက်နေပြီကွယ်"

ကျွန်တော်သည် မဝင်းမြ၏ လက်ချောင်းပိန်ပိန်သေးသေးတွေကို ကျွန်တော့်ခြေသလုံးမှ ဖြုတ်ယူပြီး ဆုပ်နယ်ဖျစ်ညှစ်ပေးနေမိပါသည်။ သူ့ကိုယ်စား ကျွန်တော့်ရင်ထဲက ဆို့နင့်လာသဖြင့် အားပေးစကားပြောဖို့ရာ စကားလုံးရှာမရဖြစ်နေပါသည်။ စကားလုံးရှာရလို့ ပြောလျှင်တောင်မှ ကျွန်တော့်အသံက ပုံမှန်မဖြစ်ဘဲ၊ တုန်သံဖြင့်အစ်ကဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာမို့ ဘာမှမပြောဘဲ အံကြိတ်နေလိုက်မိပါသည်။

"ကိုယ့်ကိုကိုယ် သတ်မသေရဲလို့ ဆင်းရဲဒုက္ခတွေကို ဆက်ခံနေရတာယ် ငါ့မောင်ရယ်၊ အသက်ရှင်ပြီး မနေချင်တော့ပါဘူးကွယ်"

ကျွန်တော်နှင့် မဝင်းမြကိုကြည့်နေကြသည့် ပရိသတ်ထဲက အကြောင်းမသိသူတွေက အံ့သြနေကြသည်။ ရန်ကုန်ကလာတဲ့ နိုင်ငံခြားပြန်သဘောသားနဲ့ ဒီရွာက လူရာမဝင်တဲ့ သူဆင်းရဲမကြီး ဒေါ်ဝင်းမြတို့ ဘယ်လိုများပတ်သက်နေကြပါလိမ့်မှာ တွေးနေကြမည်ထင်သည်။ မဝင်းမြသည် ကျွန်တော်တို့ရွာက ကိုထွန်းရွှေနဲ့ အိမ်ထောင်ကျပြီး ကျွန်တော်တို့ရွာမှာ ဆယ်နှစ်ကျော်လောက်နေသွားခဲ့ဖူးတာကို သိကြသူတွေကတော့ ကျွန်တော်နှင့်မဝင်းမြတို့ တစ်နည်းတစ်ဖုံဆက်စပ်ပတ်သက်နိုင်ကောင်းသည်ဟု နားလည်ကြပေလိမ့်မည်။

မဝင်းမြသည် အသက်ရှင်ပြီး မနေချင်တော့လောက်အောင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်နေပါသည်ဆိုတော့မှ ကျွန်တော်သိထားသော မဝင်းမြ၏ ဘဝပုံရိပ်တွေသည် ကျွန်တော့်စိတ်အစဉ်မှာ ရုပ်ရှင်ပိတ်ကားပေါ်က အမြန်ပြရုပ်ရှင်ကားအသွင် အပြေးအလွှားမြင်ယောင်လာပါသည်။



## အခန်း(၂)

ဟိုး လွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ်ကျော်ကျော်လောက်ဆိုတော့ ကျွန်တော့်အသက် ငါးနှစ်၊ ခြောက်နှစ်သားအရွယ်လောက်ကဖြစ်မည်။ တစ်ရွာဝင်၊ တစ်ရွာထွက် ဓာတ်စက်ဖွင့်ပြီး ပိုက်ဆံရှာသော သားအဖနှစ်ယောက် ကျွန်တော်တို့ရွာကို ရောက်လာခဲ့ကြသည်။

သားအဖဆိုတာထက် သမီးအဖလို့ ပြောမှမှန်မည်ဖြစ်သည်။ သမီးပျိုနှင့်အဖေအိုတို့ ရောက်လာခဲ့ကြသည်။ သူတို့နှင့်အတူပါလာသည့် အော်လန်ပါသည့် ဓာတ်စက်ကြီးက ထင်းရှူးသေတ္တာခပ်ရွယ်ရွယ်တစ်လုံးလောက်နီးပါးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ရုပ်မြင်သံကြားဆိုတာ အသာဘေးချိတ်ထားလို့ ရေဒီယိုနှင့် ကက်ဆက်တောင်မပေါ်သေးသည့်ခေတ်ဖြစ်၍ ဓာတ်စက်ကြီးကိုပဲ အထူးအဆန်းသဖွယ်ဝိုင်းကြည့်ခဲ့ကြရသည်။

ဓာတ်စက်ဆရာကြီးက အသားဖြူဖြူ၊ လူပုံချောချော၊ အရုပ်အမောင်းကောင်းကောင်း ဆံကေသာသျှောင်တစောင်းဖြင့် ကြည့်ကောင်းလှပါသည်။ ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သည်။ ရောက်လေရာအရပ်မှာ အိမ်တစ်အိမ်ကို မေတ္တာရပ်ခံ ပန်ကြားပြီး တည်းခိုသည်။ အိမ်ရှင်ကလည်း ဓာတ်စက်အခမဲ့နားထောင်ရမည်ဖြစ်၍ ကြည်ကြည်ဖြူဖြူ လက်ခံသည်။ အားကောင်းလှသည့် အော်လန်ကြီးကိုတပ်ပြီး ဓာတ်စက်ဖွင့်သည်။ ဓာတ်စက်နားထောင်ချင်သူ လူကြီးတစ်ပဲ၊ ကလေးနှစ်ပြား၊ အိမ်ရှင်နှင့်အိမ်ရှင်၏ဆွေမျိုးတွေ အလကား နားထောင်နိုင်ကြသည်။

အိမ်ရှင်နှင့်ဓာတ်စက်နားထောင်ချင်သူတွေက ပိုက်ဆံလိုက်ကောက်ပြီး စုဆောင်းပေးရသည်။ တစ်ကျပ်ခွဲနှစ်ကျပ်လောက်ရပြီဆိုလျှင် တစ်နေကုန် သို့မဟုတ် မိုးတလင်း နားထောင်နိုင်ကြသည်။ ပိုက်ဆံမတတ်နိုင်သူတွေက ဆန်၊ ဆီ၊ ဆား၊ ငပိစိမ်းစား၊ ငရုပ်သီးခြောက်၊ မြေပဲစေ့စသည့် စားလို့ရတာတွေကို ပေးလျှင်လည်း သဘောကောင်း



သည့်ဓာတ်စက်ဆရာကြီးက လက်ခံပါသည်။ ဓာတ်စက်နားထောင်ကြေးအဖြစ် ပေးလာသမျှ လက်ဆောင်တွေကို နီးကြောတောင်းကြီးထဲ ထည့်သိမ်းပါသည်။ ဓာတ်စက်နားထောင်ချင်သူတွေကို စေတနာထားသည်။ ဓာတ်ပြားအသစ်၊ အပ်သွားအထက်၊ ဓာတ်စက်အကောင်းဆိုတော့ နားထောင်သူတွေကျေနပ်ကြသည်။ နားထောင်လို့မဝနိုင် ဖြစ်နေကြသည်။

ပြည်သူ့အသည်းကျော် စူပါအဆိုတော်တွေဖြစ်ကြသည့် ပြည်လှဖေ၊ မေရှင်၊ ခင်မောင်ရင်၊ လေဘာတီမမြရင်၊ စိန်ပါတီ၊ မကြည်အောင်တို့၏ ခေတ်ပေါ်သီချင်းဆန်းများ၊ ဘိုးစိန်၊ စိန်ကတုံး၊ အောင်မောင်းကြီး၊ ရွှေကျီးညို၊ ပဂိုးမြတို့၏ ဇာတ်ထုပ်အမျိုးမျိုးတွေကို ဖွင့်ပေးပါသည်။

ဓာတ်စက်ဖွင့်ပေးနေသည့် စက်ဆရာကြီး၏ အနီးမှာ ကြုံ့ကြုံ့လေးထိုင်ပြီး ဓာတ်ပြားရွေး၊ အပ်သွေး အလုပ်ကို လုပ်ပေးနေသည့် အပျိုချောချောလေးက စက်ဆရာကြီး၏ သမီးဟု သိရသည်။ အမေမရှိတော့၍ အဖေကြီးသွားလေရာ ရွာစဉ်လျှောက်ပြီး လိုက်နေရသည်ဟု သိရသည်။ အဖေတူ သမီးမို့ အရုပ်မောင်းကောင်းသည်။ အသားကဖြူတော့ နှုတ်ခမ်းလေးတွေက ဆေးမဆိုးဘဲနီရဲနေသည်။ မျက်ဝန်းကျယ်ကျယ်နဲ့ မျက်နှာအကျသွယ်သွယ်

www.burmeseclassic.com

www.burmeseclassic.com



မှာ အရိုးရှင်းဆုံးဖြစ်သည့် ဆံရစ်ဝိုင်းဆံထုံးနှင့် အုပ်လုံးကြီးချထားတော့ သနားစရာကောင်းသည့် သူ့ဘဝနှင့် သူ့အလုတို့သည် ကျွန်တော်တို့ ရွာက လူပျိုကာလသားတွေကို ရင်ခုန်စေတော့သည်။

လူပျိုကာလာသားတွေထဲက အပ်ချုပ်ဆိုင်ဖွင့်ထားပြီး စက်ချုပ်စားသူ လူပျိုကိုထွန်းရွှေကတော့ ကွန်ခြေမဆယ်နိုင်လောက်အောင်ပင် ရုပ်ပျက်ဆင်းပျက်ပိုးပန်းနေလေသည်။ တပေါင်းလဘုရားပွဲတော်ရက် နီးလာ၍ အပ်ထည်တွေ စုပုံနေတာကို မချုပ်ဘဲ ပစ်ထားပြီး ဓာတ်စက်ချည်းလာနားထောင်နေတော့သည်။

အဲဒီခေတ် အခါတုန်းက လူပျိုတစ်ယောက်က အပျိုတစ်ယောက်ကို အဲဒီလောက်ပုံပျက်ပန်းပျက် သိက္ခာကျခံပြီး ပေါ်တင်ကြီး ပိုးပန်းတယ်ဆိုတာ သာမညစွဲလန်းစိတ်ဖြင့်တော့ မဖြစ်နိုင်ပေ၊ မရလျှင် မနေနိုင်တော့လောက်အောင် ချစ်ကြိုက်နေ၍သာဖြစ်မည်ဟု အားလုံးကသိနေကြသည်။

ဓာတ်စက်ဆရာကြီး၏ သမီးကိုကြိုက်လို့ ပိုးပန်းနေကြတာကတော့ ကိုထွန်းရွှေတစ်ယောက်တည်းမဟုတ်၊ ကျွန်တော်တို့ရွာက ကာလသားတွေအားလုံး ဖြစ်သည်။ ဒီအထဲမှာ ကိုထွန်းရွှေက လွန်လွန်ကဲကဲ၊ သဲကြီးမဲကြီး





ဖြစ်နေ၍ ကျန်တဲ့ ကာလသားတွေက အလိုက်သိစွာဖြင့် နောက်ဆုတ် လက်ရှောင်ပေးလိုက်ကြရသည်။

ဓာတ်စက်ဆရာကြီးတို့ သမီးအဖ ကျွန်တော်တို့ရွာမှာ ငါးရက်လောက်ကြာသွားသည်။ အောင်မောင်းကြီးရဲ့ မဟာ ပဒုမနှင့်ရွှေကျီးညိုပုဂိုးမြတို့ရဲ့ 'သဒ္ဒါသုမဏာ' ဓာတ်ထုတ်ကြီး နှစ်ထုတ်လုံးပေါက်သွားသည်။ ရှစ်ပြားတွဲ၊ ဆယ်ပြားတွဲ၊ ဓာတ်ထုတ်ကြီးတွေဖြစ်၍ ညသန်းခေါင်တိုင်အောင် အားပါးတရနားထောင်ကြရသည်။

ညစဉ်အိမ်နဲ့အပြည့် လူဝင်သည်။ ဓာတ်စက်ဆရာကြီးမှာ ပိုက်ဆံလေးငါးဆယ်မျှရသည့်အပြင် ဆီ၊ ဆန်၊ ဆား၊ ငရုပ်သီး၊ ကြက်သွန်၊ မကျည်းသီး၊ ငပိစိမ်းစားနှင့် ငါးခြောက် တွေပါရထားတာ တော်တော်များ နေပြီဖြစ်သည်။

ကျွန်တော်တို့ကလေးတွေက သန့်သန့်လေး ဓာတ်စက်နားထောင်ကြသော်လည်း ကိုထွန်းရွှေတို့ လူပျိုကာလသားတွေက ဓာတ်စက်ဆရာကြီး၏ သမီးကို လာပိုးနေကြခြင်းဖြစ်သည်။

ဓာတ်စက်ဆရာကြီးတို့ တည်းခိုနေသည့်အိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်သည့်အပြင် ဓာတ်စက်အခမဲ့နားထောင်ခွင့်ရထားသည့် အနိုပ်သည်ဒေါ်ရွှေယုန်ကတဆင့်သိရသည်မှာ စက်ဆရာကြီး၏သမီးနာမည် မဝင်းမြ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဝင်းမြ မဝင်းမြလေး ဆိုသည့်စကားလုံးတွေသည် ကိုထွန်းရွှေတို့ လူပျိုကာလသားတွေ ပါးစပ်ဖျားမှာ သကာပျားလိုချိုနေသည်။ စိတ်ထဲကခေါ်သည်။ အသံထွက်ပြီး တိုးတိုးခေါ်သည်။ မဝင်းမြလေး၏အလှကြောင့် ခေါ်လို့မဝနိုင်ဖြစ်နေကြသည်။

ဓာတ်စက်နားထောင်သူတွေကို မဝင်းမြက စေတနာထားသည်။ ဓာတ်ပြားအသစ်ကို ရွေးပေးသည်။ အပ်သွားထက်အောင် သွေးပေးသည်။ ကိုထွန်းရွှေနှင့် လူပျိုကာလသားတွေလာပြီးနားထောင်နေလျှင် အိပ်ချင်ပါလျက် မအိပ်ဘဲ အောင့်ပြီးအပိုးခံနေသည်။ သူ့အလှကို အားရပါးရတာဝကြီးကြည့်နိုင်ကြအောင် အခမဲ့ပြပေးနေသည်။ ကိုထွန်းရွှေတို့ လူပျိုကာလသားတွေကလည်း မဝင်းမြလေး အိပ်ချင်လို့ သမ်းတာကိုက တစ်မျိုးလှသည်ဟု ဆိုကြသည်။

ကိုထွန်းရွှေနှင့် မဝင်းမြလေးတို့ မျက်လုံးချင်းဆုံတိုင်း နှစ်ယောက်သား ရင်ခုန်နေကြပြီဆိုတာကို သူတို့အချင်းချင်းသာမက ဘေးကလူတွေကပါ ရိပ်မိနေပြီဖြစ်သည်။ ရွှေကျီးညို့နဲ့ပဂိုးမြတို့ရဲ့ 'မာဒင်္ဂ'ဓာတ်ထုပ်ထဲက သစ္စာထားနှစ်ပါးသွားနဲ့ ဦးအောင်မောင်းကြီးနဲ့ ပဂိုးမြ တို့ရဲ့ 'မဟာပဒုမ'ဓာတ်ထုပ်ထဲက သစ္စာထားနှစ်ပါးသွားတွေမှာ မြနဲ့ မောင်၊ မောင်နဲ့မြဆိုတဲ့ စကားလုံးတွေကြားရတိုင်း





တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ကြတာကိုက ဘေးကလူ တွေ ရိပ်မိစရာဖြစ်နေသည်။

'မာဒင်္ဂ'ဓာတ်ထုပ်ထဲမှာ မင်းသားရွှေကျီးညို့က (ငွေသီးတဲ့ပြည်ကြီး ဗဟိုမှာ၊ ရွှေကျီးညို့ဆရာ၊ မြနဲ့သာ၊ ဟောဒီက မြလေးနဲ့သာ၊ စဉ်မကွာ မခွဲ..'..)လို့ မေးဝဲ မေးရိုက်သံဖြင့် ဟဲလိုက်ပြီဆိုလျှင် ကိုထွန်းရွှေက မဝင်းမြရဲ့မျက်နှာကို လှမ်းကြည့်သည်။ မင်းသမီးပဂိုးမြက (မင်္ဂလာအတိတ်နဲ့ နိမိတ်ဆောင်သူရယ်...၊ ဟောဒီက မြလေးက အရိပ်အယောင်ပြနေပြီကပဲ...)လို့ဆိုလိုက်သည်နှင့် မဝင်းမြက ကိုထွန်းရွှေကို မျက်ခွံလှန်ကြည့်ပြီး ပြုံးပြသည်။ ကိုထွန်းရွှေ၏ရင်ကို ဗိလင်အလုံးကြီးဆောင့်တက်သွားသည်။ ဆောင့်တက်သွားတာမဟုတ်၊ တက်ဆောင့်သွားခြင်းဖြစ်သည်။

'မဟာပဒုမ'ဓာတ်မှာ အသံကောင်းလှသည့် အောင် မောင်းကြီးက (အောင်မယ်လေး ချစ်တာတွေ.. ဘယ်လို မှ ပြောလို့မကုန်အောင်ဖြစ်နေပြီကွယ်...၊ အနုတ္တရော.. ရွှေတယ်သီးအလား ရွှေသမတ်ပြားသို့၊ ဩရစ္တော..သက်ဝင် ခိုလုံ မြကလေး...မြကလေးရဲ့ ရင်ငွေ့ကိုလှုံရမှ၊ သုခ၊ ချမ်းသာသုခ ခုဘဝမှာ၊ လဘီသာမိ ..စင်စစ်မသွေ၊ အောင်မောင်း ရပါစေတော့အံ့) လို့ အသံဩဩကြီးဖြင့် အော်လိုက်ပလားဆိုမှဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မဝင်းမြလေးရှက်လွန်းလို့ ပြုံးပြီး ခေါင်းငုံ့ထားရသည်။

မဟာပဒုမမင်းသားကို မင်းသမီးက သေကြောင်းကြံပြီး . . .၊ သူ့ခိုးပေါင်တိုကြီးနဲ့ညားတဲ့အခန်းရောက်တော့ ကိုထွန်းရွှေ၏မျက်နှာကြီး နီရဲလာသည်။ မဝင်းမြက ဦးခေါင်းမော့လာပြီး သူမရဲ့ ဆံရစ်ဝိုင်းအုပ်လုံး ဆံပင်တွေကို လက်နှစ်ဘက်ဖြင့် အသာပွတ်သလိုလိုဟန်ဖြင့် ခေါင်းခါသည်။ ကျွန်မ ဒီလိုအတန်းအစားထဲက မဟုတ်ဘူးဆိုတာကို အရိပ်ပြလိုက်ခြင်းဖြစ်သည်။ ကိုထွန်းရွှေကျေနပ်သွားသည်။ ပုံမှန်ဖြစ်ပြီး ပြုံးယောင်သန်းလာသည်။ ဓာတ်စက်နားထောင်နေကြသည့် ပရိသတ်မှာ ဇာတ်ထုတ်နားထောင်ရင်း သူတို့နှစ်ယောက်၏အမူအယာကိုလည်း ကြည့်နေကြရသည်။

ဦးဖိုးစိန်ကြီးနှင့် ဒေါ်ကောလိပ်စိန်ခေါ် ဒေါ်မြလွင်တို့၏ 'တာနောယက္ခ'ဇာတ်မှာ၊ ဦးဘိုးစိန်ကြီး၏အပြောတွေကို ကိုထွန်းရွှေအရမ်းသဘောကျသည်။ *(မြကလေးရယ်၊ မြမြကလေးရယ်၊ မြလွင်စစ်ကယ်)*ဆိုသည့် အခေါ်လေးတွေကို သဘောတွေ့နေသည်။ သစ္စာထားနှစ်ပါးသွားမှာ *(ချစ်လို့မဝနိုင်တဲ့ မြနှမလေးရဲ့ လွင်လွင်ကောလိပ်စိန် မြအစစ်ကို မျိုမလို မောင်ချစ်တယ်၊ မြလွင်စစ်ကယ်၊ တက္ကသိုလ်မြလွင် စစ်ကယ်၊ ဘယ်လိုပွဲ့ပိုက်လို့မှ ကြိုက်တာမကုန်နိုင်ဘူးကွယ်)* ဆိုမှဖြင့် ကိုထွန်းရွှေမှာ





လှုပ်လှုပ်ရွရွဖြစ်ဖြစ်သွားသည်။ မြနှမလေးကို ချစ်လို့မဝနိုင်ဘူးကွယ်လို့ သူ့ကိုယ်စား ဦးဖိုးစိန်ကြီးက ပြောပေးနေသလို အမူအယာပြနေသည်။

မဝင်းမြကလည်း သဘောပေါက်ပြီး ကျေနပ်နေသည်။ *(ကြီးမားမေတ္တာ၊ သောမနဿ အဂမ္ဘီ၊ သဒ္ဓါတွေလွန်ကဲတာ၊ ကြိုက်စရာကြီးပိုက်ဖို့ကောင်းတဲ့မျက်နှာ၊ ကျုပ်စိတ်ထဲမှာ၊ အနောဒတ္တကုန္ဒလာ၊ ရေကြည်တာထက်သာ၊ သူကတဲ့ဆက်ပါ၊ မင်းနဲ့ဆုပန်ဘက်ပါ၊ ပရံပရသစ္စာ၊ နှစ်တန်ပချစ်တာ၊ အမှန်ပပစ်မခွာ၊ သူရိယဝဇ္ဇသာ၊ နတ်သမီးတွေထက်တောင်၊ အဆတစ်ရာ တစ်ထောင်၊ ချောလိမ့်မယ်၊ လှလိမ့်မယ်ထင်ပါသဗျာ)* ဆိုတော့ မဝင်းမြက ရှက်လို့ ခေါင်းငုံ့ထားသည်။

ကိုထွန်းရွှေနှင့် မဝင်းမြတို့ မျက်လုံးချင်း အပြန်အလှန်ဆုံပြီး ရင်ခုန်နေကြပြီဖြစ်သည်။ တစ်ဦးကို တစ်ဦး ချစ်မိနေကြပြီဆိုတာကို အချင်းချင်းသိနေကြသည်။ ကိုယ်တိုင်ဖြစ်စေ၊ အောင်သွယ်က တစ်ဆင့်ဖြစ်စေ ဖွင့်ပြောရုံသာကျန်တော့သည်။ ကိုထွန်းရွှေက ဓာတ်စက်ဖွင့်သည့်အိမ်ကို ဝင်ထွက်လုပ်နေသည့် အနိုပ်သည်ဒေါ်ရွှေယုန်ကို အကူအညီတောင်းကြည့်သည်။

"ပြောပေးပါ အရီးလေးရယ်၊ နက်ဖြန်ခါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နောက်တစ်ရွာကို သွားကြတော့မယ်၊ ကူညီပါ အရီးလေးရယ် နော် . . နော်လို့”

“ငါ ဘာပြောပေးစရာလိုသေးလို့လဲဟဲ့၊ နင်တို့ချင်း ကြိုက်နေကြပြီဆိုတာ တစ်ရွာလုံးက သိနေပြီပဲဟာ၊ နင့်ဟာ နင် ပြောပြီး မင်္ဂလာဆောင်ရုံပဲရှိတော့တာပဲဟာ”

ကိုထွန်းရွှေ စိတ်ပျက်သွားသည်။ ဒေါ်ရွှေယုန်ကို အားကိုးမိတာ၊ (ပဲဟာ . . . ၊ပဲဟာ . . . )နဲ့ပဲ ကိစ္စပြီးသွားသည်။ နက်ဖြန်ဆိုလျှင် မဝင်းမြလေးတို့ နောက်တစ်ရွာကို ပြောင်း ရွှေ့သွားကြတော့မည်ဆိုသည့် သတင်းက သူ့ကိုသောက ဖြစ်နေစေသည်။

တပေါင်းပွဲတော်အမီ ချုပ်ပေးရမည့် အင်္ကျီတွေက လည်းစုပုံနေသည်။ ဓာတ်စက်ဆရာကြီးတို့သားအဖ ရွာကို ရောက်လာကတည်းက အလုပ်ပျက်အကိုင်ပျက်ခံပြီး ဓာတ် စက်နားထောင်နေခဲ့သည်။ ယခင့်ယခင်တုန်းက ရက်ချိန်း မှန် အမြန်ရလေ့ရှိသော ကိုထွန်းရွှေအပ်ချုပ်ဆိုင်သည် ယခု တလောမှာ ဓာတ်စက်နားထောင်ဖို့အတွက် ဆိုင်ပိတ်ထား တာတောင် တွေ့ရသည်။

■

## ဓာတ်စက်ဆရာကြီးတို့သားအဖ ရွာကူးသွားကြ





သောအခါ ကိုထွန်းရွှေ၏အပ်ချုပ်ဆိုင် အလုပ်ပိတ်ရုံသာမက ဆိုင်တံခါးပါပိတ်သွားလေတော့သည်။ စုံစမ်းကြည့်သော အခါ ဓာတ်စက်နားထောင်ရန် နောက်တစ်ရွာကိုကူးလိုက် သွားသည်ဟု သိရသည်။

တစ်ပတ်ဆယ်ရက်လောက်ကြာမှာ မဝင်းမြကို ခိုးပြီးပြန်လာသော ကိုထွန်းရွှေကို ဆိုင်ပြန်ဖွင့်နေတာတွေ့ ရသည်။ ဓာတ်စက်ဆရာကြီးတို့သားအဖသုံးရွာလောက် အရောက်မှာ မဝင်းမြကို ခိုးလာတာဟုသိရသည်။ ဓာတ် စက်ဆရာကြီးခမြာမှာ ဓာတ်ပြားတွေထည့်သည့်သေတ္တာကို ရွက်မည့်သူမရှိတော့လို့ ဓာတ်စက်ကြီးကို တစ်ဖက်၊ ဓာတ် ပြားတွေကိုတစ်ဖက် တံပိုးနဲ့လျှိုထမ်းပြီး ခရီးဆက်သွား ရသည်ဟုသိရသည်။

အချစ်သူရဲကောင်းကြီး ကိုထွန်းရွှေ ပျော်မဆုံး မော်မဆုံးဖြစ်နေသည်။ ကိုထွန်းရွှေ၏ဇနီးဖြစ်လာသည့် ဓာတ်ပြားရွှေ၊ အပ်သွေးအစ်မချောချောလေး မဝင်းမြသည် ကျွန်တော်တို့ရွာနှင့် ဆယ်မိုင်သာဝေးသော မကျည်းတော ရွာဇာတိဟု သိရသည်။

မယားချောလေးရသူမို့ ပီတိတွေဖြာနေသော ကိုထွန်းရွှေကတော့ ရက်ချိန်းမမှန်၊ အမြန်မရ၍ အဆဲ အဆိုခံပြီး မချုပ်ဘဲပစ်ထားခဲ့သော အဝတ်အစားတွေကို



www.burmeseclassic.com

www.burmeseclassic.com



နေ့မအား၊ ညမအားပြန်ချုပ်နေတာတွေ့ရသည်။ အလုပ်ကြီးစားသလောက် မယားကိုမျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်မြတ်နိုးရှာသည်။ မဝင်းမြကလည်း ကိုထွန်းရွှေကို ဝိုင်းကူလုပ်ကိုင်ပေးသည်။ ကြယ်သီးတပ်ခြင်း၊ ကြယ်သီးကွင်းလက်ချုပ်လိုက်ခြင်းတွေကို ကူလုပ်ပေးသည်။

ကိုထွန်းရွှေ မဝင်းမြကို နိုးလာခဲ့ပြီဆိုသည့် သတင်းကိုကြားတော့ ကိုထွန်းရွှေ၏သူငယ်ချင်းတွေလာကြည့်ကြသည်။ မဝင်းမြကိုလာနှုတ်ဆက်ကြသည်။ ကိုထွန်းရွှေနှင့်အတူ မဝင်းမြကို ပြိုင်ပိုးခဲ့ကြသူတွေဖြစ်၍ မျက်နှာပူစရာတော့ကောင်းသည်။ သို့သော်လည်း ကာလသားအများစုက သူငယ်ချင်းကိုထွန်းရွှေကို ကံကောင်းသူအဖြစ် ဂုဏ်ပြုချီးကျူးချင်၍လာကြခြင်းဖြစ်သည်။

ကိုထွန်းရွှေ၏ သူငယ်ချင်းတွေထဲမှာ အများနှင့်မတူသူ တစ်ယောက်ပါနေသည်။ မဝင်းမြကို အပြိုင်ပိုးခဲ့သော်လည်း ကံဆိုးပြီးနောက်ဆုတ်ပေးလိုက်ရသည့် ရွာသူဌေးသားကိုအောင်တင်ဖြစ်သည်။ တစ်ခြားသူငယ်ချင်းတွေနှင့်အတူ ကိုထွန်းရွှေ၏အိမ်ကိုလာသော်လည်း ဂုဏ်ပြုချီးကျူးရန်လာတာမဟုတ်ဘဲ မဝင်းမြ၏အလှကို ပြန်လာကြည့်ပြီး မသိမသာပိုးပန်းရန်လာခြင်းဖြစ်သည်။ ကိုအောင်တင်၏ အတွင်းသဘောကို မဝင်းမြနှင့်ကိုထွန်းရွှေကသာမက





တခြားသူငယ်ချင်းတွေကပါ သိနေကြသည်။ မိန်းမနှင့်ပတ်သက်လာလျှင် ဣန္ဒြေမရဖြစ်ချင်သည့် ကိုအောင်တင်ဘက်က နှုတ်လွန်စကားလွန် ပြောမှားဆိုမှားဖြစ်လာပါက ကိုထွန်းရွှေက သည်းခံမည်မဟုတ်၍ ယဉ်ယဉ်ကျေးကျေးနှင်ထုတ်လိုက်ရသည်။

"ကဲ . . . သူငယ်ချင်းတို့အားလုံးကိုပဲ ကျေးဇူးအထူးတင်ပါတယ်။ ဒီလထဲမှာပဲ ညည့်ခံပွဲလုပ်ပါမယ်။ အဲဒီနေ့မှာတော့ သူငယ်ချင်းတို့ကို အထူးညည့်ခံပါ့မယ်။ အခုတော့ အလုပ်တွေလုပ်စရာရှိသေးလို့ပါ။ အားနာစရာတော့ကောင်းနေပြီ"

ယဉ်ယဉ်ကျေးကျေးပြောပြီး ပေါ်တင်ကြီးနှင်လိုက်ရသည်။ မဝင်းမြက အားနာလို့ မျက်နှာပျက်သွားသည်။ သူဌေးသားကိုအောင်တင်၏အကြောင်းကိုသိသည့် ကိုထွန်းရွှေက တခြားသူငယ်ချင်းတွေကိုတော့ အားနာသည်။ မဝင်းမြကို ကြည့်ကြည့်နေသည့် အောင်တင်၏မျက်လုံးတွေကိုကြည့်ပြီး သည်းမခံနိုင်တော့၍ ပြောလိုက်ရခြင်းဖြစ်သည်။ အောင်တင်ကိုနှင်ချင်၍ တခြားသူငယ်ချင်းတွေကိုပါ နှင်လိုက်ရသဖြင့် စိတ်မကောင်းဖြစ်မိသည်။ မဝင်းမြကိုလည်း သတိပေးစကားပြောထားလိုက်သည်။

"စောစောက အုပ်စုထဲမှာ ဟောဒီတိုင်ကိုမှီပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တဲ့ အောင်တင်ဆိုတဲ့အကောင်ကို မြလေးသတိထား၊ ဒီကောင်ဟာ လူ့ကျင့်ဝတ်သိက္ခာ စောင့်စည်းတဲ့အကောင် မဟုတ်ဘူး။ သူများသားမယားလည်း မရှောင်ဘူး၊ သူတစ်ပါး သားပျိုသမီးပျိုတွေကို တကယ်မယူဘဲ မြူဆွယ်ပြီး ဖျက်ဆီးနေတဲ့အကောင်၊ တစ်ခုလပ်က လူပျိုယောင်ဆောင်နေတာ၊ မိဘချမ်းသာတဲ့ အရှိန်အဝါနဲ့ ယုတ်မာမိုက်ရိုင်းနေတဲ့ အကောင်"

ကိုထွန်းရွှေ မပြောခင်ကပင် မဝင်းမြက ကိုအောင်တင်၏ မျက်လုံးတွေထဲမှာ ဒီအဖြေကို ရှာတွေ့ထားပြီး ဖြစ်သည်။ အတွင်းသိအစင်းသိ ကိုထွန်းရွှေက ပြောပြတော့ ပိုပြီး ပီပြင်မှန်ကန်သည့် အဖြေကိုရသွားသည်။ သတိထားရမည့် လူအဖြစ်မှတ်သားထားလိုက်သည်။ လူပုံလူသွေးသန့်ပြန့်သလောက် စာရိတ္တအောက်တန်းကျသူပါလားဟုလည်း သတိထားလိုက်မိသည်။

ကိုထွန်းရွှေ၏ အပ်ချုပ်ဆိုင်မှာ အခါတိုင်းထက် ပိုပြီးလူစည်ကားနေသည်။ လူဝင်လူထွက်ပိုများနေသည်။ မေတ္တာအောင်ပွဲဆင်လာခဲ့သည့် ကိုထွန်းရွှေကို ဂုဏ်ပြုချီးကျူးဖို့လာသူတွေနှင့် ဓာတ်စက်နားထောင်ပွဲ အရှိန်မသေသေးလို့ မဝင်းမြကိုလာကြည့်ရင်း အထည်လာအပ်သူတွေနဲ့ စည်ကားနေခြင်းဖြစ်သည်။ မဝင်းမြက အလိုက်သိစွာဖြင့်





မျက်နှာထွက်ပြပေးနေရသည်။ အားလုံးကို ပြုံးပြနေရသည်။

ကိုထွန်းရွှေ၏ အပ်ချုပ်ဆိုင်သည် ရွာလယ် လမ်းဆုံလမ်းခွက လူစည်ကားသည့်နေရာမှာ ရှိသည့်အတွက်၊ အကြောင်းအမျိုးမျိုးဖြင့် ဆိုင်ကိုဝင်ထွက်နေသူတွေများနေသည်။ အဓိကအကြောင်းကတော့ ဓာတ်စက်ဆရာကြီး၏ သမီး ဓာတ်ပြားရွှေ၊ အပ်သွေးသည့် မဝင်းမြလေးကို အလွမ်းပြေကြည့်ချင်၍ လာကြည့်ကြခြင်းဖြစ်သည်။

မဝင်းမြ ကိန္နရီချောင်းရွာကို ပြန်ရောက်လာပြီး တစ်ပတ်ဆယ်ရက်လောက်အကြာမှာ၊ ရပ်ရွာ၏ဓလေ့ ထုံးစံအတိုင်း မင်္ဂလာပွဲကျင်းပသည်။ ကြွရောက်ချီးမြှင့်ကြသူတွေကို မင်္ဂလာထမင်းဟင်းတို့ဖြင့်ညှော့ခံကျွေးမွေးသည်။ မဝင်းမြဘက်က မိဘမရှိ၍ ကိုထွန်းရွှေ၏ မိဘတွေနှင့် ရပ်ရွာက လူကြီးမိဘတွေကို ကန်တော့ကြသည်။ တရားဝင်လင်မယား အဖြစ်အသိအမှတ်ပြုကြပါရန် မေတ္တာရပ်ခံပန်ကြားကြသည်။ ရပ်ရွာလူကြီးတွေက အသိအမှတ်ပြုကြောင်းကတိပေးကြသည်။ ရပ်ရွာဓလေ့ထုံးစံအရ လုပ်ကြရခြင်းဖြစ်သည်။ အဲဒါ မလုပ်ဘဲ ရက်တွေလတွေကြာနေပါက အိမ်ကိုခဲကျမည် ဖြစ်သည်။

ရပ်ဓလေ့ရွာဓလေ့ ညှော့ခံပွဲပြီးသည့်နေ့ညနေမှာတော့ ကိုထွန်းရွှေ၏သူငယ်ချင်းတွေကို သီးသန့်ကျွေးမွေး



www.burmeseclassic.com

သည့် အထူးပွဲပြုလုပ်သည်။ ကာလသားခေါင်းထွန်းမောင်နှင့် ရွာက ကာလသားလူပျိုတွေ၊ အိမ်ထောင်ကျပြီးသူ သူငယ်ချင်းတွေ စုံစုံညီညီတက်ရောက်ကြသည်။ သောက်ကြစားကြသည်။ ကိုထွန်းရွှေပါ တစ်ခွက်တစ်ဖလားသောက်စကားပြောကောင်းရုံဝင်သောက်နေ၍ မဝင်းမြက တာဝန်ယူပြီးညှော်ခံနေရသည်။ စားသောက်နေကြသူတွေထဲမှာ ကိုထွန်းရွှေနှင့်အတူ မဝင်းမြကို ပြိုင်တူပိုးပန်းခဲ့သူတွေပါနေ၍ မျက်နှာပူပူ၊ ရှက်ကိုးရှက်ကန်းဖြင့် သောက်စားနေသူတွေရှိသည်။ ဣန္ဒြေမရဆုံးနှင့် မျက်နှာပြောင်အတိုက်ဆုံးက ကိုအောင်တင်ဖြစ်သည်။ အကြောင်းမရှိ အကြောင်းရှာပြီး မဝင်းမြ၏နာမည်ကို ခေါ်သည်။ အမြည်းထပ်ဖြည့်နိုင်းသည်။ ရေခွက်ကုန်သွားလို့ထပ်တောင်းသည်။ တစ်ချိန်တည်းမှာပဲ ကိုထွန်းရွှေကို မရေမရာစကားတွေ ပြောသည်။

"ထွန်းရွှေရာ မင်းကတော့ကံကောင်းပါတယ်ကွာ တို့ကတော့ ကံဆိုးသူတွေဆိုတော့ ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ ဒီနေ့မူးအောင်သောက်မယ်ကွ"

ကိုအောင်တင်သည် သူ့ခွက်လက်ကျန်ကိုမော့သောက်လိုက်ပြီး သူ့ခွက်ထဲကို အရက်ထပ်ဖြည့်သည်။ ကိုထွန်းရွှေ စိုးရိမ်သွားသည်။ အောင်တင်သည် နှုတ်မစောင့်လက်မစောင့်ဘဲ လွန်ကဲလာမှာကို စိုးရိမ်မိခြင်းဖြစ်သည်။ မိမိရဲ့အိမ်ထဲက မိမိရဲ့ညှော်ခံပွဲမှာ သူ့ဘက်က လွန်ကဲလို့



မိမိက မခံမရပ်နိုင်ဖြစ်ပြီး ဆွဲလားရမ်းလားဖြစ်ရပြီဆိုလျှင် ကျော် မကောင်းကြားမကောင်း ဖြစ်မည်။ မိမိက သတိထားပြီး သည်းခံရမည်ဟု တွေးမိသည်။ အတတ်နိုင်ဆုံး ပြုံးပြီး အလိုက်သင့်ပြန်ပြောလိုက်သည်။

"ဖူးစာဆုံလို့ ကြုံရတာပါကွာ၊ မူဒိတာပွားပြီး ဝမ်းသာလိုက်စမ်းပါ၊ တို့သူငယ်ချင်းတွေထဲမှာ မင်းက ကံအကောင်းဆုံး ပိုက်ဆံအချမ်းသာဆုံးပါကွာ"

"ဘာ . . ဘာ ကံကောင်းတာလဲ၊ ထွီ . . မုဒိတာမပွားနိုင်ဘူးကွ၊ မဝင်းမြလေးကို မင်းရသွားတာဟာ ဖူးစာဆုံလို့မဟုတ်ဘူးကွ မင်းအရှက်မရှိဘဲ သူ့ရဲ့မင်းရဲ့စီးပြီး မျက်နှာပြောင်တိုက်နိုင်လွန်းလို့ပါကွာ၊ ဟုတ်တယ်မဟုတ်လား ထွန်းမောင်"

ကာလသားခေါင်းထွန်းမောင်က ကိုထွန်းရွှေကို အားနာသည့်အကြည့်ဖြင့် လှမ်းကြည့်ပြီး ကိုအောင်တင်ကို လက်ကာပြသည်။ နောက်ထပ်စကားမပြောရန် တားလိုက်ခြင်းဖြစ်သည်။ ကိုထွန်းရွှေ ဒေါသဖြစ်နေပြီဆိုတာကို ရိပ်စားမိသူတွေက အောင်တင်ကို လက်တို့ပြီး သတိပေးကြသည်။ ကိုထွန်းရွှေကိုလည်း တောင်းပန်သည့်အကြည့်ဖြင့် ကြည့်ပြီး မျက်စိမှိတ်ပြထားကြသည်။ အားလုံးပင် ငါးပက်လောက်စီသောက်ပြီးကြပြီဖြစ်၍ သွေးကြွနေကြပြီဖြစ်သည်။ ပြဿနာဖြစ်လာလျှင် ချက်ချင်းပေါက်ကွဲနိုင်သည့် အနေအ

www.burmeseclassic.com



အနေမှာ ရှိနေကြသည်။ အောင်တင်က ရီဝေသော မျက်လုံးများဖြင့် အားလုံး၏မျက်နှာတွေကို တစ်ယောက်ပြီး တစ်ယောက်လိုက်ကြည့်ပြီး ထပ်ပြောသည်။

"ငါပြောတာ ဟုတ်သလား၊ မဟုတ်ဘူးလား၊ ဟေ့ကောင်ထွန်းမောင်၊ လွန်းရွှေ၊ တင်အောင်၊ မောင်သန်း၊ လှငွေ ပြောကြလေကွာ မင်းတို့ကဘာလဲ သတ္တိမရှိကြဘူးလား။ မဝင်းမြလေးကို မင်းတို့ငါတို့လည်း ပိုးခဲ့ကြတာပဲ၊ ဣန္ဒြေသိက္ခာနဲ့ပိုးခဲ့ကြတာပါ၊ ဒီကောင့်လိုပုံပျက်ပန်းပျက်၊ မပိုးမိခဲ့လို့ ကံဆိုးခဲ့ကြတာပါကွာ၊ အဲဒီတော့ ဝမ်းနည်းတဲ့အထိမ်းအမှတ်နဲ့ကဲ အားလုံးခွက်ကိုင်၊ သောက်လိုက်ကြစို့"

အောင်တင်က သူ့အရက်ခွက်ကို ကိုင်မြှောက်ပြီး မော့သောက်လိုက်မည်ပြုစဉ်၊ ကိုထွန်းရွှေက အောင်တင်၏လက်ထဲက အရက်ခွက်ကို ပုတ်ချလိုက်သည်။ ထိုင်နေရာမှ မတ်တတ်ရပ်ပြီး လုံချည်ပြင်ဝတ်လိုက်သည်။ အောင်တင်ကို ချလင်းခေါ်ပြီး ဆွဲထိုးပစ်နိုင်သည်။ အောင်တင်၏မျက်နှာကို ဆောင့်ကန်ပစ်နိုင်သည်။ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်မှာကို စိုးရိမ်သူတွေက ကိုထွန်းရွှေကို ဝိုင်းဆွဲထိန်းသိမ်းလိုက်ကြရသည်။ တချို့က အောင်တင်ကို ဆွဲခေါ်ပြီး အိမ်ပေါ်ကဆင်းသွားကြသည်။ အောင်တင်က ရှန်းရင်းကန်ရင်း အော်ပြောသွားသည်။

"ဟေ့ကောင် ထွန်းရွှေ တစ်နေ့ကျရင် မင်း ငါ့



အကြောင်းသိရစေ့မယ်ကွ"

အောင်တင်က တစ်နေ့ကျရင် သူ့အကြောင်းသိရစေမယ်ဆိုတာ ဘာကိုဆိုလိုမှန်း မသိဖြစ်နေကြသည်။ ကိုထွန်းရွှေကို ရိုက်မလား၊ သတ်မလား ဘာကိုဆိုလိုတာလဲ၊ ဝေခွဲမရဖြစ်ကြရသည်။ ကိုထွန်းရွှေက 'တောက်**တစ်**ချက်ပြင်းပြင်းခေါက်လိုက်သည်။ ပျော်စရာတွေဖြင့် စခဲ့သော မင်္ဂလာအရက်ဝိုင်းသည် အမင်္ဂလာရန်ပွဲဖြင့် အဆုံးသတ်သွားခဲ့လေသည်။

ကိုထွန်းရွှေနှင့် မဝင်းမြတို့ မင်္ဂလာဆွေခံပွဲပြုလုပ်ပြီးသောအခါ ရွာလယ်လမ်းဆုံလမ်းခွက အပ်ချုပ်ဆိုင်ရှိရာ ကိုထွန်းရွှေ၏မိဘများအိမ်မှ ရွာတောင်ပိုင်းကို ပြောင်းရွှေ့နေထိုင်ကြသည်။ ရွာတောင်ပိုင်းက လမ်းမတန်းတစ်နေရာမှာ ကိုထွန်းရွှေအိမ်ဝယ်လိုက်ခြင်းဖြစ်သည်။ အပ်ချုပ်ဆိုင်ရှိရာ သူ့မိဘများအိမ်နှင့် အိမ်ခြံမြေနှစ်ဆယ်အစိတ်ခန့်သာဝေးကွာသည်။

ကိုထွန်းရွှေသည် သူ့မိသားစုနှင့်ခွဲခွာပြီး ချစ်ဇနီးချောလေး မဝင်းမြနှင့် လွတ်လပ်စွာနေထိုင်သည်။ အပ်ချုပ်ဆိုင်ကိုတော့ လမ်းဆုံလမ်းခွက သူ့မိဘအိမ်ရှေ့က ဆိုင်လေးမှာပဲ ဆက်ထားသည်။ သူဝယ်ထားသည့်အိမ်သစ်မှ ငါးမိနစ်လောက် လျှောက်သွားလိုက်ရုံဖြင့် အပ်ချုပ်ဆိုင်ကို ရောက်သွားနိုင်သည်။ အရောင်းအဝယ်ကောင်းသည့် လူစည်

www.burmeseclassic.com

www.burmeseclassic.com



ကားရာ လမ်းဆုံလမ်းခွမှာ ဖြစ်၍ အချက်အခြာကျသည်။ ဈေးကွက်ကောင်းသည်။ ဆိုင်မပြောင်းဘူးဟု ဆုံးဖြတ်လိုက်သည်။

ကိုထွန်းရွှေနှင့် မဝင်းမြတို့၏ သာယာသည့် အိမ်ထောင်လေးကို ကြည့်ပြီး ဝမ်းသာကြသည်။ မုဒိတာပွားကြသည်။ ကိုထွန်းရွှေကလည်း ဇနီးချောရသူမို့ ပီတိတွေဖြာနေသည်။ မယားအလှ ရသူအဖြစ် ဂုဏ်ယူနေသည်။ ဆထက်တံပိုးတိုးပြီး အလုပ်ကိုကြိုးစားလုပ်သည်။ ချစ်ဇနီးချောလေးနှင့် ထွန်းကားလာမည့် သားသမီးလေးတွေ၏ နောင်ရေးအတွက် စီမံကိန်းဖြင့် တွက်ဆပြီး နေ့မအား ညမအား ကြိုးစားပြီး အလုပ်လုပ်သည်။ ပိုက်ဆံကိုကျစ်ကျစ်ပါအောင်စုသည်။ ကျားကုတ်ကျားခဲကြိုးစားသည်။ ပျားတုတ်ပျားစွဲစုဆောင်းသည်ဟု ပြောရမည်ဖြစ်သည်။

ကိုထွန်းရွှေနှင့် မဝင်းမြတို့ အိမ်ထောင်သက်ငါးနှစ်လောက်ကြာပြီး၍ သမီးလေးတစ်ယောက်ရပြီးသောအခါ ကျွန်တော်ရွာက ထွက်ခွာလာခဲ့ပါသည်။ ရန်ကုန်မြို့ကိုရောက်ပြီး ဘဝမျိုးစုံမှာ ကျင်လည်နေခဲ့ပါသည်။ သူတို့လည်း သူတို့ဘဝနှင့်သူတို့၊ ကျွန်တော်လည်း ကျွန်တော့်ဘဝနှင့် ကျွန်တော်မို့ ကိုထွန်းရွှေနှင့် မဝင်းမြကိုသာမက ကိန္နရီချောင်းရွာကိုပါ တစ်ခါတစ်လေ သတိမရနိုင်အောင် ဖြစ်နေခဲ့ပါသည်။



## အခန်း(၃)

ကျွန်တော် ရန်ကုန်မြို့ကိုရောက်ပြီး ငါးနှစ်လောက် အကြာမှာ ကျွန်တော်နေထိုင်ရာ သာကေတမြို့နယ်အိမ်ကို ကိုထွန်းရွှေရောက်လာပါသည်။ ကျွန်တော့်အစ်ကိုနှင့် ကိုထွန်းရွှေတို့သည် သက်တူရွယ်တူ ငယ်သူငယ်ချင်းတွေဖြစ်၍ ညှို့သည်အဖြစ်တည်းခိုရန်ရောက်လာခြင်းဖြစ်သည်။ ကိုထွန်းရွှေရောက်လာသည့် ပုံသဏ္ဌာန်က မှုမမှန်၍ အကဲခပ်စောင့်ကြည့်နေကြသည်။ ကိုထွန်းရွှေသည် တစ်ယောက်တည်းရောက်လာရုံသာမက အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ရောက်လာ၍ထူးဆန်းနေသည်။ ဘာဖြစ်လာတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စ နဲ့လာတာလဲလို့ မေးရမှာအားနာနေကြသည်။

ကိုထွန်းရွှေကို အားနာစရာမလိုသည့် ကျွန်တော့် အစ်ကို အလုပ်ထဲမှာ ညဂျူတီကျနေရာမှ ပြန်ရောက်လာတော့မှ မေးရတော့သည်။ မေးတော့လည်း ကိုထွန်းရွှေ၏ အဖြေက မရေမရာဖြစ်နေသည်။ စိတ်ပြေလက်ပျောက်ဖြစ်အောင် ရှာကထွက်လာတာပါဟု ဆိုသည်။ ကျွန်တော်တို့ ရှေ့မှာမို့ အမှန်အတိုင်းမပြောတာလို့ထင်လိုက်မိသည်။ ထင်သည့်အတိုင်း မှန်တာကို ညနေပိုင်းမှာပင် သိကြရတော့သည်။ ကျွန်တော့်အစ်ကိုနှင့်အတူ အရက်သောက်ရင်း ရင်ဖွင့်လိုက်ခြင်းဖြစ်သည်။

မဝင်းမြနဲ့ကိုအောင်တင်တို့ ဖောက်ပြန်ကြတာကို ကိုယ်တိုင်လက်ပူးလက်ကြပ်မိ၍ဒေါသလည်းထွက် ရှက်လည်းရှက်သဖြင့် ရွာကထွက်လာခဲ့သည်ဟုသိရတော့သည်။ ကျွန်တော်တို့ အကြီးအကျယ်အံ့သြသွားကြသည်။ ကိုထွန်းရွှေကိုယ်တိုင်မဟုတ်ဘဲ တစ်စုံတစ်ယောက်ကသာ ပြောမည်ဆိုလျှင် ယုံမည်မဟုတ်ပါ။ ကိုထွန်းရွှေကိုယ်တိုင်ပြောတာကိုတောင် မယုံနိုင်သေးဖြစ်နေ၍ သေချာအောင်မေးကြည့်မိသည်။

"ဟုတ်လို့လား အစ်ကိုကြီးရယ်၊ ဘယ်လိုယုံရမှန်းကို မသိဘူး"





"ဟုတ်တာပေါ့ကွာ၊ ငါကိုယ်တိုင် လက်ပူးလက်ကြပ်မိခဲ့တာပဲ"

"ဘယ်လိုဖြစ်ကြတာလဲ အစ်ကိုကြီးရယ် . . . စိတ်မကောင်းစရာပါလား"

ကျွန်တော်က ဘယ်လိုဖြစ်တာလဲလို့ မေးတော့ ဖြစ်တာကို ပြန်ပြောပြသည်။

ကျွန်တော် ရန်ကုန်ကိုထွက်လာသည့်နှစ်မှာပင် ကိုအောင်တင်လည်း မိန်းမရသည်ဟုဆိုပါသည်။ ကိုအောင်တင်သည် မိန်းမ မရခင်မှာရော ရပြီးမှရော မဝင်းမြကို အခါအခွင့်သင့်တိုင်း ကိုယ်အမူအယာ၊ နှုတ်အမူအယာပြပြီး ပိုးပန်းနေခဲ့သည်။ ကိုထွန်းရွှေလစ်ရင် လစ်သလို မဝင်းမြကို အတင်းမပွေ့ မေးထူးခေါ်ပြောလုပ်သည်။ မဝင်းမြက လွတ်အောင်ရှောင်သည်။ ကင်းအောင်နေသည်။

မဝင်းမြက ကင်းအောင်နေသော်လည်း ကိုအောင်တင်က အတင့်ရဲသည်ထက် ရဲလာသည်။ ကိုထွန်းရွှေကလည်း ကိုအောင်တင်ကို အလစ်မပေးဘဲ မားသွေးပြီး သတိဖြင့် စောင့်ကြည့်နေသည်။ ချစ်ဇနီးမဝင်းမြ၏ သစ္စာတရားကိုတော့ အကြွင်းမဲ့ယုံကြည်သည်။ ကိုအောင်တင်သည် မိဘပေးစားထားသည့် သားမယားရှိပါလျက် သူများမယားတွေကို ကျူးလွန်ဖို့ကြိုးစားနေတယ်ဆိုတာကို တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



လုံးကလည်း သိနေကြသည်။

တစ်ညအိပ်၊ နှစ်ညအိပ်ဆိုသလို အရပ်တကာ လှည့်လည်ပြီး ဆေးဝါးကုသပေးနေသော ရဟန်းလူထွက် ဆေးဆရာ၏ မယားကို သူယောက်ျားမရှိခိုက်မှာ အိမ်ပေါ် တက်ပြီးကြံစည်၍ ကျော်မကောင်းကြားမကောင်းဖြစ်သွားသည်။

ဆေးဆရာ၏မယားက ဓားဖြင့်ခုတ်၍လက်ကို ထိသွားသည်။ မှောင်ထဲမှာ သွေးသံရဲရဲဖြင့် သူ့အိမ်ကို ရောက်အောင် ပြေးသည်။ သူ့အိမ်ပေါ်ရောက်တော့မှ 'သူခိုး သူခိုး . . . ငါ့ကို ဓားနဲ့ခုတ်သွားပြီ'လို့အော်သည်။ အိပ်မောကျနေကြရာမှ နိုးလာကြသည့် သူ့မိသားစုက မီးခွက်ထွန်းပြီး ကြည့်လိုက်တော့ ယာဘက် လက်မနဲ့လက်ညိုးကြားမှာ ဓားဒဏ်ရာဟက်တက်ကြီးကွဲနေတာကို တွေ့ကြရသည်။ သူ့အိမ်ပေါ်ကို သူခိုးတက်လာတာမြင်လို့ သူခိုးကို ဝင်ဖမ်းတာမှာ သူခိုးက ဓားဖြင့်ခုတ်သွားတာဟုဆိုပါသည်။ သူ့မိသားစုက ပထမတော့ယုံကြသည်။ မိုးလင်းလာတော့ ရှက်စရာကောင်းသည့် သတင်းကို ကြားကြရတော့သည်။

ဆေးဆရာမယားက အိမ်နီးနားချင်းတွေကို ပြောပြရာမှ သတင်းက တစ်ရွာလုံးပျံ့သွားသည်။ လင်သားမရှိခိုက် အိပ်ယာနားမှာ ငှက်ကြီးတောင်ဓားကို ထားပြီး သတိဖြင့်





အိပ်နေသော သူမ၏အိမ်ပေါ်ကို ညသန်းခေါင်ကျော်အချိန်မှာ လူတစ်ယောက်တက်လာသည်။ မှုန်ဝါးဝါးလရောင်အောက်မှာ ဘယ်သူဘယ်ဝါဆိုတာကို ကွဲပြားစွာမသိရသော်လည်း အရပ်အမောင်းနှင့် လမ်းလျှောက်ပုံက ကိုအောင်တင်နှင့်တူနေသည်။ ကိုအောင်တင်ပဲ ဖြစ်ရမည်ဆိုပြီး အိပ်ယာဘေးမှာ အသင့်ချထားသည့်ဓားကို ကိုင်လိုက်သည်။ အသံမပေးဘဲ အသာထပြီး အသင့်ပြင်ထားလိုက်သည်။ ဘာပစ္စည်းကိုမှ မယူဘဲ ကာမတစ်ခုတည်းကိုသာ ရယူလိုသည့် သူခိုးသည် သူမရှိရာဘက်ကို တရွေ့ရွေ့စမ်းပြီး လျှောက်လာနေစဉ် ပြေးဝင်ပြီး ဓားဖြင့်ခုတ်လိုက်တော့သည်ဟုဆိုပါသည်။

သတိရှိသော သူခိုးသည် အိမ်ရှင်မခုတ်လိုက်သည့် ဓားချက်ကို ယာဘက်လက်ဖြင့်မြှောက်ကာလိုက်သည်။ လက်ကိုဓားထိသွားတော့မှ အိမ်ပေါ်ကခုန်ဆင်းထွက်ပြေးသွားသည်ဟုဆိုပါသည်။ နံနက်မိုးလင်းသောအခါ မိမိအိမ်ပေါ်မှ စပြီးစီးကျသွားသည့် သွေးစက်တွေကို ခြေရာခံပြီး လိုက်ကြည့်ရာ ကိုအောင်တင်၏ အိမ်ခြံဝမှာ ရပ်တန့်သွားသည်ဟုဆိုပါသည်။

ကိုအောင်တင်၏ မိသားစုကလည်း သူတို့အိမ်ပေါ်ကို သူခိုးတက်ပြီး သူခိုးက ကိုအောင်တင်ကို ဓားဖြင့်ခုတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်ဟုပြောနေသည့်အချိန်မှာ ဆေးဆရာမယား၏ ပြောစကားကိုကြားကြရပြန်တော့ ရွာသူရွာသားတွေ နှာရှုံ့ကုန်ကြသည်။ ဒါပေမယ့် ဆေးဆရာမယားအိမ်ကစသည့် သွေးစက်တွေနှင့် ကိုအောင်တင်၏စာရိတ္တတို့က ဘယ်သူ့စကားအမှန်ဆိုတာကို ပြောစရာမလိုအောင် သိနေကြသည်။ ဆေးဆရာမယားကလည်း ရုပ်မချောပေမယ့်၊ လုံးကြီးပေါက်လှ၊ သားသမီးမရသေးသည့် ဖြောင့်ဖြောင့် တောင့်တောင့်ကြီးဖြစ်၍ ကိုအောင်တင်မျက်စိကျစရာကြီးဖြစ်နေသည်။

မဝင်းမြလို ဖြူဖြူချောချောကိုလည်း ကြံစည်သည်။ ဆေးဆရာမယားလို ညိုညိုတောင့်တောင့်ကိုလည်း အခမ့ကြံဖို့ကြိုးစားသည်။ မိန်းမဆိုလျှင် သူများသားမယားကိုပင် မရှောင်ကျဉ်သည့် ကိုအောင်တင်ကို တစ်ရွာလုံးက အော့နှလုံးနာနေကြသည်။ ဒီလိုလူနဲ့မှ မဝင်းမြက ဖောက်ပြန်သည်ဆို၍ ကျွန်တော်တို့အံ့သြမိသည်။

"တခြားလူနဲ့သာဆိုရင် မလိမ္မာလို့ တစ်ကြိမ်တစ်ခါ မိုက်မှားမိတာဆိုပြီး ငါခွင့်လွှတ်နိုင်ပါတယ်ကွာ၊ အခုတော့ ဒီကောင် အောင်တင်နဲ့မှ ဖြစ်ရသလားဆိုပြီး၊ ငါခွင့်မလွှတ်နိုင်လို့ သူ့ကိုစွန့်ပစ်ခဲ့ပြီကွာ၊ ငါဘာမှမယူခဲ့ဘူး၊ အားလုံးထားပစ်ခဲ့တယ်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့





အိမ်ပေါ်က ဆင်းလာခဲ့တယ်။ အိမ်၊ ခြံ၊ မြေ၊ ရွှေငွေ အတွင်းပစ္စည်းနဲ့ သမီးလေးကိုပါ ထားခဲ့ပြီး ငါထွက်လာခဲ့တယ်ကွာ"

ကိုထွန်းရွှေပြောပြီး ငိုပါသည်။ သူ့နေရာမှာ ကျွန်တော်သာဆိုလျှင် ဘယ်လိုနေမလဲဟု တွေးကြည့်မိသည်။ ရာဇဝတ်မှု တစ်ခုခုဖြစ်သွားနိုင်သည်။ ကိုထွန်းရွှေသည် ကိုအောင်တင်ကိုရော၊ မဝင်းမြကိုပါ ဘာမျှမလုပ်ခဲ့ဘဲ၊ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ခြေဦးတည့်ရာ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ အရူးကြီးတစ်ယောက်လို ရောက်လိုရာ ရောက်စေတော့ဆိုပြီး လျှောက်လာရာမှ တစ်လလောက်အကြာမှာ ရန်ကုန်မြို့ကို ရောက်လာခဲ့ခြင်းဖြစ်သည်။

မဝင်းမြ ကိုအောင်တင်နဲ့ဖောက်ပြန်တာကို လက်ပူးလက်ကြပ်ဖမ်းမိပါတယ်လို့ တစ်ခြားသူတစ်ယောက်ကသာ လာပြောမယ်ဆိုလျှင် ကျွန်တော်တို့ဘယ်လိုမှယုံမည်မဟုတ်ပါ။ အခုတော့ ကိုထွန်းရွှေက သူ့ကိုယ်တိုင်ဖမ်းမိတာပါလို့ ပြော၍သာယုံကြရတော့သည်။ ပိုပြီး သေချာအောင်နှင့် ပီပီပြင်ပြင်သိချင်၍ မေးကြည့်မိသည်။

"အစ်ကိုကြီး ကိုယ်တိုင် ဖမ်းလို့မိတာဆိုတော့ ဘယ်အချိန်၊ ဘယ်နေရာမှာ မိတာလဲ၊ ကျွန်တော်တို့ သိချင်တယ် အစ်ကိုကြီးရယ်၊ အဖြစ်အပျက်နဲ့တကွ တိတိကျကျ ပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တွေက မယုံနိုင်လို့ပေးနေကြတယ် ဆိုတာကို သိသော ကိုထွန်းရွှေက အစမှ အဆုံးအကုန်လုံး ပြောပြပါသည်။

■

ကိုထွန်းရွှေသည် အပ်ချုပ်ဆိုင်ကို သူ့အမေ အိမ်မှ လက်ရှိသူနေထိုင်ရာ အိမ်ကို မရွှေမပြောင်းဘဲထားခဲ့ တာက စပြီး မှားလာခဲ့သည်။ မူလအပ်ချုပ်ဆိုင်နေရာသည် အကွဲ့ကွက်အကွင်းကျသည်။ ဈေးနှင့်နီးသည်၊ လာဘ်ကောင်း သည်ဆိုပြီး အိမ်ပြောင်းသော်လည်း၊ ဆိုင်မပြောင်းဘဲ အလုပ်လုပ်နေခဲ့သည်။ နေတာက တစ်နေရာ၊ အလုပ်လုပ် ရတာက တစ်နေရာဖြစ်နေသည်။ အိမ်နှင့်ဆိုင်၏အကွာ အဝေးသည် ခပ်သွက်သွက်လျှောက်သွားလျှင်တောင် ဆယ်မိနစ်လောက်ကြာအောင် လျှောက်မှရောက်နိုင်မည့် အကွာအဝေးမှာ ရှိနေသည်။ အဲဒီလိုအိမ်နဲ့ဆိုင် ဝေးကွာ နေတာသည်ပင် မဝင်းမြနှင့် ကိုအောင်တင်တို့ ဖောက် ပြန်ဖို့ အခွင့်သာအောင် ဖန်တီးပေးထားသလို ဖြစ်နေသည်။

ကိုထွန်းရွှေသည် ဇနီးနှင့်သမီးလေး၏ နောင်ရေး ကိုတွေးပြီး နေဝင်မိုးချုပ်သည့်တိုင်အောင် အလုပ်ကို ကြိုး စားပြီးလုပ်သည်။ ရာသီအလိုက် ကျင်းပသည့်ပွဲတော်ရက်





တွေ နီးလာလို့ အပ်ထည်တွေစုပုံကျလာလျှင် ည သန်း ခေါင်သန်းလွဲတိုင်အောင် အလုပ်လုပ်ရသည့်အခါတောင် ရှိ သည်။ ဇနီးကိုညမှ တွေ့ရသည်။ သမီးကို ကျောင်းပိတ် ရက်မှာသာတွေ့ရသည်။ ကိုထွန်းရွှေဆိုင်ပိတ်ပြီး အိမ်ပြန် ရောက်ချိန်မှာ သမီးလေးအိပ်ပျော်နေပြီဖြစ်သည်။ ရေမိုး ချိုး၊ ထမင်းစားပြီးတာနဲ့ အိပ်ရာထဲဝင်ရတော့သည်။ တစ် နေကုန် ပင်ပန်းလာသည့် ကိုထွန်းရွှေမှာ ခေါင်းအုံးနှင့် ခေါင်းထိတာနဲ့ အိပ်ပျော်သွားတော့သည်။

တစ်ခါတလေ မိုးမလင်းမီ တစ်ရေးနိုးလာသော အခါ လုံးဝအိပ်မပျော်၍ မျက်စိမှိတ်ပြီး မှိန်းနေသော မဝင်း မြကို တွေ့ရသည်။ တစ်စုံတစ်ခုကို အလိုမကျ၍ တလူးလူး လှုပ်၊ တရွရွဖြစ်နေတာကိုလည်း သတိထားမိသည်။ (ဘာ ဖြစ်လို့ မအိပ်သေးတာလဲ။ ဘာဖြစ်နေတာလဲ) လို့ မေး တော့လည်း ဘာမှမပြောဘဲ၊ တစ်ဘက်ကိုလှည့်ပြီး စောင်း အိပ်သွားသည်။ မရမက အတင်းအဓမ္မမေးတော့မှ (ဘာမှ မဖြစ်ဘူး) ဟု လေသံပြတ်ဖြင့် ဖြေသည်။

မဝင်းမြက ဘာမှမဖြစ်ဘူးဆိုတော့ အလုပ် ပင် ပန်းနေသည့် ကိုထွန်းရွှေက စိတ်ချလက်ချ အိပ်မောကျ သွားပြန်သည်။ မိုးလင်းလို့ ကိုထွန်းရွှေ အိပ်ရာကနိုးလာ သည့်အခါ မဝင်းမြနှင့် သမီးလေးတို့ အိပ်ပျော်နေကြဆဲပင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်။

တစ်ခါတလေမှာတော့ မဝင်းမြသည် အိပ်မပျော်ပါဘဲလျက် ကိုထွန်းရွှေ အိပ်ရာကနိုးတာကို မသိယောင်ဆောင်ပြီး အိပ်ပျော်နေဟန်ဆောင်နေတာကို သတိထားမိသည်။ ကိုထွန်းရွှေက မဝင်းမြနှင့် သမီးလေးတို့ အိပ်ရေးဝရအောင် အိပ်ပါစေဆိုပြီး မနိုးတော့ဘဲ ဆိုင်ဖွင့်ရန် ထွက်ခွာသွားလေ့ရှိသည်။

တစ်ခါတလေ မရှိသေစကားပြောရမလို ဖြစ်နေသည်။ ကိုထွန်းရွှေက အလုပ်သွားခါနီး သမီးလေး အိပ်ပျော်နေတုန်းမှာ မဝင်းမြကို ဖက်ပွေ့နမ်းရှုံ့လုပ်မိသည်။ မဝင်းမြက အိပ်ချင်တယ်ဆိုပြီး တွန်းဖယ်ပစ်သည်။ ကိုထွန်းရွှေက မဝင်းမြကိုသနားလို့ တကယ်အိပ်ချင်နေတယ်ထင်လို့ ဆန္ဒတွေကို ချိုးနှိမ်မျိုသိပ်ပြီး အပ်ချုပ်ဆိုင်ကို ထွက်ခွာခဲ့ရသည်က မကြာခဏဖြစ်သည်။

ဒီအခြေအနေမှာ မဝင်းမြကို တစ်ကျော့ပြန် ပိုးပန်းနေသည့် ကိုအောင်တင်၏ လှုပ်ရှားမှုကို သတိထားမိသူတွေက ကိုထွန်းရွှေကို သတိပေးကြသည်။ ကိုအောင်တင်သည် အကြောင်းမရှိ၊ အကြောင်းရှာပြီး ကိုထွန်းရွှေ၏ အိမ်နားကိုလာသည်။ ကိုထွန်းရွှေ၏ အိမ်ရှေ့တည့်တည့်က အိပ်ပေါ်မှာ ထိုင်ပြီး မဝင်းမြကြားလောက်အောင်





လေသံမြှင့်ပြီး စကားပြောသည်။ အရေမရ အဖတ်မရသည့် ထွေရာလေးပါးတွေကို ပါးစပ်ကပြောနေသော်လည်း မျက်လုံးတွေက မဝင်းမြရှိရာ ကိုထွန်းရွှေ၏အိမ်ထဲကိုပဲ လှမ်းလှမ်းကြည့်နေသည်။ ပတ်ဝန်းကျင်အိမ်တွေကလည်း ကိုအောင်တင်ဟာ မဝင်းမြကို လာပိုးနေတယ်ဆိုတာကို သိနေကြသည်။ သိနေသူတွေက မဝင်းမြကို ချစ်လို့၊ ကိုထွန်းရွှေကို ခင်လို့၊ ကိုအောင်တင်ကို အမြင်ကပ်လို့ ကိုထွန်းရွှေကို သတိပေးကြသည်။

ကိုထွန်းရွှေက မဝင်းမြ၏ ကိုယ်ကျင့်တရားနှင့် လင်သားအပေါ်မှာထားသည့် သစ္စာ၊ မေတ္တာတရားတို့ကို အကြွင်းမဲ့ယုံကြည်သည့်အပြင်၊ ကိုအောင်တင်လို ရုပ်သိရှာကျော် လော်လီဖေါက်ပြားနေသည့် ယောက်ျားပြည့်တန်ဆာ၊ လူယုတ်မာကို စိတ်ကူးထဲတောင် ထည့်လိမ့်မည်မဟုတ်ဟု ထင်ထားခဲ့သည်။

ကိုအောင်တင်သည် လင်ရှိမယား မဝင်းမြကို မသိမသာရော သိသိသာသာပါ ပိုးပန်းနေတယ်ဆိုတာကို ကိုထွန်းရွှေ၏ သူငယ်ချင်းတွေနှင့် အိမ်နီးနားချင်းတွေကသာမက ကိုထွန်းရွှေ၏မိဘတွေကပါ သတိပေးစကား ပြောကြားလာသည်။ မိမိ သားမယား၏ ကိုယ်ကျင့်တရားနှင့် သစ္စာတရားကို ယုံကြည်ပြီး စိတ်ချလက်ချ လွတ်မထား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ သတိပေးစကားပြောကြားလာသည်။

ကိုထွန်းရွှေ၏ အမေပြောတာ မှတ်သားစရာကောင်းသည်။ မိန်းမသားချင်းမို့ ဖြစ်နိုင်ချေရှိသည့်အတွင်းသဘောကို သိနေ၍ သတိပေးတာဖြစ်မည်။

"သားရေ သူများစကားတွေကို အမေ မယုံပါဘူးကွယ်။ သမီးလေး မဝင်းမြရဲ့ ကိုယ်ကျင့်တရားကိုသာ အမေယုံပါတယ်။ ဒါပေမယ့် သစ်ငုတ်တောင်နှံ့ပါများတော့ နှံ့တယ်နော်။ နှူးပါများတော့ နူးတယ်။ ချော့ပါများတော့ ပျော့တယ်။ ပျော့တော့ နှိုက်ရတာ လွယ်တယ်။ ကိုင်ရတာကောင်းတယ်။ မိန်းမဆိုတာ အချော့ကြိုက်တယ်။ ယုယတာ ခံချင်တယ်။ ချော့ပေါင်းတဲ့သူနဲ့တွေ့ရင် ပျော့ပျောင်းသွားတတ်တယ်နော်"

ကိုထွန်းရွှေသည် မဝင်းမြ၏ ကိုယ်ကျင့်တရားကို အထင်ကြီး လေးစားသည့်အတွက် သူ့မိခင်၏ သတိပေးစကားကို အလေးမထားဘဲ နေခဲ့မိသည်။ ကိုအောင်တင်လို တစ်ရွာလုံးက ရွံမုန်းနေသည့် လူယုတ်မာရဲ့ အမြူအဆွယ်ကြောင့်တော့ မဝင်းမြက ဘယ်တော့မှ သူ့အပေါ်မှာ သစ္စာဖောက်လိမ့်မည် မဟုတ်ဟု ယုံကြည်နေခဲ့သည်။ ဒါကြောင့်လည်း အေးအေးပေါ့ပေါ့ပင် နေခဲ့မိသည်။

ကိုထွန်းရွှေ၏ ဘဝတစ်သက်တာမှာ မမေ့နိုင်စရာ





နှင့် ကိုယ့်မျက်စိကိုတောင် ကိုယ် မယုံနိုင်အောင် ဖြစ်ရသည့် အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့ရသည့်နေ့တစ်နေ့သည် ကံဆိုးစွာ ရောက်လာခဲ့သည်။ မဝင်းမြ၏သစ္စာ၊ မေတ္တာနှင့် ကိုယ်ကျင့်တရားတို့ကို ယုံကြည်စိတ်ချပြီး ပျော်ရွှင်စွာ အလုပ်လုပ်နေသော ကိုထွန်းရွှေရှိရာ အစ်ချုပ်ဆိုင်ကို ပြေးလာပြီး ပြောသူတွေ၏ စကားတွေကို ကြားရသော အခါမှာလည်း ကိုယ့်နားကိုယ်ပင် ကိုယ်မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။

ကိုထွန်းရွှေ၏ အိမ်နီးနားချင်းတွေထဲက အမျိုးသမီးတစ်ယောက်နှင့် ကလေးငယ်တစ်ယောက်တို့က ကိုထွန်းရွှေ၏ အိမ်ပေါ်ကို ကိုအောင်တင်တက်သွားတာ မြင်လိုက်၍ ပြေးလာပြောကြခြင်းဖြစ်သည်။ အိမ်နောက်ဘက် မီးဖိုဆောင်တံခါးပေါက်မှ တက်သွားတာကို မြင်လိုက်သည်ဟုဆိုသည်။ အခုပဲ တက်သွားတာဖြစ်လို့ အိမ်ပေါ်မှာရှိနေသေးသည်၊ ပြေးလိုက်လျှင် မီသေးသည်ဟု ဆိုကြသည်။

ကိုထွန်းရွှေသည် မယုံနိုင်၍ ကြက်သေသေပြီး ကြောင်နေသေးသည်။ အိမ်နောက်ဘက်ရှိ မီးဖိုဆောင်မှ အိမ်သာနှင့် ရေတွင်းဘက်ကိုထွက်သည့် တံခါးပေါက်သည် ကိုထွန်းရွှေအိမ်မှာ မရှိသည့်နေ့လယ်နေ့ခင်းအချိန်မှာ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားလေ့ရှိသည်။ ဒီနေ့ ဘာကြောင့် ပွင့်နေပြီး အောင်တင်အလွယ်တကူ အိမ်ပေါ်ကို တက်သွားနိုင်သလဲဟု အပြေးအလွှား စဉ်းစားမိသည်။ အောင်တင် အိမ်ပေါ်မှာ ရှိနေသေးသည်။ ပြေးလိုက်လျှင် မီသေးသည်ဆို၍ ကိုထွန်းရွှေ ဆိုင်ပေါ်က ခုန်ဆင်းပြီး ပြေးလိုက်သွားသည်။ ချုပ်လက်စအဝတ်ပိုင်းလေးက စက်ခုံပေါ်မှာ အပ်ထိုးလျက် တန်းလန်းကြီး ကျန်နေခဲ့သည်။ ဆယ်မိနစ်ခန့် လမ်းလျှောက်ပြီးသွားရသည့်ခရီးကို ပြေးသွားသည့်အတွက် သုံးမိနစ်ခန့်ဖြင့် အိမ်ကိုရောက်သွားသည်။ သူ့ကို သတင်းလာပို့သည့် အမျိုးသမီးနှင့် ကလေးတို့လည်း သူ့နောက်က ပြေးလိုက်လာကြ၍ သူနှင့်အတူပင် သူ့အိမ်ရှေ့ကို ရောက်လာခဲ့ကြသည်။

ကိုထွန်းရွှေ သူ့အိမ်ရှေ့ကို ရောက်သောအခါ သူ့အိမ်၏ အနေအထားသည် အခါတိုင်းလိုပင် ဘာမှထူးခြားနေတာမတွေ့ရ၍ အောင်တင် အိမ်ပေါ်မှာ ရောက်နေတယ်ဆိုတာ ဟုတ်ပါ့မလားဟု သံသယဝင်မိသေးသည်။ အောင်တင် ဒါလောက် လက်ရဲဇက်ရဲ ငါ့ကိုစော်ကားရဲပါ့မလား။ ငါ့မိန်းမ မဝင်းမြသည် အောင်တင်ကို အလိုတူ အလိုပါ လက်ခံပါ့မလား။ အောင်တင် ငါ့အိမ်ပေါ်မှာရှိနေပြီး မဝင်းမြကလည်း အလိုမတူပါဘဲလျက် ဘာကြောင့် အခုလို



ငြိမ်သက်နေတာလဲ။ မဝင်းမြက အလန့်တကြားအော်ဟစ်ဆူညံစွာ အကူအညီတောင်း၍ အိမ်နီးနားချင်းတွေ ဝိုင်းလာပြီး ရုတ်ရုတ်သဲသဲဖြစ်နေသင့်သည်။ အခုတော့ အိမ်ရှေ့တံခါးလည်း အခါတိုင်းလိုပဲ ပွင့်နေသည်။ အိမ်ထဲမှာလည်း လူမရှိသည့်အလား တိတ်ဆိတ်နေသည်။ အောင်တင်သည် မဝင်းမြကို အသံမထွက်နိုင်အောင် လည်မျိုကို ညှစ်ပြီး ဘာလက်ကာယပြုနေပြီလား။ အပြေးအလွှား စဉ်းစားရင်း မဝင်းမြကို အော်ခေါ်ပြီး အိမ်ပေါ်ကို ပြေးတက်သွားသည်။

"မြ...မြ...မြလေး"

ကိုထွန်းရွှေ မဝင်းမြကို အော်ခေါ်ပြီး အိမ်ပေါ်ပြေးတက်လာသည်နှင့် တစ်ပြိုင်နက် ကိုထွန်းရွှေနှင့် မဝင်းမြတို့အိပ်သည့် အိပ်ခန်းတံခါး ဂုန်းခနဲပွင့်သွားပြီး ကိုအောင်တင်ပြေးထွက် ခုန်ဆင်းသွားတာကို မြင်လိုက်ရသည်။ ကိုထွန်းရွှေ အကြီးအကျယ် တုန်လှုပ်အံ့ဩသွားသည်။ စိုးရိမ်စိတ်ဖြင့် အိပ်ခန်းထဲကို ပြေးဝင်ကြည့်လိုက်သောအခါ မဝင်းမြကို မြင်တွေ့လိုက်ရသည့် မြင်ကွင်းက မယုံနိုင်စရာ ခံပြင်းစရာ၊ ဒေါသထွက်စရာဖြစ်နေပါတော့သည်။ မဝင်းမြသည် မတ်တပ်ရပ်လျက် ခေါင်းငုံ့ထားသည်။ အင်္ကျီ ပြုတ်နေသည့် အပေါ်ကြယ်သီးကို ပြန်တပ်နေသည်။ ကို

www.burmeseclassic.com

www.burmeseclassic.com



ထွန်းရွှေက အံ့ကြိတ်ပြီး စိုက်ကြည့်နေစဉ်မှာပင် မဝင်းမြသည် တုန်တုန်ပြီး ရှိုက်ရှိုက်ငိုနေသည်။

ကိုထွန်းရွှေနားမလည်နိုင်အောင် ဖြစ်နေသည်။ မဝင်းမြသည် ကိုထွန်းရွှေ၏ အော်ခေါ်သံကို ကြားပါလျက် ဘာကြောင့်ပြန်မထူးတာလဲ။ လာပါ၊ ကယ်ပါလို့ ဘာကြောင့် မပြောတာလဲ။ မဝင်းမြ၏ အင်္ကျီအပေါ်ကြယ်သီးက ဘာကြောင့်ပြုတ်သလဲ။ ကိုထွန်းရွှေကိုမြင်တော့မှ ခေါင်းငုံ့ထားပြီး အင်္ကျီကြယ်သီးကို ပြန်တပ်တာဟာ ဘာကြောင့်လဲ။ ရင်သားနှစ်မွှာပေါ်အောင် ပြုတ်နေသည့် အင်္ကျီကြယ်သီးကို မိမိရှေ့မှာ ပြန်တပ်စရာလိုသလား။ ကိုထွန်းရွှေ နားမလည်နိုင်အောင် ဖြစ်ရ၍ မဝင်းမြကို ခပ်ထန်ထန်အသံဖြင့် မေးမိသည်။

"ဒါဘယ်လို ဖြစ်တာလဲ၊ ဘာသဘောလဲ"

မဝင်းမြသည် ကိုထွန်းရွှေ၏ အမေးကို မဖြေဘဲ နှုတ်ပူးသလို တုန်ပြီး ရှိုက်ရှိုက်ငိုနေသည်။ ဘာသဘောလဲဆိုတာကို ကိုထွန်းရွှေ ဝေခွဲမရဖြစ်နေသေးသည်။ အတင်းအဓမ္မ စော်ကားခံလိုက်ရတာလား။ အလိုတူအလိုပါ ဆန္ဒဖြင့် မရှန်းမကန်ဘဲ ငြိမ်ခံလိုက်တာလား။ အောင်တင်နဲ့ မဝင်းမြတို့ တစ်ခုခုဖြစ်ခဲ့ကြတာကတော့ သေချာသည်။ ဖြစ်ခဲ့တာကလည်း မိမိတို့ လင်မယားအိပ်သည့် အိပ်ခန်း





ထဲမှာ ဖြစ်ခဲ့ကြသည်။ သမီးလေး ကျောင်းတက်နေချိန် မိမိက အပ်ချုပ်ဆိုင်မှာ အလုပ်လုပ်နေချိန်၊ နေ့လယ်ကြောင်တောင်အချိန်မှာ ဖြစ်ခဲ့သည်။ အောင်တင် အိပ်ခန်းအတွင်းမှ ပြေးထွက်၊ ခုန်ဆင်းသွားပြီး အိပ်ခန်းထဲမှာ ကျန်နေခဲ့သည့် မဝင်းမြ၏ ပုံပန်းသဏ္ဍာန်နှင့် ဟန်ပန်၊ အမူအယာတွေက မူမမှန်။ မရိုးသားသည့် အသွင်သဏ္ဍာန်တွေရသည်။ ကိုထွန်းရွှေ ဒေါသထွက်ပြီး စိတ်မရှည် ဖြစ်လာ၍ အော်ဟစ်စစ်ဆေးမေးမြန်းမိသည်။

"နင် ငါမေးနေတာကို မကြားဘူးလား"

အိမ်ထောင်သက် ဆယ်နှစ်ကြာကာလအတွင်းမှာ တစ်ဦးကို တစ်ဦးက မြရေ အစ်ကိုရေလို့သာ ခေါ်ပြောခဲ့ကြသည်။ နင်နဲ့ငါလို့ တစ်ခါမျှ မခေါ်မပြောခဲ့ဘူးပါလျက် ဒေါသထွက်လွန်း၍ စိမ်းစိမ်းကားကား ခေါ်ပြောပြီဆိုတာကို ရိပ်စားမိသည့် မဝင်းမြ အလန့်တကြား ဖြစ်သွားသည်။ သစ္စာရှိသော၊ ရိုးသားသော လင်ကို ကြောက်ပြီး တုန့်ပြန်လှုပ်ရှားလိုက်သည့် မဝင်းမြ၏ အပြုအမူက ပိုဆိုးသွားလေတော့သည်။

မဝင်းမြသည် တုန်တုန်ယင်ယင်ဖြင့် ရပ်နေရာမှ ဖြည်းဖြည်းထိုင်ချလိုက်သည်။ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဒေါသတကြီး ရပ်နေသည့် ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေ၏ရှေ့မှာ မယ်ကြုံ့ထိုင်သည်။ ကိုထွန်းရွှေကို လက်အုပ်ချီမိုး ရှိခိုးကန်တော့သည်။ လက်အုပ်ချီလျက် ကိုထွန်းရွှေကို မော့ကြည့်ပြီး ငိုသံပါကြီးဖြင့် ပြောသည်။

"မြရှင်းပြပါ့မယ် အစ်ကိုရယ်"

မဝင်းမြက ရှင်းပြပါ့မယ်ဆိုကတည်းက ကိုအောင်တင်နှင့် မဝင်းမြတို့အကြားမှာ ရှင်းရမည့် ပြဿနာတစ်ခုရှိနေပြီဆိုတာ သေချာသည်။ ရှိခိုးဦးချ ကန်တော့ရတယ်ဆိုကတည်းက မဝင်းမြမှာ ကိုအောင်တင်နှင့် ပတ်သက်သည့် အပြစ်တစ်ခုရှိနေပြီဆိုတာကလည်း သေချာနေပြီဟု ကိုထွန်းရွှေ နားလည်သဘောပေါက်လိုက်သည်။ အောင်တင်ဆိုတဲ့အကောင်နဲ့ မိမိရဲ့ဇနီးမယားကို ဘယ်လိုပြဿနာမျိုးနဲ့မှ မပတ်သက်စေချင်၊ ပတ်သက်လာလျှင်လည်း ဘယ်အတိုင်းအတာအထိကိုမှ ခွင့်မလွှတ်နိုင်သည့် ကိုထွန်းရွှေက ဒေါသတကြီး အော်ပြောလိုက်မိသည်။

"မလိုပါဘူး၊ ဘာရှင်းစရာလိုသေးလို့လဲ။ ရှင်းနေပြီပဲ"

မဝင်းမြသည် လက်အုပ်ချီလျက် နတ်ဝင်ပူးသလိုတဆတ်ဆတ် တုန်နေသည်။ အာစေးထည့်ထားခံရသလိုဖြစ်ပြီး၊ ဘာဆက်ပြောရမှန်း မသိ၍ ကိုထွန်းရွှေ၏ ခြေအစုံကို လှမ်းဖက်လိုက်သည်။ ခြေထောက်ကို ဖက်ပြီး





တောင်းပန်ရန် ရည်ရွယ်ဟန်တူသည်။ အောင်တင်နှင့် ပတ်သက်လျှင် ဘယ်လိုပင် တောင်းပန်သည့်တိုင် ခွင့်မလွှတ်နိုင်ဆိုသည့် ကိုထွန်းရွှေက သူ့ခြေထောက်တွေကို မဝင်းမြ၏ လက်ထဲမှ ရုန်းကန်ခုန်ထွက်ပစ်လိုက်သည်။ မဝင်းမြသည် ကြမ်းပြင်ပေါ်မှာ မှောက်လျက်အနေအထားဖြင့် ရှိုက်ငိုနေသည်။ ကိုထွန်းရွှေက ခါးထောက်ရပ်လျက်မှ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။

"မြကို သတ်လိုက်ပါ အစ်ကိုရယ်"

"နင့်ကိုသတ်ပြီး ငါထောင်ကျမခံဘူးကွ"

ကိုထွန်းရွှေ၏ ရင်ထဲမှာ ပြောစရာစကားတွေကျန်သေးဟန်တူသည်။ နင့်ကိုသတ်ပြီး ငါထောင်ကျမခံဘူး။ ငါ့ကိုယ်ငါသတ်ပြီး သေမယ်လို့ပြောလိုသလား။ နင့်ကိုချစ်လွန်းလို့၊ မသတ်ရက်လို့ ငါ့ကိုယ်ငါပဲ သတ်သေတော့မယ်လို့ ပြောလိုသလား။ ပြောလက်စ စကားကို တိခနဲ ဖြတ်လိုက်သည်။ ရှိုက်သလိုပြောပြီး လှိုက်ဖိုမောနေသည်။ ဝမ်းနည်းခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ ဒေါသထွက်ခြင်းတို့ကြောင့် တုန်တန်ယင်ယင် ဖြစ်နေသည်။

မဝင်းမြတို့ သားအဖ ကိန္နရီချောင်းရွာကို ရောက်လာပြီး ခါတ်စက်ဖွင့်စဉ်က 'တာနေ့ာယက္ခ' ဇာတ်ကို ပြန်ပြီးအမှတ်ရမိသည်။ ဘီလူးကိုတာနော၏ ဇနီးသမု[illegible]



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝါဋ္ဌပုတ္တဝိဇ္ဇာမိုရ်တို့ ဖေါက်ပြန်သောအခါ တာနောယက္ခပြောတဲ့စကားတွေကို ပြန်လည် ကြားယောင်လာသည်။

"နင်ကို ချစ်လွန်းလို့၊ နင့်ကို မသတ်ရက်လို့၊ ငါ့ကိုယ်ငါ သတ်လိုက်မယ်၊ ကဲ လာလေရော့ဟယ်"

တာနောယက္ခ (ဦးဖိုးစိန်) က သူ့ဦးခေါင်းကို ကျောက်စောင်းမှာ ကိုင်ကိုင်ဆောင့်သည်။ သမုခသိင်္ဂီ (ဒေါ်ကောလိပ်စိန်) နှင့် တောကျောင်းဆောက်တည်နေသည့် ရသေ့ကြီး (လူရွှင်တော် ဦးဓာတ်စံ)တို့က ချော့မော့တားမြစ်သည်။

"ဒေါသကြီးလှချည်လား ကိုတာနောရဲ့ ဂွန်မ ရှင်းပြပါ့မယ်၊ ခေါင်းက သွေးတွေလည်း ထွက်လာပြီ မောလည်းမောလှပြီ၊ အသက်ပါသွားပါ့မယ် မောင်ကြီးရဲ့"

"မရှင်းနဲ့၊ ဘာမှမရှင်းနဲ့၊ မကြားချင်ဘူး။ သေပါစေ။ ငါကတော့ နင့်ကိုချစ်လွန်းလို့ ရွှေကြုတ်ထဲသွင်းပြီး အာခံတွင်းမှာ ငုံထားခဲ့တယ်။ နင်ကတော့ ဟိုအကောင်နဲ့ ငါမသိအောင် ဖေါက်ပြန်တယ်။ ဆရာတော်ဘုရား တပည့်တော် သူ့ကိုမသတ်ရက်လို့၊ ကိုယ့်ကိုကိုယ် သတ်သေတော့မယ်ဘုရား၊ လာလေ့ ကဲဟာ . . . ကဲဟာ"

"သတိထားမှပေါ့ကွဲ့ မောင်တာနောရဲ့ သူတို့က



မင်းပါးစပ်ထဲမှာ လုပ်ချင်တာတွေ လုပ်ပြီးကြပြီလေကွယ်"

"အောင်မယ်လေး တော်ပါတော့ဘုရား။ မပြောပါနဲ့ဘုရား။ တပည့်တော် ရှုံ့လွန်းလို့ပါဘုရား။ အော့"

တာနောယက္ခဘီလူးက သူ့မယား သမုခသိင်္ဂီကို ချစ်လွန်းလို့ ရွှေကြုတ်ထဲထည့်ပြီး အာခံတွင်းမှာ ငုံထားခဲ့သည်။ ဝါဋ္ဌပုတ္တ ဝိဇ္ဇာမိုရ်က တာနောယက္ခအယောင်ဆောင်ပြီး ရွှေကြုတ်ထဲဝင် ပျော်ပါးသည်။ ဇာတ်သွားကို မှတ်သားမိသေးသည့် ကိုထွန်းရွှေက မဝင်းမြကို အာခံတွင်းမှာ ငုံထားချင်လောက်အောင် ချစ်ခဲ့တာတွေကို ပြန်သတိရမိသေးသည်။ သမုခသိင်္ဂီနှင့် ဝါဋ္ဌပုတ္တဝိဇ္ဇာမိုရ်တို့ တာနောယက္ခရဲ့ အာခံတွင်းထဲမှာ ပျော်ပါးခဲ့ကြသလို မဝင်းမြနှင့် ကိုအောင်တင်တို့ မိမိ၏အိပ်ခန်းထဲမှာ နှစ်ပါးသွားခဲ့ကြပြီးပြီလို့ ယုံကြည်နေသည့် ကိုထွန်းရွှေသည် မဝင်းမြကိုသာမက ကျောင်းစာသင်ခန်းထဲမှာ ရောက်နေသည့် သမီးလေးကိုပါ နှုတ်မဆက်ခဲ့တော့ဘဲ ရွာမှ ထွက်ခွာ၍ ခြေဦးတည့်ရာ ထွက်ခွာလာခဲ့သည်ဟု ဆိုပါသည်။

ကိန္နရီချောင်းရွာမှ ထွက်ပြီး နှစ်ရက်လောက်အကြာမှာ သံတွဲမြို့ကို ရောက်သည်။ သံတွဲမြို့က ဆွေမျိုးတွေနှင့် မိတ်ဆွေတွေက အခါတိုင်းလိုပဲ အရောင်းအဝယ်ကိစ္စဖြင့်လာတယ်ထင်ပြီး အေးအေးပေါ့ပေါ့ နေလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အနည်းအပါး ချေးတာ၊ ငှားတာ၊ တောင်းတာတွေကိုပါ ပေးလိုက်ကြသေးသည်။ ကျွေးလိုက် မွေးလိုက်ကြသေးသည်။ နောက်တော့ ကိုထွန်းရွှေမြို့က ပျောက်သွားသည်။ ရွာကိုပြန်သွားပြီဟု ထင်နေကြသည်။ နှုတ်တောင်ဆက်မသွားဟု ပြောနေကြသည်။ ကိုထွန်းရွှေ ရွာကို မပြန်ဘဲ တောင်ကုတ်မြို့ဘက်ကို ခရီးဆက်သွားတယ်ဆိုတာကိုသိလျှင် အံ့သြကြမည်ဖြစ်သည်။

တောင်ကုတ်မြို့မှတစ်ဆင့် ရခိုင်ရိုးတောင်ကြီးကို ကျော်ပြီး ပြည်မြို့နှင့် ရန်ကုန်မြို့အထိ သွားကြမည့် ကုန်သည်တွေနှင့် ကိုထွန်းရွှေ ဆက်မိသွားသည်။ နွားရောင်းမည့်ကုန်သည်တွေ၏ နွားတွေကို ကူမောင်းပေးသည်။ ငါးခြောက်ရောင်းမည့် ကုန်သည်တွေ၏ ငါးခြောက်တွေကို ကူထမ်းပေးသည်။ အခကြေးငွေ တစ်ပြားတစ်ချပ်မှ မယူဘဲ အတူစား၊ အတူသွား၊ အတူအိပ်ရင်း ရခိုင်ရိုးမတောင်ကြီးကို ခြေလျင်လျှောက်ပြီး ဖြတ်ကျော်ခဲ့သည်။

အင်္ဂလိပ်မင်းလက်ထက်က ဖေါက်လုပ်ခဲ့သည့် တောင်ကုတ် တောင်ကြားလမ်းသည် မော်တော်ကားသွားလို့မရသေးသည့်အခါသမယဖြစ်၍ ရခိုင်ဘက်က ကုန်သည်တွေ ရန်ကုန်ကို လာချင်လျှင်၊ ပန်းတောင်း၊ ဥရှစ်ပင်အထိ ရောက်အောင် ခြေလျင်လျှောက်ကြရသည်။ ရက်သတ္တ





တစ်ပါတ်ခန့်ကြာအောင် ရိုးတောင်ကြီးကို ကျော်ဖြတ်ပြီးသောအခါ ဧရာဝတီမြစ် တစ်ဘက်ကမ်းက ဆင်တဲကို ရောက်သည်။ ထိုမှတစ်ဆင့် ကုန်သည်တွေနှင့်အတူ ဧရာဝတီမြစ်ကို ဖြတ်ကျော်ပြီး ရန်ကုန်အထိ ရောက်လာခဲ့ခြင်းဖြစ်သည်။

မဝင်းမြနှင့် သမီးလေးကို ပစ်ထားခဲ့ပြီး ရွာက ထွက်လာသည့်နေ့မှ ကျွန်တော်တို့အိမ်ကို ရောက်သည့်နေ့အထိ တစ်လနှင့် ငါးရက်တိတိကြာခဲ့သည်ဟု ဆိုသည်။ ရခိုင်ရိုးမတောင်ကြီးကို အတူဖြတ်ကျော်လာခဲ့သည့် ကုန်သည်တစ်ယောက်နှင့်အတူ ရန်ကုန်ဘူတာကြီးမှ သုံးဘီးကားငှားစီးပြီး ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့ခြင်းဖြစ်သည်။

ကိုထွန်းရွှေ ရန်ကုန်ကို ရောက်လာသည့်အကြောင်းနှင့် အခြေအနေမှန်ကို သိကြရသောအခါ ကိုယ်ချင်းစာပြီး သနားကြသည်။ ကိုထွန်းရွှေ စိတ်ပြေလက်ပျောက်ဖြစ်စေရန် အသောက်အစား အပျော်အပါးတို့ဖြင့် ညော့်ခံကျွေးမွေးထားသည်။ ရန်ကုန်မြို့တွင်း၊ မြို့ပြင်ရှိ ဘုရားပုထိုးစုံနှင့် တိရစ္ဆာန်ရုံပါမကျန်အောင် လိုက်ပြ ပို့ပေးသည်။ ကျွန်တော်တို့ မိသားစု၏ ဖေါ်ရွေနွေးထွေးသည့် ကျွေးမွေးစောင့်ရှောက်မှု၊ ညော့်ဝတ်ကျေပွန်မှုတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပျော်ရွှင်နေသည်။ အတိတ်ကို မမေ့နိုင်သေးသော်လည်း နာကျင်ခံခက်ဖြစ်နေသည့် ဝေဒနာမှ သက်သာရာ ရလာသည်။

ကျွန်တော့်အစ်ကိုသည် ကိုထွန်းရွှေနှင့် သက်တူရွယ်တူ ငယ်သူငယ်ချင်းဖြစ်၍ သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြရလို့ ပျော်တာလည်း ပါသည်။ အစိုးရရုံးပိတ်ရက်တွေမှာ ရန်ကုန်မြို့ရောက် ကိန္နရီချောင်းရွာသားတွေ ကျွန်တော်တို့ အိမ်မှာ စုရုံးလေ့ရှိသည့်အတွက် လူစုံတွေ့ရသည်။ ကိုထွန်းရွှေ၏ စိတ်မှာ ရွာကိုပြန်ရောက်နေသည့် အလား ဟီးဟီးဟားဟား ရယ်မောပြောဆိုနေတာကို မြင်ရသည့်အခါ ကျွန်တော်တို့ပါ ရောယောင်ပြီး ပျော်နေမိသည်။ ကိုထွန်းရွှေကိုယ်စား စိတ်ချမ်းသာနေမိသည်။ ရွာမှာ သူ ကြုံတွေ့ခဲ့ရသည့် ကိုယ်ရေးကိုယ်တာ ပြဿနာကို မသိမသာ ဖုံးဖိပေးထားကြသည်။ မသိယောင်ဆောင်နေကြသည်။ မည်သူကမျှ စကားစမဖော်ဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားစေရန် သတိဖြင့် ဖုံးဖိပေးနေကြသည်။

ကျွန်တော်တို့ ငယ်ငယ်က သီတင်းကျွတ်မီးထွန်းပွဲတော် ကာလ ရောက်ပြီဆိုလျှင် ကိန္နရီချောင်းရွာမှာ အရုပ်ဇာတ်ကကြသည်။ ညဦးပိုင်းမှာ ယိမ်းအက၊ အမျိုးသမီးတစ်ပင်တိုင်အက၊ အမျိုးသား တစ်ပင်တိုင်အကများ





ဖြင့် ကပြဖျော်ဖြေသည်။ ည ၁၁ နာရီလောက်ကစပြီး ပြဇာတ်ရှည်ကြီး တစ်ပုဒ်ကို မိုးအလင်း ကပြသည်။ ပြဇာတ်မင်းသမီးက ယောက်ျားမင်းသမီးဖြစ်သည်။ တစ်နှစ်တစ်ကြိမ် နှစ်စဉ်ကသည့် အရုပ်ဇာတ်မှာ ကိုထွန်းရွှေက မင်းသား သို့မဟုတ် မင်းသမီး၏အဖေ၊ သူဌေးကြီးအဖြစ်လည်းကောင်း၊ ရွာသူကြီးအဖြစ်လည်းကောင်း၊ မြေပိုင်ရှင်၊ လယ်ပိုင်ရှင်ကြီးအဖြစ်လည်းကောင်း၊ ဇာတ်ရုပ်အမျိုးမျိုး သရုပ်ဆောင်ခဲ့တာကို မှတ်မိနေကြသေးသည်။ ကိုယ့်အရုပ်နှင့် ကိုယ့်ဇာတ်ဖြစ်၍ မရှက်မကြောက်၊ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။ ကိုထွန်းရွှေ၏ ပီပြင်မင်သေသည့် သရုပ်ဆောင်ကွက်တွေကို မှတ်မိနေသေးသည့် ကျွန်တော်က ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ဖော်ပေးသည်။

"အစ်ကို တစ်ခါမှ ပြဇာတ်မင်းသား မဖြစ်ခဲ့ဖူးဘူးနော်"

"ငါ့ရုပ်နဲ့ မင်းသားဘယ်ဖြစ်မလဲဟ။ နင့်အစ်ကိုတို့လို ရုပ်ဖြောင့်တွေပဲ ဖြစ်တာပေါ့"

"ကျွန်တော်တို့ ရွာကထွက်လာပြီးတဲ့နောက်၊ ဇာတ်ကကြသေးလား"

"မကဖြစ်တော့ပါဘူးကွာ . . .။ နင်တို့တွေ ရွာက



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြပြီးတဲ့နောက်မှာ ရွာက ကာလသားတွေ တော်တော်များများဟာ ဟိုရွာဒီရွာမှာ အိမ်ထောင်ကျသူကျ။ ရန်ကုန်မြို့ကို သွားသူတွေ သွားဆိုတော့ ဦးဆောင်ပြီး လုပ်မည့်သူလည်း မရှိဘူး။ ခေတ်ကလည်း ပြောင်းသွားတော့ နင်တို့ရွာမှာ ရှိတုန်းကလို ပျော်ပျော်ရွှင်ရွှင်၊ တက်တက်ကြွကြွ မရှိကြတော့ဘူးကွ။ သီတင်းကျွတ်နဲ့ တန်ဆောင်တိုင် မီးထွန်းပွဲတွေတောင် မလုပ်နိုင်တော့တာ ကြာပြီ”

ကိုထွန်းရွှေ၏စကားတွေကို ကြားရတော့ ကျွန်တော်တို့ ရွာမှာရှိစဉ်က ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြတာတွေကို တွေးမိ၊ သတိရပြီး တမ်းတမ်းတတ၊ လွမ်းလွမ်းဆွေးဆွေးတောင် ဖြစ်မိသေးသည်။ ကိုထွန်းရွှေစိတ်ပြေလက်ပျောက် ဖြစ်စေရန် ရပ်အကြောင်း၊ ရွာအကြောင်း၊ ရွာက သူငယ်ချင်းတွေအကြောင်းနှင့် ရှေးဟောင်းနှောင်းဖြစ်တွေကို မေးနေရသည်။ ပြောပေးနေရသည်။ ကိုထွန်းရွှေ ပျော်နေတာမြင်ရတော့ ကျွန်တော်တို့ပါ စိတ်ချမ်းသာနေသည်။

ကိုထွန်းရွှေ သာကေတမြို့က ကျွန်တော်တို့ အိမ်ကို ရောက်နေတာ တစ်လကျော်သောအခါ အိပ်လိုက်၊ စားလိုက်နေရတာကို အားနာလာဟန်တူသည်။ ပိုက်ဆံရမည့် အလုပ်တစ်ခုခုကို လုပ်ချင်သည်ဟု ပြောလာသည်။ သူလုပ်တတ်တာကလည်း စက်ချုပ်သည့် အလုပ်သာ တတ်





သည်။ ယောကျ်ားဝတ် ရှပ်အင်္ကျီ၊ ဘောင်းဘီအတို၊ အရှည်နှင့် တိုက်ပုံအင်္ကျီတွေ ချုပ်တတ်သည်။ သံတွဲမြို့ဈေးကြီးထဲက ရန်ကုန်ပြန် ဒူလာမောင်စိန်၏ တပည့်ဖြစ်၍ ခေသူမဟုတ်ဟု ဆိုနိုင်သည်။ ဒူလာမောင်စိန်သည် သံတွဲမြို့က အတော်ဆုံး အပ်ချုပ်ဆရာကြီးဖြစ်သည်။ မူဆလင်ကုလားကြီး ဖြစ်သည်။ အဗ္ဗဒူလ်လာဦးစိန်ဆိုသော အမည်ကို အသံထွက်မှန်အောင် မခေါ်တတ်ကြလို့ ဒူလာမောင်စိန်ဟုခေါ်ကြခြင်း ဖြစ်သည်။ အင်္ဂလိပ်အရေးပိုင်ကတောင် ဒူလာမောင်စိန်၏ ဘောင်းဘီပုံကို ကြိုက်လို့ အော်ဒါချုပ်ခိုင်းခဲ့ရသည်။ ကိုထွန်းရွှေသည် ဒူလာမောင်စိန်ထံမှာ သုံးနှစ်သုံးမိုး တပည့်ခံပြီး ကန့်ကူလက်လှည့် သင်ယူခဲ့သော တပည့်ကြီးဖြစ်သည်။ သံတွဲမြို့နှင့် ဂွမြို့နယ်အတွင်းမှာတော့ ကိုထွန်းရွှေကို ကြောနိုင်သည့် စက်သမားမရှိဖြစ်ခဲ့သည်။ ရန်ကုန်မှာ တိုးနိုင်ပါ့မလားဟု စိုးရိမ်မိကြသည်။

ကျွန်တော့်အစ်ကို ရုံးအားသည့်နေ့တစ်နေ့မှာ ကိုထွန်းရွှေနှင့်အတူ ရန်ကုန်မြို့တစ်ပါတ်လှည့်ကြသည်။ ပုဇွန်တောင်ဈေးအနီးက နာမည်ကြီး အပ်ချုပ်ဆိုင် တစ်ဆိုင်မှာ အစမ်းခန့်၊ လုပ်အားပေး၊ ထမင်းကျွေးမည်ဆို၍ အလုပ်လက်ခံလာခဲ့သည်ဟု ဆိုသည်။ ညှပ်ပြီးသား ရှပ်အင်္ကျီကို အစမ်းချုပ်ခိုင်း၍ ချုပ်ပြရာ သဘောကျသွားသည်ဟု သိရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နက်ဖြန်ကစပြီး အလုပ်ဆင်းရန်မှာလိုက်သည်ဟု ဆိုပါသည်။ စားရေး မပူရဖြစ်သွားသည်။

နောက်နေ့မနက်မှာ ကိုထွန်းရွှေ အလုပ်ဆင်းသည်။ ညနေအတော်မိုးချုပ်မှ သာကေတကို ပြန်ရောက်လာသည်။ ညစာစားခဲ့ပြီဟု ဆိုသည်။ အလုပ်ရှင် တရုတ်ကြီးက သဘောကျလွန်းလို့ ထမင်းကျွေးသည့်အပြင် နေ့တွက်ခ ငါးကျပ်ပေးတာ မနည်းဘူးဟု ဆိုနိုင်သည်။

နောက်ရက်တွေ လတွေကြာလာသောအခါမှာတော့ ကိုထွန်းရွှေ၏ အလုပ်နှင့်ပတ်သက်ပြီး ဝမ်းသာစရာသတင်းတွေကို ကြားရသည်။ ဆိုင်ရှင်က ကိုထွန်းရွှေကို လက်မလွှတ်တော့ဟု သိရသည်။ လက်ဖက်ရည်တိုက်၊ ထမင်းကျွေးသည့်အပြင် တစ်နေ့ တစ်ဆယ်ပေးသည်ဟု သိရသည်။ ရက်ပျက်မရှိ အလုပ်ဆင်းလျှင် တစ်လ သုံးရာကျပ်ရသည်။ ရုံးဝန်ထမ်း၊ အောက်တန်းစာရေး တစ်ယောက်၏ လစာသည် ၁၂၆ ကျပ်သာရသဖြင့် ကိုထွန်းရွှေ၏ ဝင်ငွေ မဆိုးဘူးဟု ပြောရမည်ဖြစ်သည်။

ကိုထွန်းရွှေသည် ကျွန်တော်တို့အိမ်မှာ အိပ်ရုံသာ အိပ်သည်။ အလုပ်ထဲမှာ ထမင်းစားသည်။ အဝတ်အစား အသစ်တွေနဲ့ ပြောင်ပြောင်ယောင်ယောင် ဖြစ်လာသည်။ ကျွန်တော့်အစ်ကိုဆီမှာ အပ်ထားသည့် ငွေစုစာအုပ်ထဲမှာ





စုငွေ တစ်ထောင်ကျော်စာရင်းပေါ်နေတာ တွေ့ရသည်။ အပ်ချုပ်ဆိုင် ပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် တစ်ပါတ်မှာ တစ်ရက်နားသည်။ အလုပ်နားသည့်ရက်တွေမှာ ကျွန်တော်တို့နဲ့အတူ စားသည်၊ သောက်သည်။ ပျော်ပျော်ပါးပါး၊ ရယ်ကာမောကာ ပြောဆိုနေကြသည်။ အရက်ဖြူတစ်ပုလင်းကို ၃၊ ၆ဝါး၊ အသားတွေ အများကြီးပါသည့် အစိမ်းကြော် တစ်ပွဲကို သုံးကျပ်ခွဲ၊ ရေခဲအတုံးကြီး တစ်တုံးကို နှစ်ကျပ်ပဲပေးရသည်။ စားသောက်စရိတ် အားလုံးကို ကိုထွန်းရွှေက အကုန်အကျခံသည်။

ကိုထွန်းရွှေသည် သူ၏အတိတ်က အိမ်မက်ဆိုးကြီးကို မေ့မေ့ပျောက်ပျောက်တောင် ဖြစ်နေဟန်တူသည်။ မေ့ချင်ဟန်ဆောင်နေတာလည်း ဖြစ်နိုင်သည်။ မဝင်းမြကို စိတ်နာလို့ မေ့နိုင်အောင် ကြိုးစားနေတယ်ဆိုရင်တောင် အပြစ်မဲ့ သမီးလေးကိုတော့ သတိရနေမှာ သေချာသည်။ အံ့သြစရာတော့ ကောင်းသည်။ ကိုထွန်းရွှေသည် သူ့ဇနီးနှင့် သမီးအကြောင်းကို သူက စတင်ပြီး ဘယ်တော့မှ မပြောခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့က သိချင်လို့ မရမကမေးတော့မှ စိတ်မပါလက်မပါဖြင့် မပြောချင် ပြောချင် ပြောသည်။ ဒီအကြောင်းတွေကို ပြန်ပြောရတာ ရင်နာနေပုံရသည်။ ကျွန်တော်တို့ကလည်း ကိုထွန်းရွှေနဲ့ တစ်ခွာ



www.burmeseclassic.com

www.burmeseclassic.com



တည်းအတူနေခဲ့ပေမယ့် ကိုထွန်းရွှေသည် မဝင်းမြကို ရအောင် ဘယ်ပုံ ဘယ်နည်းဖြင့် ခိုးလာခဲ့သည်ကို ဒီနေ့အထိ မသိကြသေးဖြစ်နေသည်။

ကိုထွန်းရွှေသည် သူ၏အတိတ်ကို မေ့ပျောက်အောင် ကြိုးစားနေသည်ဖြစ်စေဦးတော့၊ အခုလို သောက်စားနေလို့ ခပ်ထွေထွေဖြစ်နေချိန်မှာတော့ ကျွန်တော်တို့ သိချင်နေသေးတာတွေကို မေးလျှင် စိတ်ပါလက်ပါ မဟုတ်သည့်တိုင် စိတ်ဆိုးမာန်ဆိုး မဟုတ်ဘဲ အေးတိအေးစက် ဖြေပေးလျှင်တောင် ဇာတ်လမ်း၏ အခြေခံအကြောင်းတွေကိုတော့ သိကြရမည်ဖြစ်သည်။ ကျွန်တော် သိချင်တာက ရွာစဉ်လျှောက်ပြီး ဓါတ်စက်ဖွင့်သည့် မဝင်းမြတို့ သားအဖနောက်ကို လိုက်သွားပြီး ဘယ်ရွာအရောက်မှာ ဘယ်ပုံဘယ်နည်းဖြင့် မဝင်းမြကို ရအောင် သုတ်လာခဲ့သည်ကို သိချင်နေခြင်းဖြစ်သည်။

ကျွန်တော်တို့ သိနေသည့် ကိုထွန်းရွှေနှင့် မဝင်းမြတို့၏ ဇာတ်လမ်းရှည်ကြီးမှာ ဒီစာမျက်နှာ ပျောက်နေသည်။ ဒီဇာတ်လမ်းရှည်ကြီး၏ အဓိက ဇာတ်ကောင် ကိုထွန်းရွှေနဲ့ အသက်ရှင်လျက် တွေ့နေရပါလျက်၊ ဒီဇာတ်ကွက်ကို မဖြည့်စွက်နိုင်လျှင် ကိန္နရီချောင်းရွာ၏ အနာဂါတ်သမိုင်းမှာ နှမြောစရာ ဟာကွက်တစ်ခုဖြစ်ပေတော့





မည်ဟု တွေးမိသည်။ ဒီကွက်လပ်ကို ဖြည့်ရန်အတွက် ကိုထွန်းရွှေကို အရဲစွန့်ပြီး မေးမည်ဟု ဆုံးဖြတ်လိုက်သည်။

“ကျွန်တော် သိချင်တာတစ်ခုရှိနေတယ်။ အစ်ကိုကြီး စိတ်မဆိုးဘူးဆိုရင် မေးချင်တယ်”

“ဘာလဲကွ”

“အစ်ကိုကြီးနဲ့ မမတို့အကြောင်းမှာ ကျွန်တော် မသိသေးတာ တစ်ခုရှိနေတယ်။ အစ်ကိုကြီး စိတ်ဆိုးမှာစိုးလို့ မမေးရဲဖြစ်နေတယ်”

“မဆိုးပါဘူးကွာ၊ ကဲ မေး၊ ဘာမေးမလို့လဲ”

ကိုထွန်းရွှေသည် ရန်ကုန်ကို ရောက်နေတာ ခြောက်လကျော်ပြီဖြစ်သည်။ ဗလောင်ဆန်အောင် ဆူပွက်နေခဲ့သည့် ခံစားချက်တွေလည်း အနည်ထိုင်စပြုလာပြီဖြစ်သည်။ ကိုယ့်ရပ်ကိုယ့်ရွာက ရပ်ဆွေရပ်မျိုးတွေ၊ သူငယ်ချင်းတွေနဲ့အတူနေရပြီး ပျော်ပျော်ပါးပါး သောက်စားနေရသောအခါ မဝင်းမြနှင့် ပတ်သက်သော ဒေါသနှင့် သောကတွေကို ခံနိုင်ရည်ရှိလာဟန်တူသည်။ မဝင်းမြနှင့် ပတ်သက်သည့်အကြောင်းကို မေးခွင့်ပြုသည်။ စိတ်မဆိုးဘူးဟုဆိုလာသည်။

“မမတို့ သားအဖ ကျွန်တော်တို့ရွာမှာ ဓါတ်စက်ဖွင့်ပြီးလို့ နောက်တစ်ရွာကို ကူးသွားတဲ့အခါ အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားတယ်ဆိုတာလောက်ပဲ ကျွန်တော်တို့ သိတယ်။ ဘယ်ရွာအရောက်မှာ မမကို ဘယ်လိုရအောင် ခေါ်လာခဲ့တယ်ဆိုတာ သိချင်နေတယ် အစ်ကိုကြီးရယ်"

ကိုထွန်းရွှေသည် ဆေးပေါ့လိပ်တိုကို မီးညှိပြီး ပြုံးနေသည်။ ဆေးလိပ်မှာရင်း ပြုံးနေရာမှ တည်တည်ကြီး ဖြစ်သွားပြန်သည်။ သူ့ခွက်လက်ကျန်ကို မော့သောက်လိုက်သည်။ ဖန်ခွက်ထဲက အရက်လက်ကျန် ဗိုက်ထဲရောက်သွားတော့မှ အနည်းငယ် ပြန်ပြုံးလာသည်။



## အခန်း (၄)

ဓါတ်စက်ဆရာကြီးတို့ သားအဖ (သမီးနှင့်အဖေ) ကိန္နရီချောင်းရွာမှ နောက်တစ်ရွာကို ကူးရန်အတွက် နွားလှည်းပြင်ဆင်နေကြသည်။ ဓါတ်စက်၊ ဓါတ်ပြားတွေနှင့်အတူ ကိန္နရီချောင်းရွာက နားထောင်ကြေးရထားသည့် ဆီ၊ ဆန်၊ ဆား၊ ငရုပ်၊ ကြက်သွန်၊ မကျည်းသီး၊ ငပိစိမ်းစားနှင့် ငါးခြောက်တွေ ထည့်ထားသည့် ပုံးတွေ၊ ခြင်းတွေကို ပါ နွားလှည်းပေါ် တင်နေကြသည်။

မကြာမီ ထွက်ခွာတော့မည့် နွားလှည်းတန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ဆက်ဆရာကြီးတို့ သားအဖက ရွာသူရွာသားတွေကို နှုတ်ဆက်နေသည်။ နှင်းဆီပန်းနုရောင် ပေါင်းချောင်ပါတ်ခေါင်းပေါင်း၊ သျှောင်တစ်စောင်းဖြင့် တိုက်ပုံအင်္ကျီနှင့် ဘန်ကောက်လုံချည် ဝတ်ထားသော ဓါတ်စက်ဆရာကြီး၏ ရုပ်သွင်က ကြက်သရေရှိသည်။ ဆံရစ်ဝိုင်း ဆံထုံးမှာ အုပ်လုံးကြီးချထားပြီး ပါးလေးနှစ်ဖက်မှာ ပါးကွက်ကြားပါးပါးလေး ပွတ်ထားလေတော့ သနားစရာလှနေသည့် မဝင်းမြလေး၏ဘာဝနှင့်အလှက နှုတ်ဆက်နေကြသည့် ရွာသူရွာသားတွေကို လွှမ်းလွှမ်းတတ ဖြစ်ကျန်ရစ်စေတော့သည်။

မဝင်းမြလေးကို လွှမ်းလွှမ်းတတ ဖြစ်ကျန်ရစ်သည့် ရွာသူရွာသားတွေထဲမှာ ဂနာမငြိမ် ဣန္ဒြေမရဖြစ်နေသူကတော့ ကိုထွန်းရွှေပင် ဖြစ်သည်။ ဓါတ်စက်ဆရာကြီးတို့ သားအဖ နွားလှည်းပေါ်တက်ပြီး လှည်းဘီးလိမ့်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ကိုထွန်းရွှေတစ်ယောက်ကလွဲလို့ ရွာသူရွာသားတွေအားလုံးက လက်ပြနှုတ်ဆက်ကြသည်။

ကိုထွန်းရွှေက ခါးထောက်ပြီး မဝင်းမြလေး၏ မျက်နှာကိုပဲ လိုက်ကြည့်နေသည်။ မဝင်းမြကပြန်အကြည့်နှင့် ဆုံသွားတော့မှ မသိမသာ လက်မြှောက်ပြပြီး မဲ့ပြုံး





လေး ပြုံးပြလိုက်သည်။ မဝင်းမြလေးကလည်း မျက်နှာလေးအိုသွားပြီး ခေါင်းငုံ့သွားသည်။ ကိုထွန်းရွှေသည် မဝင်းမြလေးကို သယ်ဆောင်သွားသည့် နွားလှည်းကို မျက်စိတဆုံးလိုက်ကြည့်နေမိသည်။ ရွာတန်းရှည်လမ်းတစ်လျှောက်မှာ နွားလှည်းလေး ပျောက်ကွယ်သွားတော့မှ သက်ပြင်းရှည်ကြီး ချလိုက်ပါသည်။

ကိုထွန်းရွှေသည် မဝင်းမြလေးတို့ နွားလှည်း စတင်ထွက်ခွာသွားရာ ကုက္ကိုပင်ကြီးအောက်မှ အပ်ချုပ်ဆိုင်ကို ရောက်အောင်ပြန်လာခဲ့သော်လည်း ဆိုင်ပေါ်ရောက်သောအခါ ဆောက်တည်ရာမရဖြစ်နေသည်။ ချုပ်ရန် အသင့်ညှပ်ထားသည့် ပိတ်စတွေကို ကိုင်လိုက် ပြန်ချထားလိုက်ဖြင့် ကဏှာမငြိမ် ဖြစ်နေသည်။ အခုအချိန်ဆိုရင် မဝင်းမြတို့ နွားလှည်း ဘယ်နေရာလောက်ရောက်ပြီ၊ မရပ်မနားမောင်းသွားလျှင် ဘယ်အချိန်မှာ ဘယ်ရွာကိုရောက်မည်စသည်ဖြင့် တွေးရင်း ထိုင်ရမလို၊ ထရမလိုဖြစ်နေသည်။

အခုအချိန်မှာ ပြေးလိုက်လျှင် မဝင်းမြတို့နွားလှည်းကို သဖန်းကုန်းရွာအဝင်လောက်မှာ မီနိုင်သေးသည်။ ပြေးလိုက်သွားလို့ နွားလှည်းကို မီလျှင် ဘာလုပ်မလဲ၊ ဘာမှ လုပ်လို့မဖြစ်၊ ဘာမှမဖြစ်ဘူးဆိုပြီး ဘာမှမလုပ်ဘဲနေလျှင် ဘာမှဖြစ်လာမှာမဟုတ်။ တစ်ခုခုတော့ လုပ်မှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ဘာလုပ်ရင်ကောင်းမလဲ။ မဝင်းမြလေး နောက်ကို လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ အခြေအနေနှင့် အချိန်အခါကိုကြည့်ပြီး လိုအပ်သလို ဆက်လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ကိုထွန်းရွှေသည် ပိတ်စတွေနှင့် ကတ်ကြေးကို ထွေးလုံးရစ်ပါတ်ပြီး သိမ်းလိုက်သည်။ ဆိုင်တံခါးကိုပိတ်ပြီး သော့ခတ်လိုက်သည်။ မဝင်းမြတို့နွားလှည်းမောင်းသွားသည့် ဘက်ကို ခပ်သွက်သွက်လျှောက်လိုက်သွားသည်။ မဝင်းမြတို့နွားလှည်းနှင့် တွေ့လျှင် ဘာလုပ်မည်ဆိုတာကို မဆုံးဖြတ်ရသေးဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ရွာကထွက်လိုက်လာခဲ့သည်။ ကိန္နရီချောင်းရွာမှ သုံးမိုင်မျှ ဝေးသည့် သဖန်းကုန်းရွာက ထွက်သည့်တိုင်အောင် နွားလှည်းကို မမီသေးသည့်အပြင် နေကလည်း မြင့်လာပြီ ဖြစ်၍ ပူလာသည်။ ရွာအထွက်က သစ်ပင်ကြီးအရိပ်ကို ခိုပြီး ရောင်းနေသည့် ရခိုင်မုန့်တီဆိုင်လေးမှာ ခဏ ဝင်နားသည်။ ရေတောင်းသောက်သည်။ ဓါတ်စက် ဆရာကြီးတို့ သားအဖကို တင်ဆောင်သွားသည့် နွား လှည်းဖြတ်သွားသည့်အချိန်ကို မေးသည်။ ရခိုင်မုန့် ရောင်းနေသည့် အဒေါ်ကြီးထံမှ သတင်းအတိအကျ ရ သည်။



"ကျုပ်ဆိုင်မှာ မုန့်တီစားသွားကြတယ်။ ဒီနေ့ည စေတီကွင်းရွာက ကိုဘစိန်တို့အိမ်မှာ ညအိပ်မယ်လို့ ပြော သွားတယ်"

ကိုထွန်းရွှေ ဝမ်းသာသွားသည်။ နောက်ထပ် ငါး မိုင်လောက် လျှောက်လိုက်လျှင် စေတီကွင်းရွာကို ရောက် မည်။ စေတီကွင်းရွာက ဦးဘစိန်သည် ကိုထွန်းရွှေ၏ အဖေနှင့် အလွန်ရင်းနှီးသည်။ ကိုထွန်းရွှေကိုလည်း သိ သည်။ ညှော်သည်အဖြစ် ဦးဘစိန်အိမ်မှာ တည်းခိုလို့ရသည်။ သို့သော် မဝင်းမြတို့သားအဖနှင့် တစ်အိမ်တည်း အတူ တည်းခို၍မဖြစ်။ ဦးဘစိန်အိမ်နှင့် မလှမ်းမကမ်းက တင် သောင်းတို့အိမ်မှာ တည်းမည်ဟု ဆုံးဖြတ်လိုက်သည်။

တင်သောင်းသည် ကိုထွန်းရွှေနှင့်အတူ ငါးတန်း မှ ရှစ်တန်းအထိ ကျောင်းနေခဲ့သော ကျောင်းနေဖက် သူငယ်ချင်းဖြစ်သည်။ ကိန္နရီချောင်းရွာမှာ အလယ်တန်း ကျောင်းရှိတော့၊ သဖန်းကုန်း၊ ပုန်းညက်ပင်၊ စေတီကွင်း ရွာတွေက ကျောင်းသူ ကျောင်းသားတွေ ကိန္နရီချောင်းရွာ ကိုလာပြီး ကျောင်းတက်နေကြရသည်။ စေတီကွင်းရွာက တင်သောင်းသည်လည်း စတုတ္ထတန်းအောင်ပြီးသောအခါ ပဉ္စမတန်း ဆက်တက်ရန်အတွက် ကိန္နရီချောင်းရွာမှာ လာနေပြီး ကိုထွန်းရွှေတို့နှင့်အတူ ကျောင်းတက်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုထွန်းရွှေနှင့် တစ်တန်းတည်း၊ တစ်ခန်းတည်း အတူနေခဲ့သူဖြစ်သည်။

ကိုထွန်းရွှေသည် ရခိုင်မုန့်တီသည် အဒေါ်ကြီး ပေးသည့် သတင်းအရ စေတီကွင်းရွာကို နေမွန်းမတိမ်းမီ ရောက်အောင် သုတ်ခြေတင်လာခဲ့သည်။ မုန့်တီသည် အဒေါ်ကြီးထံမှရသည့်သတင်း မှန်နိုင်သည်။ လမ်းပေါ်က ဖုံထနေသည့် နေရာတွေမှာ လှည်းဘီးရာ ပူပူနွေးနွေးတစ်စုံ သည် မရပ်မနား ရှေ့သို့သွားနေတာ တွေ့ရသည်။ စေတီကွင်းရွာအထိ ရောက်အောင်သွားနေသည့် လက္ခဏာတွေ့ ရသည်။

လှည်းလမ်းကြောင်းအတိုင်း လိုက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ လှည်းဘီးရာသည် တစ်ခါတစ်ရံမှာ ဖြတ်လမ်းကို လိုက်သည့်အနေဖြင့် လမ်းမကြီးမှ ရိုးပြတ်ကွင်းထဲကို ဖဲ့ဆင်းသွားတာ တွေ့ရသည်။ ကိုထွန်းရွှေသည် မဝင်းမြတို့လှည်းကို မျက်ခြေမပြတ်ရအောင် လှည်းသွားသည့်လမ်းအတိုင်းပဲ လိုက်သွားသည်။

ကိုထွန်းရွှေ ခြေရာခံလိုက်နေသည့် လှည်းဘီးရာ သည် ပုန်းညက်ပင်ရွာ ရောက်ခါနီးမှာ ရိုးပြတ်လယ်ကွင်း ထဲမှ လမ်းမပေါ် ပြန်တက်သည်။ ခပ်ပြေပြေမြင့်တက် သွားသော တောင်ကျော်လမ်းပေါ်ကို တက်သွားသည်။





တောင်ပေါ်က ဆင်းပြီး မကြာမီပင် ဖြတ်လမ်းလိုက်သည့် အနေဖြင့် ရိုးပြတ်လယ်ကွင်းထဲကို ဆင်းသွားပြန်သည်။ လမ်းမကြီး၏ ပစောက်ကွေးနှင့် ဂငယ်ကွေးတွေမှာ လမ်းမ ကြီးပေါ်က ဖဲ့ဆင်းပြီး ခရီးတိုအောင် လယ်ကွင်းတွေကို ဖြတ်မောင်းသွားတာ တွေ့ရသည်။

ကိုထွန်းရွှေသည် သေချာအောင်ဆိုပြီး လှည်းလမ်း ကြောင်းအတိုင်းပဲ လိုက်သွားသည်။ ခရီးလည်း ပိုနီးသွား သည်။ နေမွန်းတည့်ချိန်တွင် စေတီကွင်းရွာကို ရောက် သွားပါသည်။ ရွာထဲက ကျောက်ခင်းလမ်းပေါ်မှာ လှည်း ဘီးရာ ပျောက်သွားသည်။ ရွာလယ်လမ်းအတိုင်း လျှောက် သွားပြီး ဦးဘစိန်၏အိမ်ကို စောင်းငဲ့ကြည့်လိုက်ရာ အိမ်ခြံ ထဲမှာ နွားလှည်းတစ်စီး ရပ်ထားတာ တွေ့ရသည်။ ကိန္နရီ ချောင်းရွာက အငှားလိုက်သည့် ဦးလူပု၏ လှည်းဖြစ်သည်။ မဝင်းမြတို့ သားအဖကို တင်မောင်းသွားသည့်လှည်း ဖြစ် သည်။ သေချာသွားပြီ။ ရခိုင်မုန့်တီသည် အဒေါ်ကြီးပေး သည့်သတင်း မှန်ကန်သည်။

ကိုထွန်းရွှေသည် ဦးဘစိန်၏အိမ်ကို လွန်သွားပြီး မှ နောက်ပြန်လျှောက်ပြီး နောက်တစ်ကြိမ် ထပ်ကြည့် သည်။ မဝင်းမြလေးကိုရော၊ သူ့အဖေကိုပါ မတွေ့ရသော် လည်း အိမ်ရှေ့ညဲ့ခန်းမှာ ချထားသည့် ဓါတ်စက်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပြားတွေထည့်သည့် သေတ္တာကိုမြင်နေရသည်။ ဦးဘစိန်က အိမ်ခေါင်းရင်းမှာ နွားစာပြောင်းရိုးစင်းနေသည်။ ဦးဘစိန်၏သမီးတစ်ယောက်က အိမ်နောက်ဘက်ရှိ ရေတွင်းမှာ ရေခပ်နေသည်။ မဝင်းမြတို့ ညီ့သည်သားအဖက မီးဖိုဆောင်ထဲက ထမင်းစားခန်းထဲမှာ ထမင်းစားနေကြတာဖြစ်နိုင်သည်။

မဝင်းမြလေးတို့ သားအဖ ဒီနေ့ည ဒီအိမ်မှာ အိပ်မှာသေချာပြီဖြစ်လို့ ညကျမှ ဓါတ်စက်နားထောင်သူတွေနဲ့အတူ လာပြီး မဝင်းမြကို မျက်နှာပြမည်ဟု ဆုံးဖြတ်လိုက်သည်။ မဝင်းမြလေး၏ ဆွဲအားကြောင့် မောရပန်းရမှန်းမသိဘဲ လမ်းလျှောက်လာခဲ့တာ အခုမှ ဗိုက်ထဲက ဆာလောင်နေတာကို သတိရတော့သည်။ ဒီတော့မှ သူငယ်ချင်း တင်သောင်းတို့ အိမ်ဘက်ကို ထွက်လာခဲ့သည်။

ကိုထွန်းရွှေ အိမ်ထဲဝင်လာတာ မြင်တော့ တင်သောင်း အံ့သြသွားသည်။ ဘာကိစ္စနဲ့ လာတာလဲလို့ မေးတော့ ကိုထွန်းရွှေက နောက်မှ အေးအေးဆေးဆေး ပြောပြမည်ဟု ပြန်ပြောလိုက်သည်။ ထမင်းဆာလာသည်ဆို၍ ကြက်မသတ်တော့ဘဲ ရှိတဲ့ဟင်းနဲ့ပဲ ခူးကျွေးလိုက်သည်။ ထမင်းစားပြီးလို့ ရေနွေးကြမ်းသောက်ကြတော့မှ ကိုထွန်း





ရွှေက တိုးတိုးပြောပြလိုက်သည်။

"ဟင်း ဟင်း။ မင်းဟာက ယောက်ျားကြိုက်တော့ အပြေးလိုက်ဖြစ်နေပါလားကွ။ သူက မင်းကို ကြိုက်ပါတယ်လို့ ပြောပြီးပြီလား"

"ပြောတော့ မပြောသေးဘူးကွ၊ ဒါပေမယ့် တို့အချင်းချင်းအတွင်းစိတ်က သိနေကြတယ်။ ပြောစရာ မလိုဘူးလို့ ထင်တာပဲ"

"ဟုတ်မှလည်း လုပ်ပါ ကိုယ့်လူရာ၊ ကြိမ်ရိုက်ခံနေရပါဦးမယ်။ ငါတို့ရွာသူကြီး ဦးမြဖေကလည်း သူ့ကြိမ်လုံးအသစ်ကို လက်တည့်စမ်းချင်လို့ အမှုသည် မျှော်နေတာနော်"

"စိတ်ချ၊ အမှုမဖြစ်စေရဘူး။ မဝင်းမြနဲ့ငါနဲ့ နှစ်ယောက်ချင်း တွေ့ခွင့်ရရင် အလုပ်ဖြစ်တယ်။ ကိစ္စပြီးတယ်"

"ပိုင်လှချည်လား ကိုယ့်လူရဲ့၊ တွေ့ရင် ဘာလုပ်မလဲ"

"တစ်ခါတည်း ခိုးပြေးမယ်ကွာ"

"တစ်ယောက်ကို တစ်ယောက် ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ တစ်ခွန်းမှ မပြောရသေးဘဲနဲ့ ခိုးပြေးလို့ ရမလားကွ။ သူက လိုက်ပါ့မလား"

"တို့အချင်းချင်း ပါးစပ်နဲ့ တစ်ခွန်းမှ မပြောရသေး



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မျက်လုံးနဲ့အကြိမ်ပေါင်း ထောင်သောင်းမက ပြော ပြီးကြပြီကွ။ တို့နှစ်ယောက်ချင်း တွေ့ခွင့်ရရင် ကိစ္စပြတ် ပြီ။ မင်းတို့ရွာမှာ ဖြစ်နေတော့ တို့အချင်းချင်း တွေ့ခွင့်ရ အောင် မင်းလည်း ကူညီပါကွာ"

"ကိစ္စ ပြတ်မယ်ဆိုရင်တော့ ကူညီရမှာပေါ့ကွာ။ ကိစ္စမပြတ်ဘဲ သူကြီးဦးမြဖေရဲ့ ကြိမ်လုံးအသစ်နဲ့ မြည်း စမ်းတာကို နှစ်ယောက်လုံး ခံနေရပါဦးမယ်။ စဉ်းစားဦး"

"စဉ်းစားပြီးသားပါ။ ကိစ္စပြတ်တယ် စိတ်ချ"

နေ့လယ် ထမင်းစားပြီးချိန်ကစပြီး ဦးဘစိန်၏ အိမ်မှာ လူစည်ကားနေသည်။ ခါတ်စက်နားထောင်ချင်သူ တွေနဲ့ တရုန်းရုန်းဖြစ်နေသည်။ ပြည်လုဖေ၊ မေရှင်၊ ခင် မောင်ရင်တို့ရဲ့ ကာလပေါ်တေးသီချင်းတွေကို ဖွင့်ပေးနေပြီ ဖြစ်သည်။ ကလေး၊ လူကြီးအများစုက ဇာတ်ထုပ်ကြီးတွေ ကိုပဲ နားထောင်ချင်ကြသည်။ နားထောင်ကြေးအဖြစ် ပေး ကြရမည့် ဆီ၊ ဆန်၊ ဆားနှင့် ငရုပ်သီး၊ ကြက်သွန် သင့် သလောက်ရအောင် အချိန်ခွဲသည့်အနေဖြင့် ကာလပေါ် တေးသီချင်းတွေကို ဖွင့်ပေးနေခြင်း ဖြစ်သည်။

ကိုထွန်းရွှေသည် အခြေအနေကို အကဲခပ်ရန် ဦးဘစိန်၏ အိမ်ရှေ့က ဖြတ်လျှောက်ပြီး ရွာတစ်ပါတ် ပတ် ပြီး ပြန်လာခဲ့သည်။ ညစာစားပြီးမှ တင်သောင်းနဲ့အတူ





ဦးဘစိန်၏ အိမ်ပေါ်ကို ရောက်အောင်သွားပြီး ခါတ်စက် နားထောင်မည်ဟု ဆုံးဖြတ်ထားသည်။

ညနေဘက်ကျတော့ ရေမိုးချိုးပြီး စောစော ထမင်း စားလိုက်သည်။ မျိုးချစ်ခေါင်းလိမ်းဆီ ရွှဲအောင်လိမ်းပြီး ဆံပင်ကို အမောက်ထောင်အောင်ဖြီးသည်။ ယင်းကြူကြူ ပေါင်ဒါကို မျက်နှာမှာ ဖွေးနေအောင် ပွတ်လိုက်သည်။ ကိုထွန်းရွှေသည် အသားလတ်သူဖြစ်သည့်အတွက် ပရိသတ် ထဲမှာ ပေါ်ပေါ်လွင်လွင် ဖြစ်နေမှာ သေချာသည်။ မဝင်း မြလေးက သူ့ကို အလွယ်တကူမြင်တွေ့နိုင်အောင် ရည် ရွယ်တာဖြစ်နိုင်သည်။ ခါတ်စက်နားထောင်ကြေးအဖြစ် ကြံထည့်က် (ကြံသကာအလုံး) သုံးလုံးယူပြီး တင်သောင်း နှင့်အတူ ဦးဘစိန်၏ အိမ်ဘက်ကို ထွက်လာခဲ့ကြသည်။

ဦးဘစိန်၏ အိမ်ပေါ်ကို ညှော်သည်တစ်ယောက်နှင့် အတူ တက်လာသော တင်သောင်းကို ပရိသတ်က ဝိုင်း ကြည့်ကြသည်။ ကိုထွန်းရွှေနှင့် တင်သောင်းတို့ ရောက် သည့်အချိန်မှာ ရွှေကျီးညိုနှင့် ပဂိုးမြတို့ရဲ့ 'သဒ္ဒါသုမဏာ' ဇာတ်ထုပ်ကြီး စ,နေပြီဖြစ်လို့ ပရိသတ်အများစုက ကိုထွန်း ရွှေတို့ကို စိတ်မဝင်စားနိုင် ဖြစ်နေကြသည်။ ရွာခံသား တင်သောင်း၏ အရှိန်အဝါဖြင့် ပရိသတ်ထဲကို တိုးဝင်ပြီး ခါတ်စက်ဆရာကြီးအနားမှာ ခါတ်ပြားရွေး၊ အပ်သွေးလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် မဝင်းမြလေး၏အနီးကို ရောက်အောင်သွားပြီး ထိုင်ချနိုင်ခဲ့ကြသည်။

မဝင်းမြလေးက သူ့အနားရောက်အောင် တိုးဝင်လာပြီး ထိုင်သည့် ကာလသားနှစ်ယောက်ဆီက မျိုးချစ်ခေါင်းလိမ်းဆီနှင့် သင်းကြူကြူ ပေါင်ဒါနံ့မွှေးလွှန်း၍ ခေါင်းမော့ကြည့်မိသည်။ မဝင်းမြလေး ခေါင်းမော့ကြည့်လိုက်တော့ ပြုံးစိစိမျက်နှာဖြင့် သူ့ကိုကြည့်နေသော ကိန္နရီချောင်းရှာက ကိုထွန်းရွှေကို မြင်လိုက်ရသည်။ ပထမတော့ အံ့သြလွှန်း၍ လန့်တောင်သွားသည်။ နောက်တော့ ဝမ်းသာပြီး ရှက်သွားဟန်တူသည်။ ပြုံးပြီး ခေါင်းလေးငုံ့သွားသည်။

ကိုထွန်းရွှေက အခြေအနေအမှန်ကို လေ့လာအကဲခပ်ရန် တင်သောင်းကို လက်တို့ပြီး အချက်ပေးသည်။ တင်သောင်းကလည်း အခြေအနေမဆိုးဘူးဆိုသည့် သဘောဖြင့် ခေါင်းကို နှစ်ခါညိတ်ပြသည်။ မဝင်းမြလေးက ရှက်လွန်း၍ ခေါင်းငုံ့ပြီး ဓါတ်ပြားရွေးချင်ယောင် ဆောင်နေသည်။ ကိုထွန်းရွှေကတော့ ခေါင်းငုံ့နေသည့် မဝင်းမြလေးကိုပဲ စိုက်ကြည့်နေသည်။ ခေါင်းမော့လာလို့ မျက်လုံးချင်းဆုံလျှင် တစ်စုံတစ်ခု လုပ်ပြပြီး အချက်ပေးဖို့ ရည်ရွယ်ဟန်တူသည်။





မဝင်းမြလေးကလည်း ကိုထွန်းရွှေသူ့ကို ကြည့်နေတယ်ဆိုတာကို သိနေ၍ ခေါင်းမဖော်ရဲဖြစ်နေသည်။ ခေါင်းငုံ့နေရတာ ကြာလာလို့ ဇက်ညောင်းလာသည်။ ဇက်ညောင်းလာလို့ ခေါင်းမော့လာတော့လည်း ကိုထွန်းရွှေဘက်ကို မျက်နှာမလှည့်ရဲ ဖြစ်နေသည်။ ကိုထွန်းရွှေ၏ မျက်နှာကို ကြည့်ချင်ပါလျက်နဲ့ ကြည့်ရမှာရှက်နေသည်။

ဒါကို အထာပေါက်သည့် ကိုထွန်းရွှေက မဝင်းမြလေး သူ့ကိုကြည့်အောင် အသံပေးသည်။ ချောင်းဆိုးပြသည်။ ဇာတ်ထုပ်ထဲက ပျက်လုံးတွေကို သူများထက်ပိုပြီး အသံထွက်အောင် ရယ်ပြသည်။

ဒီလိုနဲ့ မဝင်းမြလေးက မလွှဲသာမရှောင်သာဘဲ ပြုံးစိစိဖြင့် ကိုထွန်းရွှေကို ကြည့်ရတော့သည်။ မဝင်းမြလေးက ကြည့်တယ်ဆိုရင်ပဲ အခွင့်အရေးကို လက်လွှတ်မခံသည့် ကိုထွန်းရွှေက မျက်စိတစ်ဘက် မှိတ်ပြပြီး မေးဆတ်ပြသည်။ ခဏလောက် အပြင်ကို ထွက်လို့ရမလားဆိုသည့် သင်္ကေတဖြစ်သည်။ မဝင်းမြလေးက သဘောပေါက်သော်လည်း ကြောက်လို့ ခေါင်းငုံ့သွားပြန်သည်။

ညဆယ်နာရီထိုးပြီးလို့ ရွှေကျီးညိုနှင့် ပကိုးမြတို့ရဲ့ 'သဒ္ဒါသုမတာ' ဇာတ်ထုပ်ကြီးသာ ပြီးသွားသည် ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှင့် မဝင်းမြလေးတို့ရဲ့ အချစ်ဇာတ်လမ်းက စတောင် မစနိုင်သေးဖြစ်နေသည်။

ကျေးတောရွာလေးတို့ရဲ့ သဘာဝအရ ညဆယ် နာရီဆိုတာ လူကြီးခေါင်းချ အိပ်ချိန်ဖြစ်နေသည်။ ဒီည အတွက် ဓါတ်စက်နားထောင်ပွဲ သိမ်းလိုက်၍ ဘာမှအလုပ် မဖြစ်ဘဲ ကိုထွန်းရွှေနှင့် တင်သောင်းတို့ ပြန်ခဲ့ကြရသည်။

အပြန်လမ်းမှာတော့ ကိုထွန်းရွှေနှင့် တင်သောင်း တို့ မဝင်းမြအကြောင်းကိုပဲ ပြောလာခဲ့ကြသည်။ တစ် ယောက်ကို တစ်ယောက် ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ တောင် မပြောရသေးဘဲနဲ့ မဝင်းမြကို အပြင်ခေါ်ထွက်ခဲ့ ဖို့ အချက်ပြတာကို မဝင်းမြက လိုက်လျောနိုင်ပါ့မလား ဟု တင်သောင်းက မေးခွန်းထုတ်သည်။ မဝင်းမြက စိတ် လိုလက်ရဖြစ်လို့ အိမ်သာတက်ချင်ယောင် ဆောင်ပြီး ထွက်လာရင် နင်ဘာလုပ်မလဲ၊ ရည်းစားစကား လိုက်ပြော မှာလား ဟုမေးသည်။

"ရည်းစားစကား ပြောနေစရာ မလိုဘူး။ တစ်ခါ တည်း ခိုးပြေးမလို့ကွ"

"သူကြီး ဦးမြဖေရဲ့ ကြိမ်လုံးကလည်းအသစ်။ အခု ရောက်လာတဲ့ မြို့ပိုင်ကလည်း လူသစ်လို့ သိရတယ်။ ကြိမ်ဒဏ်ဆယ်ချက်နဲ့ ထောင်ခြောက်လကတော့ သေချာ





တယ်"

"အခြေအနေအရ ကြည့်လုပ်ရမှာပေါ့ကွာ။ ဒါက မဝင်းမြအပေါ်မှာ မူတည်ပါတယ်"

မဝင်းမြတို့ သားအဖ စေတီကွင်းရွာမှာ သုံးရက် သာကြာသွားသည်။ ကိုထွန်းရွှေနှင့် တင်သောင်းတို့၏ အားထုတ်မှုက အရာမရောက်ဖြစ်နေသေးသည်။ ကိုထွန်း ရွှေနှင့် မဝင်းမြတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးပြနိုင်သည့် အဆင့်ထက်မကျော်ဖြစ်နေသေး သည်။ တင်သောင်းတို့အိမ်က လက်သီးဆုပ်လောက်ကြီး သည့် တညက်ခဲကြီးတွေလည်း အတော်ကုန်သွားပြီ ဖြစ် သည်။ သီချင်းနှင့် ဇာတ်ထုပ်တွေကိုလည်း အလွတ်ရလု နီးပါးဖြစ်နေကြသည်။ ရွာသူရွာသားတွေလည်း ဓါတ်စက် နားထောင်တာ ဝသွားလို့ နားထောင်သူ ပရိသတ်နည်း သွားပြီ။ မဝင်းမြတို့သားအဖ နောက်တစ်ရွာကို ခရီးဆက် ကြတော့မည် ဖြစ်သည်။

မဝင်းမြတို့ သားအဖခရီးဆက်တော့မည်ဆိုတော့ ကိုထွန်းရွှေ ဘာလုပ်မလဲဆိုသည့် ပြဿနာပေါ်လာသည်။ ကိန္နရီချောင်းရွာကိုပဲ ပြန်မလား။ မဝင်းမြလေးနောက်ကိုပဲ ဆက်လိုက်နေမလား။ အခုလို ဘာမှအလုပ်မဖြစ်ဘဲ ဆက် လိုက်နေလို့ ဘာအကျိုးရှိမှာလဲ။ တစ်ခုခုလုပ်လို့ အဆင်



www.burmeseclassic.com

www.burmeseclassic.com



မပြေရင်၊ အမှားအယွင်း တစ်ခုခုဖြစ်ရင်၊ အရုက်တကွဲ အကျိုးနည်းဖြစ်မည်။ အရုက်တကွဲ အကျိုးနည်းဖြစ်မှာစိုးလို့ နောက်ကြောင်းလှည့်ပြန်မလား။ မဝင်းမြလေးကို ချစ်လွန်းလို့ ကြိုက်လွန်းလို့၊ မရလျှင် မနေနိုင်တော့လို့ အလုပ်ပစ်၊ အကိုင်ပစ်ပြီး ရွာက ထွက်လိုက်လာပြီးမှ နောက်လှည့်ပြန်မယ်ဆိုလျှင် နစ်နာဆုံးရှုံးမှုက အသည်းအသက်မျှမက တစ်ဘဝစာမျှ ကြီးမားသည်။ ဘာဆက်လုပ်မလဲဆိုတာ အသာထားလို့ မဝင်းမြလေးတို့ ဘယ်ရွာကို ခရီးဆက်ကြမလဲဆိုတာ သိဖို့က အရေးကြီးသည်။

တင်သောင်းက ရွာထဲထွက်ပြီး စုံစမ်းသည်။ မဝင်းမြတို့သားအဖကို တင်ဆောင်သွားမည့် အငှားလိုက်လှည်းသမားထံက အတိအကျ သိခဲ့ရသည်။ စေတီကွင်းရွာနှင့် ခုနစ်မိုင်မျှသာ ဝေးသည့် ကြာညိုတောရွာကို သွားကြမည်ဖြစ်သည်။ ကြာညိုတောရွာမှာ ကိုထွန်းရွှေ၏ အသိမိတ်ဆွေတစ်ယောက်မှ မရှိဖြစ်နေသည်။ တင်သောင်းမှာတော့ ဆွေမျိုးအရင်းအချာ ရှိသည်။

"ကြာညိုတောရွာက ဆီဆုံပိုင်ရှင် ဦးစိန်ဖူးဟာ ငါ့ဦးလေး အရင်းပေါ့ဟ။ ငါ့အမေရဲ့ မောင်အရင်း။ ကြာညိုတောရွာကို ငါသွားရင် ငါ့ဦးလေးအိမ်မှာပဲ တည်းတာပဲ"





"ဟာ ဒါဆိုရင် မင်းနဲ့ငါ လိုက်သွားကြမယ်ကွာ။ ကူညီပါ သူငယ်ချင်းရာ"

တင်သောင်းက ဒီအခြေအနေရောက်မှတော့ ကူညီရတော့မှာပေါ့ ဆိုသည့် အမူအရာဖြင့် အဝတ်အစားလဲသည်။ မဝင်းမြတို့လှည်းနောက် မလှမ်းမကမ်းက လိုက်နိုင်အောင် သူ့လှည်းကို နွားတွေတပ်သည်။ အသင့်ဖြစ်သည်နှင့် လှည်းပေါ်တက်ကြပြီး ဦးဘစိန်၏ အိမ်ဘက်ကို မောင်းထွက်လာခဲ့သည်။ ဦးဘစိန်၏အိမ်ရှေ့မှာ ဝန်စည်စလယ်တွေနှင့် ခရီးသည်ဝန်ပိပြီး လေးနေသည့် မဝင်းမြတို့လှည်း ရပ်ထားဆဲ တွေ့ရသည်။ မဝင်းမြတို့သားအဖငှားထားသည့် လှည်းသမားက တင်သောင်းကို ဘယ်သွားမလို့လဲဟု မေးသည်။

"ကြာညိုတောဘက်ကို ကိစ္စလေးတစ်ခုရှိလို့ အစ်ကိုရေ။ အဆင်မပြေရင် ညအိပ်ချင် အိပ်ရဖို့။ အဆင်ပြေရင်တော့ ဒီနေ့ညနေ ပြန်လာမယ်"

"ဟန်ကျတာပဲဟေ့။ ငါလည်း ကြာညိုတောရွာကိုသွားမလို့။ ငါ့လှည်းမှာ ဝန်နည်းနည်းများနေလို့ ဆန်အိတ်တစ်အိတ်နဲ့ ခြင်းတောင်းတစ်လုံးလောက် တင်ယူသွားစမ်းပါကွာ"

"ရတာပေါ့ အစ်ကိုရာ။ ကျွန်တော့်လှည်းက ခြေ



www.burmeseclassic.com

www.burmeseclassic.com



လွမ်းလို့ ခုန်နေတာနဲ့ အတော်ပါပဲ"

ကိုထွန်းရွှေ လိုက်ပါလာသည့် လှည်းကလည်း ကြာညိုတောရွာကိုပဲ သွားမည်ဆို၍ မဝင်းမြလေး ရင်ခုန်သွားသည်။ စိုးရိမ်စိတ်နှင့် ရှက်စိတ်ကလေးက မျက်နှာမှာ ပေါ်သွားသည်။ ရိုးရိုးအေးအေးနေတတ်သည့် အဖေကြီး မရိပ်မိလို့ တော်ပါသေးရဲ့ဟု တွေးနေဟန်တူသည်။

မဝင်းမြတို့ လှည်းသမားက ဆန်တစ်အိတ်နှင့် ခြင်းတောင်းကြီးတစ်လုံးကို တင်သောင်း၏ လှည်းပေါ်ကို ပြောင်းတင်ပေးသည်။ ကိုထွန်းရွှေနှင့် တင်သောင်းတို့က ဝိုင်းကူနေကြသည်ကို မဝင်းမြလေးက ကြည့်နေသည်။ ကိုထွန်းရွှေနှင့် တစ်ခရီးတည်းသွားရမည်ဖြစ်၍ ပျော်နေသည့် အမူအယာလေးတောင် သူ့မျက်နှာမှာ ပေါ်နေသယောင် ထင်ရသည်။

တင်သောင်း၏လှည်းပေါ်ကို ပစ္စည်းတင်ပြီးသည်နှင့် လှည်းတွေ မောင်းနှင်ထွက်ခွာကြသည်။ တင်သောင်း၏ လှည်းက ရှေ့ကမောင်းသွားသည်။ မဝင်းမြတို့လှည်းက ထွက်ကြည့်နေသည့် ရွာသူရွာသားတွေကို လှည်းပေါ်က လက်ပြနှုတ်ဆက်ရင်း နောက်က လိုက်သွားသည်။

လှည်းတစ်စီးနှင့် တစ်စီး ကိုက်ငါးဆယ်လောက်သာ ဝေးသဖြင့် နောက်ကလှည်းပေါ်မှာ ပုသိမ်ထီးလေးကို ဆောင်းပြီး လိုက်ပါလာသော မဝင်းမြလေးကို ထင်ထင်ရှားရှား မြင်နေရသည်။ ရှေ့ကသွားနေသည့် လှည်းပေါ်က ကိုထွန်းရွှေ ကြည့်နေတယ်ဆိုတာကို သိနေသည့် မဝင်းမြလေးက သူ့မျက်နှာကို ထီးလေးနဲ့ကွယ်ကွယ်ပစ်သည်။ ကြာကြာလည်း ကွယ်မထားဘဲ မြင်စေချင်လို့ ထီးကို ဖယ်ပေးသည့်အခါမှာတော့ ခေါင်းလေး ငုံ့ထားသည်။



ဒီလိုလုပ်တာလေးတွေကိုက ကိုထွန်းရွှေ၏ ရင်ကို ထိရှစေသည်။ ကိုထွန်းရွှေက သူမြင်တွေ့နေရတာတွေအားလုံးကို လှည်းမောင်းနေသူ တင်သောင်းကို ပြောပြသည်။ နောက်ကလိုက်လာသည့် လှည်းကို ကျောပေးပြီး ထိုင်နေရသူ တင်သောင်းက မမြင်ရသော်လည်း ကိုထွန်းရွှေပြောပြတာတွေကို မြင်ရသလို ယုံကြည်သည်။

"မင်းကို ကြိုက်နေတာတော့ အမှန်ပဲကွ။ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ချစ်စကား ကြိုက်စကား ဆိုတာ အသာထားလို့ ရိုးရိုးစကားလေး တစ်ခွန်းတလေတောင် မပြောဖူးသေးဘဲနဲ့ ဘယ်လိုလုပ်ပြီး မင်းနောက်ကို ခိုးရာလိုက်ရဲမှာလဲကွ"

"ရည်းစားစကားပြောဖို့ အခွင့်မသာလို့ မပြောကြရတာပါကွာ။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေ့ရင် ချစ်တဲ့အကြောင်းကို ပြောနေဖို့ မလိုတော့ဘူးပေါ့

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

ကိုထွန်းရွှေသည် သူ့ကိုသူ အတော်ယုံကြည်နေသည်။ နှစ်ယောက်တည်းတွေ့လျှင် မဝင်းမြ၏ လက်ကို ဆွဲပြီး လာလိုက်ခဲ့တော့လို့ ခေါ်မည်ဖြစ်သည်။ မဝင်းမြကိုလည်း အတော်စိတ်ချ ယုံကြည်ထားပုံရသည်။ တော်တော်အန္တရာယ်များသည့် ယုံကြည်ချက်ဖြစ်သည်။ ယုံကြည်စိတ်ချထားသည့်အတိုင်း ဖြစ်တယ်ပဲထားပါဦး ဘယ်ပုံ ဘယ်နည်းဖြင့် လွတ်လွတ်လပ်လပ် တွေ့နိုင်မှာလဲဟု စဉ်းစားလို့မရဖြစ်နေကြသည်။

"ကြာညိုတောရွာ ရောက်ရင် သူတို့ ဘယ်သူ့အိမ်မှာ တည်းကြမှာတဲ့လဲကွ"

"ဘယ်သိမလဲကွ"

"လှည်းသမားကြီးကို မေးမကြည့်လိုက်ဘူးလား"

"မမေးလိုက်မိဘူး။ သူလည်း ဘယ်သိပါ့မလဲကွ။ လှည်းငှားတာက ကြာညိုတောရွာကိုလို့ ပြောပြီး ငှားတာပဲ။ ဘယ်သူ့အိမ်ကိုလို့ ပြောစရာမလိုပါဘူး"

မဝင်းမြလေးတို့ သားအဖ တည်းမည့်အိမ်သည် ဦးစိန်ဖူးအိမ်နှင့် နီးလျှင် ကောင်းမည်ဟု တွေးမိကြသည်။ မဝင်းမြတို့သားအဖသည် ရွာတစ်ရွာကို ရောက်လျှင် အဲဒီရွာက အိမ်ကြီးအိမ်ကောင်းမှာပဲ တည်းခိုလေ့ရှိသည်။ ကြာညိုတောရွာမှာ အိမ်ကြီးအိမ်ကောင်း များများစားစား မရှိ။ ဦးစိန်ဖူးအိမ်အပါအဝင် သုံးလေးအိမ်သာ ရှိသည်။ အိမ်ခြေတစ်ရာကျော်ရှိသည့် ကြာညိုတောရွာမှာ အိမ်ကြီးအိမ်ကောင်းသုံးလေးအိမ်က တစ်အိမ်နှင့် တစ်အိမ် အလှမ်းဝေးနေသည်။

ကိုထွန်းရွှေနှင့် မဝင်းမြတို့ နီးနီးကပ်ကပ်တွေ့နိုင်မည့်အချိန်သည် ခါတ်စက်နားထောင်သည့်အချိန်မှာသာ တွေ့နိုင်မည်ဖြစ်သည်။ ကိုထွန်းရွှေသည် ခါတ်စက်နားထောင်ရန်အတွက် ကိန္နရီချောင်းရွာမှ စေတီကွင်းနှင့် ကြာညိုတောရွာအထိ လိုက်လာသည်ဆိုလျှင် အတော်ယုတ္တိမတန်သည့် အကြောင်းပြချက်ဖြစ်သည်။ အခြေအနေအရ မီးစင်ကြည့်ပြီး ကကြရတော့မည်ဖြစ်သည်။

နေမွန်းမတည့်မီ ၁၁ နာရီခွဲလောက်တွင် လှည်းနှစ်စီးတစ်ပြိုင်တည်း ကြာညိုတောရွာထဲကို ဝင်သွားကြသည်။ တင်သောင်းက သူ့လှည်းကို ရပ်လိုက်ပြီး နောက်ကလိုက်လာသည့်လှည်းကို စောင့်သည်။ ဆန်အိတ်နှင့် ခြင်းတောင်းကြီးကို လွှဲပြောင်းပေးရန် စောင့်နေခြင်းဖြစ်သည်။ နောက်ကလိုက်လာသည့်လှည်းသည် ခဏအကြာမှာ ရောက်လာပြီး ဘေးချင်းယှဉ်ရပ်လိုက်သည်။ မဝင်းမြလေးက ကိုထွန်းရွှေကို မကြည့်ရဲလို့ သူ့မျက်နှာကို ထို





www.burmeseclassic.com

ဖြင့်ကွယ်ထားသည်။ ကိုထွန်းရွှေသာ လုပ်ရဲမည်ဆိုလျှင် မဝင်းမြလေး၏ ပခုံးကို လက်ဖြင့်လှမ်းပုတ်လို့ ရလောက်အောင်ပင် နီးကပ်နေသည်။

"ဒီက ဦးလေးတို့က ဘယ်အိမ်မှာ တည်းကြမလဲ မသိဘူး"

"ဦးလေးတို့ကတော့ကွယ် ထုံးစံအတိုင်းပဲ။ အသိအကျွမ်းမရှိတော့ အဆင်ပြေမယ်လို့ ထင်တဲ့ အိမ်တစ်အိမ်ကို မေတ္တာရပ်ခံပြီး တည်းခိုရမှာပဲ"

"ဩော် . . . ဒါဆိုရင် ကျွန်တော့်ဦးလေးရဲ့ အိမ်မှာ တည်းနိုင်ပါတယ်။ ဒီရွာမှာတော့ အကြီးဆုံးနဲ့ အကောင်းဆုံးအိမ်ပဲ"

"ဟန်ကျတယ်ဟေ့။ ကျေးဇူးတင်လိုက်တာ ငါ့တူရယ်"

ကိုထွန်းရွှေသည် လှည်းပေါ်မှာ တင်လွှင်ခွေထိုင်နေရာမှ ဆောင့်ကြောင့်ထိုင်လိုက်မိသည်အထိ ဝမ်းသာအားတက်သွားသည်။ တင်သောင်းရဲ့လုပ်ချက်က ပိုင်လိုက်တာလို့လည်း စိတ်ထဲက ချီးကျူးနေမိသည်။ တင်သောင်း၏ဦးလေး ဦးစိန်ဖူး၏အိမ်သည် ရှေ့နားက ဝါးနှစ်ပြန်သာသာခန့်ပဲ ဝေးတော့သည်။ လှည်းတွေကို လိမ့်၍ ဆက်မောင်းသွားကြသည်။



တင်သောင်း၏အဒေါ်သည် နွားလှည်းနှစ်စီးနှင့် မမျှော်လင့်ဘဲ ရောက်လာသော တင်သောင်းကို တအံ့တသြကြည့်နေသည်။ တင်သောင်းနှင့် ကိုထွန်းရွှေတို့က နွားလှည်းတွေပေါ်က ပစ္စည်းတွေကိုဆွဲချပြီး အိမ်ပေါ်ကို ထမ်းတင်နေရင်းက လာရခြင်းအကြောင်းကို ရှင်းပြနေသည်။

"ကျွန်တော့်သူငယ်ချင်းက နိုင်းနွားတစ်ကောင် လိုချင်လို့ လိုက်ရှာရင်းနဲ့ ဒီဦးလေးတို့ သားအဖနဲ့ ခရီးကြုံလာကြတာပါ။ ဒီမှာနှစ်ရက် သုံးရက်လောက်နေပြီး ဓာတ်စက်ဖွင့်မယ်။ ဒေါ်လေးတို့အိမ်ကလူတွေ အခမဲ့နားထောင်ရတာပေါ့"

တင်သောင်းကြောင့် မခေါ်ပင့်ချေ ရောက်လာကြသည့် ဧည့်သည်တွေကို ဦးစိန်ဖူးမိသားစုက လက်ခံလိုက်ရတော့သည်။ လှည်းတွေပေါ်က ပစ္စည်းတွေ အားလုံး ချပြီးတော့မှ မဝင်းမြတို့သားအဖ လှည်းပေါ်က ဆင်းကြသည်။ မဝင်းမြလေး လှည်းပေါ်က မဆင်းတတ်ဖြစ်နေသည်။ တစ်နေရာကို နင်းပြီးဆင်းတော့မလိုလို၊ ခုန်ချတော့မလိုလို လုပ်နေသည်။ ကိုထွန်းရွှေ သူ့အနားမှာ လာရပ်နေ၍ အဆင်းရခက်နေတာလည်း ဖြစ်နိုင်သည်။

"ခုန်မချနဲ့ ခြေထောက်နာသွားမယ်"

www.burmeseclassic.com



ကိုထွန်းရွှေက မဝင်းမြကလေးကို ပြောသော ပထမဦးဆုံး စကားဖြစ်သည်။ မဝင်းမြလေးက ဘာမှ ပြန်မပြောဘဲ မကြားယောင်ဆောင်နေသည်။ မျက်နှာလေးက ရှက်ပြုံးလေးပြုံးထားသည်။ ဘယ်လိုဆင်းရမှန်း မသိဖြစ်နေပြီး နောက်ဆုံးတော့ ခပ်ဖွဖွလေး ခုန်ချဆင်းလိုက်သည်။ ခြေတစ်ဘက်က ချိုင့်ခွက်ကလေးတစ်ခုထဲ ကျ၍ ဟန်ချက်ပျက်ပြီး ဒူးထောက်လဲကျသွားသည်။ အနားမှာ ရပ်နေသည့် ကိုထွန်းရွှေက တွဲထူမလို့ လက်ကမ်းတာကို ရှက်ပြီး ,,လှမ်းမကိုင်ဘဲ နေသေးသည်။ တင်သောင်းက ကိုထွန်းရွှေကို ဆွဲထူလိုက်လေလို့ ပြောတော့မှ မဝင်းမြလေး၏လက်ကို ဆွဲကိုင်ပြီး ထူပေးလိုက်ရသည်။ လက်ချင်းထိလိုက်သည့်အချိန်မှာ ဗိုအား တစ်ထောင့်ငါးရာရှိသည့် လျှပ်စစ်ဓာတ်လိုက်ခံရသလို အူတွေ အသည်းတွေ တုန်လှုပ်သွားကြသည်။

နှစ်ယောက်လုံးပင် တုန်တုန်ယင်ယင် ဖြစ်သွားကြသည်။ ဖိုဓာတ်နှင့် မဓာတ် ထိတွေ့ခြင်းကြောင့် တုန်လှုပ်သည့်သဘောထက်ပိုသော လိုအင်ဆန္ဒကြောင့် ဖြစ်ပေါ်လာသည့် တုန်လှုပ်ခြင်းဖြစ်တယ်ဆိုတာ နှစ်ယောက်လုံးက သိနေကြသည်။

မဝင်းမြ၏အဖေကြီးက ကိုထွန်းရွှေကို ကျေးဇူး





တင်သည့် အကြည့်ဖြင့် ကြည့်သော်လည်း မဝင်းမြကိုယ်တိုင်ကမူ ရှက်ပြုံးမျက်နှာဖြင့် မဝံ့မရဲကြည့်သည်။ ကိုထွန်းရွှေနှင့် မဝင်းမြတို့ရဲ့ ချစ်ခရီးအစမှာ ပထမဦးဆုံးအကြိမ်အဖြစ် တစ်ဦးကိုတစ်ဦး အသားချင်း ထိဖူးသည့်နေ့လည်း ဖြစ်သည်။

ဦးစိန်ဖူးအိမ်မှာ ဧည့်သည်တွေအဖြစ်နှင့် အတူတည်းခိုနေကြရပြီဖြစ်၍ ကိုထွန်းရွှေအတွက် အခွင့်သာသွားပြီဖြစ်သည်။ အရမ်းကို အဆင်ပြေသွားတော့သည်။ ရည်းစားစကား တစ်ခွန်းမှ မပြောရသေးသည့် ချစ်သူ ကိုနီးပြေးဖို့အတွက် အကွက်ဆင်နေသည်။ အလစ်ချောင်းနေသည်။

နှစ်ရက်၊ သုံးရက်ကြာအောင်နေကြမည့် ဧည့်သည်တွေဖြစ်၍ အိပ်ရာနေခင်း စီစဉ်ပေးရသည်။ မဝင်းမြ၏ အဖေကြီးကို အိမ်ရှေ့ဧည့်ခန်းက ဘုရားစင်ရှေ့မှာ အိပ်ရာခင်းပေးထားသည်။ မဝင်းမြအတွက်ကိုမူ အိပ်ခန်းတစ်ခန်းထဲမှာ ဦးစိန်ဖူး၏သမီးတစ်ယောက်နှင့်အတူ အိပ်ရာ တစ်ယောက်တစ်ခုစီဖြင့် အိပ်ရန် စီစဉ်ပေးထားသည်။ လူပျိုကာလသားဧည့်သည်နှစ်ယောက် ရှိနေ၍ လုံခြုံရာမှာ စီစဉ်ပေးထားသည့် သဘောဖြစ်သည်။ ကိုထွန်းရွှေ ဆင်နေသည့် အကွက်အတွက် အနည်းငယ် အခက်အခဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ညစာမစားမီ အိမ်နောက်ဘက်က ရေတွင်းမှာ ရေချိုးကြသည်။ မဝင်းမြလေး ရေချိုးရန်အတွက် ကိုထွန်းရွှေက ရေတွင်းထဲက ရေကို ခပ်ပြီး အုန်းပင်ခြေရင်းက စဉ့်အိုးထဲ ဖြည့်ထည့်ပေးသည်။ မဝင်းမြလေးက အားနာလို့ ပြုံးမျက်နှာလေးဖြင့် စကားပြောလာသည်။

"အားနာစရာကြီး အစ်ကိုရယ်။ ကျေးဇူးပဲနော်"

မဝင်းမြလေးက ကိုထွန်းရွှေကို ပထမဆုံးအကြိမ် အဖြစ် အသံထွက်ပြီး ပြောသောစကားဖြစ်သည်။ ကိုထွန်းရွှေက အခွင့်အခါကောင်းကို လက်လွှတ်မခံတော့ဘဲ စကားအပြတ်ပြောလိုက်သည်။

"မြလေးကို အစ်ကိုချစ်တယ်။ မြလေးကို မရရင် အစ်ကိုသေလိမ့်မယ်။ နက်ဖြန်ည ဓာတ်စက်နားထောင်ပွဲသိမ်းပြီးချိန်မှာ အိမ်သာသွားချင်ယောင်ဆောင်ပြီး ခြံထဲကို ဆင်းလာခဲ့။ အစ်ကိုတို့ နွားလှည်း အသင့်ပြင်ပြီး စောင့်နေမယ်။ မမေ့နဲ့နော်"

ကိုထွန်းရွှေ၏စကားကို ကြားတော့ မဝင်းမြလေး မျက်လုံးကြီးတွေ ပြူးပြီး ကြောင်နေသည်။ အင်းမလုပ် အဲမလုပ်ဖြစ်နေသည်။ ကတိလည်းမပေး၊ ငြင်းလည်း မငြင်းမိဖြစ်နေသည်။





ကိုထွန်းရွှေကတော့ သူပြောချင်တာ ပြောပြီး တယ်ဆိုရင်ပဲ ရေတွင်းထဲက ရေကိုခပ်ပြီး တဝုန်းဝုန်း ချိုးနေသည်။ ရေချိုးပြီးတာနဲ့ မဝင်းမြလေးဘက်ကိုလှည့်ပြီး အစ်ကိုပြောတာကို မမေ့နဲ့နော်ဆိုသည့် သင်္ကေတလုပ်ပြသည်။ ရေစိုအဝတ်လဲပြီး ရေတွင်းမှ ထွက်ခွာသွားသည်။

မဝင်းမြလေးမှာ ရေချိုးနေရသော်လည်း မနက်ဖြန်ညကိစ္စကို စဉ်းစားနေရလေတော့သည်။ နှစ်ရှည်လများ ရည်းစားထားပြီး ချစ်ခဲ့ကြသည့် ချစ်သူတွေမဟုတ်ဘဲ လွန်ခဲ့သည့် တစ်ပါတ်ဆယ်ရက်လောက်ကမှ တွေ့ဖူး မြင်ဖူး သူနောက်ကို ခိုးရာလိုက်ရမည်ဖြစ်၍ ဖြစ်နိုင်ပါ့မလား။ ချစ်နိုင်ပါ့မလားဟု စဉ်းစားနေရခြင်း ဖြစ်မည်။ သူနာမည် ကိုထွန်းရွှေဆိုတာကိုတောင် ကိန္နရီချောင်းရွာက အနှိပ်သည် ဒေါ်ရွှေယုန် ပြောပြလို့ သိရသည်။ (စက်ချုပ်တဲ့ ထွန်းရွှေက နင့်ကိုကြိုက်နေတယ်ဟဲ့) လို့ ဒေါ်ရွှေယုန်က ပြောခဲ့သည်။

ဒေါ်ရွှေယုန်ပြောသည့်အချိန်ကစပြီး မိမိကလည်း သူ့ကို စိတ်ဝင်စားနေခဲ့သည်။ ဣန္ဒြေမဆည်နိုင်လောက်အောင် ရဲတင်းလွန်းသည့် သူ့အကြည့်မှာ အချစ်ပါသည်။ ရမ္မက်ပါသည်။ မိမိကိုပဲ တစ်ချိန်လုံး စိုက်ကြည့်နေသည့် သူ့မျက်လုံးတွေရဲ့ ဆွဲအားနယ်ပယ်မှ ရုန်းမထွက်နိုင်ဖြစ်ခဲ့ရသည်။ မိမိကိုချစ်လို့ ကြိုက်လို့ စိုက်စိုက်လိုက်နေသော



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်သည်။ (မြလေးကို အစ်ကိုချစ်တယ်။ မြလေးကိုမရရင် အစ်ကိုသေရလိမ့်မယ်) လို့ ပြောသွားသည့် သူ့စကားကို အလေးမထားလို့ ဖြစ်မလားဟု မဝင်းမြလေး တွေးတောနေတာဖြစ်မည်။

ကြာညိုတောရွာက ဓာတ်စက်ဖွင့်သည့် ပထမညတွင် ကိန္နရီချောင်းရွာနှင့် စေတီကွင်းရွာတွေက ညတွေလိုပင် နားထောင်သူတွေများသည်။ ရုံပြည့်သည်ဟု ပြောရမည်ဖြစ်သည်။ မဝင်းမြလေးက သူ့အလုပ်တွေဖြစ်သည့် ဓာတ်ပြားရွေး၊ အပ်သွေးအလုပ်တွေကို လုပ်နေသည်။ ကိုထွန်းရွှေနှင့် တင်သောင်းတို့ကလည်း ရွာသူရွာသားတွေနဲ့အတူ ရောပြီး နားထောင်နေကြသည်။ စေတီကွင်းရွာတုန်းကလို မဝင်းမြလေးနဲ့ အနီးဆုံးနေရာမှာ မထိုင်ကြတော့ဘဲ၊ ခပ်လှမ်းလှမ်းနေရာမှာ ထိုင်နေကြသည်။ ဒီလိုထိုင်ကြတာက မဝင်းမြလေးနဲ့ပတ်သက်ပြီးနောက်ပိုင်း ဖြစ်လာမည့် ပြဿနာကို ကြိုတင် သတိမထားမိအောင် ခပ်ရှောင်ရှောင် ခပ်ဝေးဝေး နေပေးခြင်းဖြစ်သည်။

ကိုထွန်းရွှေကတော့ ထုံးစံအတိုင်းပဲ မဝင်းမြလေးရဲ့မျက်နှာကိုပဲ တစ်ချိန်လုံး ကြည့်နေသည်။ ကြည့်လို့မဝနိုင်ဖြစ်နေသည်။ မဝင်းမြလေးသည် တစ်နေ့တခြား ပိုလှလာသည်ဟု ကိုထွန်းရွှေရဲ့ စိတ်မှာထင်နေသည်။ ညနေတုန်းက ရေတွင်းနားမှာ ပြောလိုက်သည့်စကားတွေကြောင့်





အထူး ဂရုစိုက်ပြီး ဖီးလိမ်းပြင်ဆင်ထားသည်ဟု ယူဆရသည်။

ဓာတ်စက်နားထောင်ပွဲသိမ်း၍ ညအိပ်ကြတော့လည်း ကိုထွန်းရွှေနှင့် တင်သောင်းတို့က ဒေသအခါ အထက်ခန်းလို့ခေါ်သည့် ထပ်ခိုးပေါ်မှာ အိပ်ကြသည်။ မဝင်းမြလေးကတော့ ဦးစိန်ဖူး၏သမီးနှင့်အတူ အိပ်ရာဝင်ကြသည်။ ကိုထွန်းရွှေနှင့် မဝင်းမြလေးတို့ကိစ္စ ဦးစိန်ဖူးမိသားစု မရိပ်မိအောင် ပထမညမှာ ဣန္ဒြေရရ ပိပိရိရိ နေပြကြခြင်းဖြစ်သည်။ နက်ဖြန်ညမှာ လူပ်ရှားရမည့်အတွက် ယနေ့ညမှာ ငြိမ်ပြနေကြခြင်းဖြစ်သည်။ ဒီလိုပုံစံဖြင့် ပထမညကို ရင်ခုန်လှိုက်မောစွာ ကုန်လွန်ခဲ့ကြသည်။

ဒီနေ့သည် အရေးကြီးသောနေ့ဖြစ်၍ ကိုထွန်းရွှေသည် အခြေအနေပေးတိုင်း မဝင်းမြလေးကို သတိပေးသည်။ (ဒီညနော်။ မမေ့နဲ့နော်။ မကြောက်နဲ့နော်။ မြလေးကို အစ်ကို ချစ်တယ်။ အစ်ကို့အချစ်ကို ယုံပါ) ဆိုသည့်စကားတွေကို လစ်လျှင် လစ်သလို ပြောပြီး ခပ်ခွာခွာပြန်နေရသည်။ မဝင်းမြလေးက ဘာမှပြန်မပြောသော်လည်း ကြောက်နေသည့်လက္ခဏာ မျက်နှာမှာ ပေါ်နေသည်။ ဘာမှပြန်မပြောသည့်အတွက် သဘောတူသည့်လက္ခဏာဟုလည်း ယူဆနိုင်သည်။

ညရှစ်နာရီထိုးခါနီးမှာ 'မဟာပဒုမ' ဓာတ်ထုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အရှိန်တက်နေ၍ နားထောင်သူတွေ ငြိမ်နေကြသည်။ မငြိမ်သူတစ်ယောက်ကတော့ တင်သောင်းဖြစ်သည်။ သူ့နှမ၏အခန်းထဲက မဝင်းမြလေး၏ ထဘီနှင့် အင်္ကျီတွေ ထည့်ထားသည့် ခရီးဆောင်အိတ်ကို ဝင်ယူပြီး လှည်းပေါ် တင်ထားလိုက်သည်။ လှည်းကို နွားမတပ်သေးဘဲ အိမ်ခြံထဲက အသာဆွဲထုတ်သွားသည်။ ဦးစိန်ဖူး၏အိမ်မှ ခပ်လှမ်းလှမ်း တစ်နေရာ လမ်းပေါ်မှာ ထားခဲ့ပြီး နွားတွေကို အသံမကြားရအောင် အသာသွားဆွဲသည်။ လှည်းမှာ နွားတွေတပ်ပြီး အသင့်ပြင်ထားလိုက်သည်။ အိမ်ပြန်သွားပြီး ကိုထွန်းရွှေကို အချက်ပြသည်။ အားလုံးအသင့်ဖြစ်ပြီဆိုသည့် သင်္ကေတပြလိုက်သည်။

ကိုထွန်းရွှေက ဓာတ်စက်ဆရာကြီးအနီးမှာ ထိုင်နေသည့် မဝင်းမြလေးကို မျက်စိတစ်ဘက် မှိတ်ပြပြီး သွားကြစို့လို့ အချက်ပြရန် စောင့်နေသည်။ ဒီနေ့ကျမှပဲ မဝင်းမြလေးက ကိုထွန်းရွှေကို မကြည့်ဘဲ ခေါင်းငုံ့နေသည်။ ကိုထွန်းရွှေကို ကြည့်လိုက်လျှင် အမူအယာတစ်ခုခု လုပ်ပြပြီး အိမ်အပြင်ကိုထွက်ခဲ့ရန် ခေါ်မည်ဆိုတာကို မဝင်းမြလေးက သိနေ၍ ကြောက်ပြီး ခေါင်းမမော့ရဲဖြစ်နေသည်။

တင်သောင်းက စိတ်မရှည်တော့သည့်အပြင် ဒေါ်ရှိန်လာ၍ သူ့နှမကို အကူအညီတောင်းရတော့သည်။ ဓာတ်



စက်ဆရာကြီးအနီးက ရေနွေးကြမ်းအိုးကို ရေနွေးထပ်ဖြည့်သလိုလိုဖြင့် မဝင်းမြကို လက်တို့ပြီး အပြင်ကိုခေါ်ထုတ်ခဲ့ရန် ခေစနိုင်းလိုက်သည်။ တင်သောင်း၏နှမက ဘာမသိ ဘာမသိဖြင့် ခိုင်းသည့်အတိုင်းသွားပြောသည်။ ပထမတော့ မဝင်းမြက ရှက်ပြီး ခေါင်းခါလိုက်တာကို မြင်လိုက်ရသည်။ တင်သောင်း၏နှမက နောက်တစ်ကြိမ် ထပ်ပြောတော့မှ ထလိုက်လာသည်။

အိမ်နောက်ဘက်က မီးဖိုခန်းထဲရောက်တော့ ကိုထွန်းရွှေက မဝင်းမြလေးရဲ့လက်ကို ဖမ်းဆွဲပြီး နောက်ဖေးပေါက်က ခုန်ချဆင်းပြေးသွားကြတော့သည်။ မမျှော်လင့်တဲ့ အဖြစ်အပျက်က ရုတ်တရက်ဖြစ်တာကြောင့် တင်သောင်း၏နှမ ကြောင်ပြီး ကြက်သေသေနေသည်။ တင်သောင်းက သူ့နှမကို တိုးတိုးကပ်ပြီး ပြောခဲ့သည်။

"မဝင်းမြ ထွန်းရွှေနောက်ကို လိုက်သွားပြီ၊ ဘယ်သူ့ကိုမှ မပြောနဲ့"

တင်သောင်းသည် အိမ်နောက်ဖေးပေါက်က ခုန်ဆင်းပြီး နွားလှည်းရပ်ထားသည့်နေရာကို သုတ်ခြေတင်သွားသည်။ ကိုထွန်းရွှေနှင့် မဝင်းမြတို့ နွားလှည်းပေါ်မှာ ထိုင်နေကြတာ တွေ့ရ၍ အခြေအနေအားလုံး အဆင်ပြေသွားပြီဆိုတာ နားလည်လိုက်သည်။ တင်သောင်းက လှည်းပေါ်ကို အမြန်ဆုံးတက်ပြီး မောင်းထွက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဝင်းမြက သူ့အဝတ်အစားတွေ ထည့်ထားသည့် သားရေတုအိတ်ကလေး လှည်းပေါ်မှာ ပါလာတာတွေ့ရလို့ အံ့ဩဝမ်းသာသွားသည်။ ဝမ်းသာသလို ဝမ်းနည်းသလို ဖြစ်နေသည့် အမူအယာတွေ့ရသည်။ ဒုန်းစိုင်းနေသည့် လှည်းပေါ်မှာ ရှက်လို့ခေါင်းငုံ့ထားသည်။ ကြောက်လို့ အသက်ရှူမြန်နေသည်။

ကိုထွန်းရွှေသည် မဝင်းမြလေးကို မဝံ့မရဲ ဆွဲဖက်ပြီး ရင်ခွင်ထဲဆွဲသွင်းထားလိုက်သည်။ မဝင်းမြသည် မငြင်းဆန်ဘဲ ကိုထွန်းရွှေ၏ ရင်ခွင်ထဲကို အလိုက်သင့်ပါသွားပြီး ကိုထွန်းရွှေ၏ရင်အုပ်ကျယ်ကြီးထဲမှာ မျက်နှာကို ဝှက်ကွယ်ထားလိုက်သည်။

"မြလေး ကြောက်နေလားဟင်"

မဝင်းမြလေးက ပါးစပ်ဖြင့် မဖြေဘဲ ခေါင်းညိတ်ပြသည်။ ကိုထွန်းရွှေက တယုတယဖြစ်သွားအောင် ခပ်တင်းတင်းလေး ဖက်ထားလိုက်သည်။

"မကြောက်ပါနဲ့ မြလေးရယ်၊ မြလေးကို အစ်ကို ချစ်လွန်းလို့ အခုလို အရဲစွန့်ရတာပါ"

မဝင်းမြလေးက ဘာမှပြန်မပြောဘဲ ကိုထွန်းရွှေကို မသိမသာလေး ပြန်ဖက်လိုက်သည်။ (မြလေးလည်း အစ်ကို့ကို ချစ်တယ်။ အားကိုးပါတယ် အစ်ကိုရယ်)ဆိုသည့်သဘောဖြစ်သည်။





တင်သောင်းသည် နောက်လှည့်မကြည့်ဘဲ လှည်းကို ဂရုစိုက်မောင်းနေသည်။ ကိန္နရီချောင်းရွာကို ဦးတည်မောင်းနေသည့် လှည်းယာဉ်သည် ကြာညိုတောရွာက ထွက်လာပြီဖြစ်လို့ အမြန်နှုန်းကို လျှော့ချလိုက်သည်။ လရောင်အောက်မှာ ပုံမှန်ထက်အနည်းငယ်မြန်သော အသွားနှုန်းဖြင့် မောင်းနေသည်။

အခုလောက်ဆိုရင် မဝင်းမြပျောက်သွားတာကို သိလောက်ပြီဟု တွေးနေကြသည်။ အခုမသိသေးတောင် ဓာတ်စက်ဖွင့်တာ သိမ်းသည့်အချိန်မှာတော့ သိကြတော့မည်ဖြစ်သည်။ တင်သောင်း၏နှမက မလွှဲသာမရှောင်သာ ဖွင့်ပြောရတော့မည်ဖြစ်သည်။ ဖွင့်ပြောလို့ သိသွားလျှင် ဘာဖြစ်မလဲ၊ ဘာမှမဖြစ်နိုင်ဟု တွေးနေကြသည်။ ဖြစ်တော့လည်း နောက်ပြဿနာ နောက်မှရှင်းမည်ဟု စိတ်ကူးထားကြသည်။

ကိန္နရီချောင်းရွာကို ညသန်းခေါင်အချိန်မှာ ရောက်သွားကြသည်။ ကိုထွန်းရွှေ၏ အပျော်ဆုံးညဖြစ်သလို မဝင်းမြလေး၏အကြောက်ဆုံးည ဖြစ်ခဲ့သည်။ တင်သောင်းသည် ကိုထွန်းရွှေ၏အိမ်ရှေ့က ဧည့်ခန်းထဲမှာ ခဏတဖြုတ်မေးလိုက်ပြီး နံနက်မိုးစင်စင်မလင်းမီပင် လှည်းမောင်းပြီး စေတီကွင်းရွာကို ပြန်သွားသည်။

မဝင်းမြလေးကို ခိုးပြေးခဲ့သည့်ညက ဦးစိန်မှူး



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဖြစ်ကျန်ရစ်ပုံကို ရက်အတန်ကြာမှ တင်သောင်းကတစ်ဆင့် ပြောပြလို့ ကိုထွန်းရွှေသိရသည်။ တင်သောင်းကိုလည်း သူ့နှမဝမ်းကွဲက ပြန်ပြောပြတာဖြစ်သည်။

တင်သောင်း၏နှမသည် ကတ်တီတည်သူဖြစ်သည်။ ဓာတ်စက်ဖွင့်တာ သိမ်းသည့်အချိန်ဖြစ်သည့် ညဆယ်နာရီလောက်အထိ ဘယ်သူ့ကိုမှ အသိမပေးဘဲ သူနှင့် မဝင်းမြတို့ အိပ်ခန်းထဲမှာ အတူရှိနေကြလေဟန် ဖန်တီးထားခဲ့သည်။ ဓာတ်စက်နားထောင်သူတွေ အားလုံး ပြန်သွားကြလို့ ဓာတ်စက်နှင့် ဓာတ်ပြားတွေသိမ်းတော့မှ မဝင်းမြကို ဓာတ်စက်ဆရာကြီးက ခေါ်သည်။ ဒီတော့မှ တင်သောင်း၏နှမက ဖွင့်ပြောလိုက်သည်။

ဓာတ်စက်ဆရာကြီး အံ့ဩသွားသော်လည်း စိတ်ဆိုးသည့်လက္ခဏာ မတွေ့ရဟုသိရသည်။ ကိန္နရီချောင်းရွာကနေ ရွာစဉ်လျှောက်လိုက်ပြီး ဓာတ်စက်နားထောင်သည့် ထွန်းရွှေဆိုတဲ့ကောင်လေးနဲ့ လိုက်ပြေးတယ်လို့ သိသွားသောအခါ ဓာတ်စက်ဆရာကြီးက ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်ဟုဆိုသည်။ (အချိန်တန်အရွယ်ရောက်နေပြီဆိုတော့ သူနှစ်သက်မြတ်နိုးတဲ့သူနဲ့တွေ့လို့ လိုက်သွားတာပေါ့ကွယ်) လို့ ငြီးတွားသည်ဟုဆိုပါသည်။



## အခန်း (၅)

ကိုထွန်းရွှေသည် မဝင်းမြကို ရအောင် သူကြိုးစားခဲ့ပုံကို ပြောရလို့ မောသွားဟန်တူသည်။ ခွက်လက်ကျန်ကို မော့သောက်ချလိုက်သည်။ ကျွန်တော့်အတွက်တော့ အချစ်ဝတ္ထုတစ်ပုဒ်ထဲက ပျောက်နေသည့် စာမျက်နှာကို ပြန်တွေ့ရလို့ ဝမ်းသာသွားသည်။ ကိုထွန်းရွှေသည် မဝင်းမြကို ခိုးယူလာပြီးနောက် မင်္ဂလာဆောင်တာ၊ အိမ်ပြောင်းရွှေ့နေထိုင်တာတွေကို ကျွန်တော်သိခဲ့သည်။ ကိုထွန်းရွှေနှင့် မဝင်းမြတို့မှာ သမီးလေးတစ်ယောက် ရသည်အထိ ကျွန်တော် သိခဲ့သည်။ ကျွန်တော် ရွာကထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ကို တက်လာတော့ ကိုထွန်းရွှေနှင့် မဝင်းမြတို့ မိသားစုလေး ကီနွရီချောင်းရွာမှာ ပျော်ရွှင်စွာ ကျန်ရစ်ခဲ့ကြသည်။

အခုတော့ ပျော်စရာအိမ်ထောင်စုလေးသည် နှစ်ခြမ်းကွဲပြီး ပြိုလဲခဲ့ပြီဟု သိရ၍ စိတ်မကောင်းဖြစ်မိပါသည်။ မဝင်းမြနှင့် သမီးလေးတို့ ဘယ်လိုနေထိုင်စားသောက် နေကြသလဲ။ ရပ်ဝေးလေ့ ရွာဝေးလေ့အရ ဖေါက်ပြန်တဲ့ မိန်းမဆိုပြီး မဝင်းမြကို ရပ်ရွာက ဆေးဖော်ကြောဖက် မလုပ်ဘဲ နေကြလေသလား။ ကာမဘီလူး အချောင်သမား ကိုအောင်တင်နဲ့ ပြန်ဆက်ပြီး အရှက်ကင်းမဲ့စွာ ရပ်ရွာကို မျက်နှာပြောင်တိုက်နေလေရော့သလား စသည်ဖြင့် ကျွန်တော် စဉ်းစားနေမိပါသည်။

ကိုထွန်းရွှေကတော့ ရန်ကုန်မြို့ကို ရောက်လာပြီးနောက် ဘဝအသစ်မှာ စိတ်သစ် လူသစ်ဖြစ်အောင် ကြိုးစားရင်း မဝင်းမြနှင့် သမီးလေးကို မေ့နိုင်အောင် ကြိုးစားနေသည်။ နံနက် စောစော အလုပ်သွားသည်။ ညနေမိုးချုပ်မှ သာကေတအိမ်ကို ပြန်လာသည်။ စနေနှင့် တနင်္ဂနွေနေ့တွေမှာ ကျွန်တော်တို့နှင့်အတူ အရက်သောက်သည်။ ရပ်အကြောင်း ရွာအကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ ရယ်ကြဖြင့် ဘဝသစ်မှာ ပျော်ရွှင်စပြုလာပါသည်။





အတိတ်ရိုင်းမှာ မက်ခဲ့သည့် အိပ်မက်ဆိုးကြီးကို မေ့သွားပြီလို့တောင် ထင်ရလောက်အောင် ကိုထွန်းရွှေ ပျော်နေတာကို မြင်ကြရသည်။

ကိုထွန်းရွှေ၏ ပျော်ရွှင်စပြုနေပြီဖြစ်သည့် ဘဝသစ်ကို ဖြိုဖျက်ပစ်သည့် နေ့တစ်နေ့သည် မမျှော်လင့်ဘဲ ရောက်လာခဲ့ပါသည်။

ထိုနေ့နံနက် ၉နာရီလောက်တွင် ယောက်ျားကြီးနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့သည် ကျွန်တော်တို့လမ်းထဲက အိမ်တွေကို ဝင်ပြီး ကျွန်တော့်အစ်ကို၏ နာမည်ကို မေးနေသည်။ လမ်းထဲက တစ်စုံတစ်ယောက်က ညွှန်လိုက်၍ ကျွန်တော်တို့အိမ်ရှေ့ကို မဝံ့ မရဲ ရောက်လာကြသည်။ အိမ်ရှေ့ကိုရောက်လာသူတွေက ဒီအိမ်ဟာ ဘယ်သူဘယ်ဝါရဲ့အိမ် ဟုတ်ပါသလားဟု မမေးရသေးမီပင် ကျွန်တော့်အဖေက ယောက်ျားကြီးနှစ်ယောက်လုံးကို မှတ်မိပြီး သူတို့နာမည်တွေကို လှမ်းခေါ်လိုက်သည်။

ဒီတော့မှ ကီနွရီချောင်းရွာက လူကြီးတွေဆိုတာကို ကျွန်တော် မှတ်မိတော့သည်။ လူကြီးတွေနောက်က သားရေတုအိတ်ကလေးကို ပိုက်ပြီး ရပ်နေသည့် အမျိုးသမီးကို သေသေချာချာ ကြည့်လိုက်တော့မှ မဝင်းမြကို ကျွန်တော် မှတ်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေက သူ့လူတွေကို ကြိုဆိုသလို ကျွန်တော်က မဝင်းမြကို နွေးထွေးစွာ ကြိုဆိုလိုက်ပါသည်။ 'မမ'လို့ခေါ်လိုက်ပြီး သူ့လက်ထဲက ခရီးဆောင်သားရေတုအိတ်ကို လှမ်းယူလိုက်ပါသည်။ အားငယ်လာသူကို အားပေး ကူညီရမည်ဆိုသည့် အတွေးဖြင့် ကြိုဆိုလိုက်ခြင်းဖြစ်သည်။

ကျွန်တော့်အဖေကတော့ သူတို့ခေတ်ကမူအတိုင်း မဝင်းမြကို အိမ်ထောင်ရေး ဖောက်ပြန်သည့်မိန်းမပျက်ဆိုသည့် စွဲချက်ဖြင့် ဟန်ရေးမပျက်သော ဆက်ဆံတာတွေ့ရသည်။ ကိုထွန်းရွှေ၏ပြောစကားတွေကို နားဝင်နေပြီဖြစ်လို့ မဝင်းမြကို ခပ်စိမ်းစိမ်းသာ ကြိုဆိုသည်။ ဖြစ်နိုင်လျှင် အိမ်မှာလက်မခံချင်သည့် အမူအယာတောင် တွေ့ရသည်။ ကျွန်တော့်အဖေသည် ဂျပန်ကင်ပေတိုင် ဗိုလ်လိုပုဂ္ဂိုလ်မျိုး ဖြစ်သည်။ လူနှစ်ယောက် ပြဿနာဖြစ်လာလျှင် သူ့လူသာအမှန်။ သူ့လူနှစ်ယောက်ဖြစ်လာလျှင်တော့ ဦးခင်လျှင် ခင်လာတိုင်တဲ့အကောင်က အမှန်ဟု ဆုံးဖြတ်သူဖြစ်သည်။

အခု မဝင်းမြနှင့် ကိုထွန်းရွှေကိစ္စမှာလည်း ကိုထွန်းရွှေက သူ့လူဖြစ်နေသည်။ တရားခံကို ပြန်လှန်ချေပခွင့်မပေးဘဲ သေဒဏ်အမိန့်ချမှတ်မည့် တရားသူကြီးနဲ့





အတော်တူသည်။

မဝင်းမြသည် ကိုထွန်းရွှေကို တောင်းပန်ပြီး ပြန်ပေါင်းချင်လို့၊ သို့မဟုတ် ကိုထွန်းရွှေကို တစ်စုံတစ်ရာ ရှင်းပြချင်လို့ ကိုထွန်းရွှေ ရှိရာ ရန်ကုန်မြို့ကို စုံစမ်းပြီး ရောက်လာတာ သေချာသည်။ နံနက်စောစော 'ရောက်လာပါက ကိုထွန်းရွှေနှင့် တွေ့လိုက်ရမည်ဖြစ်သည်။ တွေ့ကြပြီဆိုလျှင် ကိုထွန်းရွှေနှင့် မဝင်းမြတို့၏ ရှည်လျားသည့် အချစ်ဇာတ်လမ်းအဆက်ကို မြင်တွေ့ရတော့မည် ဖြစ်သည်။ ဘယ်လိုပုံစံဖြင့် ဇာတ်လမ်းဆက်ကြမလဲ။ ပျော်ရွှင်ကြည်နူးစွာဖြင့် ဇာတ်လမ်းဆက်သွားကြလျှင် ကောင်းမည်ဟု တွေးမိသည်။ ဇာတ်လမ်းမဆက်ကြတော့ဘဲဇာတ်သိမ်းလိုက်ကြမလား။ ဘယ်ပုံစံဖြင့်ဇာတ်သိမ်းကြမလဲ။ ပျော်ရွှင်ကြည်နူးစွာ ဇာတ်ပေါင်းနိုင်ကြပါစေလို့ ဆုတောင်းနေမိပါသည်။

မဝင်းမြကို လိုက်ပို့သည့် ကိန္နရီချောင်းရွာသားကြီးနှစ်ယောက်သည် ငါးခြောက်ကုန်သည်၊ နွားကုန်သည်တွေ ဖြစ်သည်။ တောင်ကုတ်မြို့မှ ရခိုင်ရိုးတောင်ကြီးကို ကျော်ဖြတ်ပြီး ပြည်မြို့မှတစ်ဆင့် ရန်ကုန်ကို ကုန်ပစ္စည်းဝယ်ရန်လာသူတွေဖြစ်သည်။

ရခိုင်ရိုးတောင်ကြီးပေါ်မှာ ခရီးဆောင်သားရေတုအိတ်ကို ရွက်ပြီး ခြေလျင်လျှောက်နေသည့် မဝင်းမြကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ စောင့်ရှောက်ပြီး ခေါ်ယူလာခဲ့သည်ဟု သိရသည်။ ကိုထွန်းရွှေကို ပြန်ပေါင်းချင်လို့ သို့မဟုတ် တွေ့ချင်လို့ တွေ့ပြီး တစ်စုံတစ်ရာ ရှင်းပြချင်လို့ စွန့်စားရောက်ရှိလာသည့် မဝင်းမြကို ကြည့်ပြီး ကျွန်တော်အံ့ဩသွားသည်။ မဝင်းမြကို သနားသွားတာဖြစ်နိုင်သည်။

တောင်ကုတ်တောင်ကျော်လမ်းသည် အင်္ဂလိပ်လက်ထက်က ဖေါက်လုပ်ခဲ့သော လမ်းဖြစ်သည်။ စစ်လော်ရီကားကြီးများနှင့် ယန္တရားကြီးများ သွားနိုင်ရုံလောက်သာ ဖေါက်လုပ်ခဲ့သောလမ်းဖြစ်၍ သာမန်ကုန်ကားတွေ ခက်ခက်ခဲခဲ မောင်းနှင်နေကြရသည်။ သာမန်ကုန်သည်အများစုနှင့် နွားကုန်သည်တွေကတော့ ရခိုင်ရိုးတောင်ကြီးကို ခြေလျင်လျှောက်ပြီး ဖြတ်ကျော်ကြသည်။ တောင်ကျော်လမ်းမှာနှစ်ညအိပ်ပြီးသောအခါပြည်မြို့တစ်ဘက်ကမ်းက ပန်းတောင်း၊ ဥသျှစ်ပင်မြို့တွေကို ရောက်သွားကြသည်။

ကိန္နရီချောင်းရွာက အဖေ့သူငယ်ချင်း နွားကုန်သည်ကြီး နှစ်ယောက်ကတော့ ရခိုင်က နွားတစ်အုပ်ကို ပြည်မြို့မှာ ရောင်းရန်အတွက် နွားအုပ်ကိုမောင်းပြီး ခြေလျင်လျှောက်လာခဲ့ကြသည်ဟု သိရသည်။ မိုးထိတောင်ထိပ်ပေါ်မှာ တောရိပ်တောင်ရိပ်ကိုခိုပြီး ခရီးကြမ်းကို ပင်ပန်းကြီးစွာ လျှောက်လှမ်းနေသည့် အမျိုးသမီးတစ်ယောက်





ကို တွေ့ရ၍ အံ့ဩသွားကြသည်။ အနားရောက်လို့ အမျိုးသမီးရဲ့ မျက်နှာကို သေသေချာချာကြည့်လိုက်တော့မှ ပိုပြီး အံ့ဩကြရတော့သည်။

"ဟဲ့ ဝင်းမြပါလား။ နင်ဘယ်ကို သွားနေတာလဲ"

မဝင်းမြသည် ကိုယ့်ရွာသား နွားကုန်သည်တွေနဲ့ လူသူမနီးတဲ့တောင်ကြီးပေါ်မှာ မမျှော်လင့်ဘဲ တွေ့ရလို့ ဝမ်းသာရမည့်အစား ဝမ်းနည်းလွန်းလို့ လမ်းဘေးမှာ ထိုင်ချပြီး အားရအောင် ငိုပစ်လိုက်သည်။ ကိန္နရီချောင်းရွာသား နွားကုန်သည်တွေက မဝင်းမြရဲ့အကြောင်းကို အစအဆုံး သိထားသူတွေဖြစ်လို့ သူ့ယောက်ျားကိုထွန်းရွှေနောက်ကို လိုက်နေတာဖြစ်မည်ဟု ထင်ကြသည်။ မဝင်းမြသည် အားရအောင် ငိုပြီးမှ သူသွားနေသည့် ခရီးကို ပြောပြသည်။

"သူ့နောက်ကိုလိုက်မလို့ပါ အစ်ကိုရယ်"

"သူက ဘယ်မှာတဲ့လဲ"

"သာကေတမြို့က ဦးလှအေး၊ ဒေါ်ကျေးဥတို့အိမ်မှာ နေတယ်လို့ သတင်းရထားတယ်"

"အင်း ဖြစ်နိုင်တယ်။ ကိုလှအေးနဲ့ မကျေးဥရဲ့သားက ထွန်းရွှေရဲ့သူငယ်ချင်း"

"ဟုတ်တယ်အစ်ကိုရယ်။ အဲဒီအိမ်မှာ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်လို့ သတင်းရတာပဲ"

"မင်းနှယ်ကွယ် . . . ဒီလမ်းဒီခရီးမှာ မိန်းမသား တစ်ယောက်တည်း ခရီးသွားနေတာများ အံ့ပါရဲ့။ တောင်ကုတ်ကတက်မယ့် ကုန်ကားအကြုံကို စောင့်သင့်တယ်"

"ခရီးသွားနေရင်း လမ်းခရီးမှာ ခရီးပန်းလို့ပဲ သေသေ၊ သူများသတ်လို့ပဲ သေသေ၊ သေသွားရင်ပြီးရော ပေါ့၊ အစ်ကိုရယ်၊ ဒုက္ခငြိမ်းတာပေါ့"

မဝင်းမြက သူသည် တောင်ကုတ်မြို့မှ ကုန်ကား တစ်စီးကို မေတ္တာရပ်ခံပြီး စီးလိုက်လာခဲ့သည်ဟု ဆိုပါ သည်။ ကုန်ကားအိုကြီးသည် ရခိုင်ရိုးတောင်ကြီးကို ပင်ပန်း ကြီးစွာ ကုတ်ခြစ်တက်နေရာမှ တောင်ခွပ်လပ်က ညောင် ကျိုးစခန်းရောက်ခါနီးမှ ပျက်သွားလေတော့သည်။ ပျက် တာက တော်ရုံသင့်ရုံ ပျက်တာမဟုတ်ဘဲ ကြီးကြီးမားမား ပျက်တာဟု သိရသည်။ ကားသမားတွေ အပြောအရ ဂီယာဘောက်ချရမည်ဟု ဆိုသည်။ တောင်ပေါ်မှာ တစ် ပါတ် ဆယ်ရက်ကြာသွားနိုင်သည်ဆို၍ တစ်ယောက်တည်း အရဲစွန့်ပြီး လျှောက်နေခြင်းဖြစ်သည်ဟု ပြောပြသည်။

ညောင်ကျိုးစခန်းအလွန်က ဝါးခုတ်သမား မိသား စုလေးရဲ့ တဲမှာ တစ်ညအိပ်ခဲ့ပြီး ခရီးဆက်သွားနေစဉ် နွား မောင်းသမားအုပ်စုနဲ့ တွေ့ ခြင်းဖြစ်သည်။ နွားသမားတွေ





ထဲမှာ ကိန္နရီချောင်းရွာသားနှစ်ယောက် ပါလာ၍ မဝင်းမြ ကံကောင်းသွားသည်။ မဝင်းမြ သွားလိုရာကို ရောက်အောင် ပို့ပေးမည်။ ကိုထွန်းရွှေကို တွေ့အောင်ကူရှာပေးမည်လို့ အားပေးစကား ပြောပြီး စောင့်ရှောက်ခေါ်ဆောင်လာခဲ့ကြ ခြင်းဖြစ်သည်။ ရွာက နွားသမားနှစ်ယောက်က ဆယ်နှစ် လောက် ကြာအောင် ကွဲကွာနေသည့် ကျွန်တော့်အဖေနဲ့ ပြန်တွေ့ချင်ကြတာကြောင့်လည်း ကျွန်တော်တို့အိမ်ကို တွေ့အောင်ရှာပြီး လာပို့ခြင်းဖြစ်သည်။

ကျွန်တော်တို့မိသားစုနှင့် ညီ့သည်သုံးယောက် တို့ နေ့လယ်စာ စားပြီးသောအခါ နွားကုန်သည်ကြီး နှစ် ယောက်တို့က သူတို့မှာ ရောင်းစရာ ဝယ်စရာကိစ္စတွေ ရှိသေးသည်ဆိုပြီး ပြန်သွားကြတော့သည်။ ကျွန်တော့် အဖေ၊ အမေ၊ ကျွန်တော်နှင့် မဝင်းမြတို့သာ အိမ်မှာရှိ နေကြသည်။ ကျွန်တော့်အစ်ကိုက ဒီနေ့ စစ်တပ်ထဲမှာ ညဂျူတီစောင့်ရမည်ဖြစ်၍ ညနေမှာ အလုပ်ကပြန်လာ မည်မဟုတ်။ ကိုထွန်းရွှေကတော့ ညနေ ဖနာရီခွဲလောက် မှ ရောက်မည်။ သူ့အလုပ်ရှင်ရဲ့အိမ်မှာ ရေချိုး၊ ထမင်းစား ပြီးမှ သာကေတကို လာမည်ဖြစ်၍ နေ့စဉ် မိုးချုပ်ခါနီးမှ ရောက်လာလေ့ရှိသည်။

ကျွန်တော့်အဖေနှင့် အမေတို့သည် မဝင်းမြကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပုံ ခပ်စိမ်းစိမ်းဖြစ်နေကြသည်။ တောသူတောင်သားတို့၏ဓလေ့စရိုက်အတိုင်း လင်ကြီးရှိလျက်နဲ့ လင်ငယ်နဲ့ဖေါက်ပြန်ခဲ့တဲ့ မိန်းမဆိုတဲ့ စွဲချက်ဖြင့် မဝင်းမြ၏မျက်နှာကို ကြည့်ရမှာ အားနာနေကြသလိုဖြစ်နေသည်။ မဝင်းမြကလည်း နောက်ကြောင်းမရှင်းခဲ့သည့်အတွက် ကျွန်တော့်အဖေနှင့် အမေတို့ကို မျက်နှာချင်းဆိုင်ပြီး ကြာကြာထိုင်ရမှာ ရှက်နေသည်။

ကျွန်တော်တစ်ယောက်သာ မဝင်းမြ၏နောက်ကြောင်း' ရာဇဝင်ကို မသိဟန်ဆောင်ပြီး အလိုက်သင့် ဆက်ဆံပြောဆိုနေသည်။ မဝင်းမြနှင့် ရပ်အကြောင်း၊ ရွာအကြောင်း။ သာကြောင်း မာကြောင်းတွေ မေးပြောလုပ်သည်။ ပြောစရာစကားတွေ ကုန်သလောက်၊ စုံသလောက်ဖြစ်သွားသောအခါ ခရီးပန်းလာသည့် မဝင်းမြကို လှဲလျောင်းအနားယူစေသည်။ လှဲနေသော်လည်း အိပ်ဟန်မတူ။ ညနေမိုးချုပ်လို့ ကိုထွန်းရွှေ ပြန်လာလျှင် ရင်ဆိုင်ရမည့် အခြေအနေကို တွေးပြီး စကားလုံး ရွေးနေတာဖြစ်မည်။

ညနေ ၆နာရီထိုးပြီဖြစ်သည်။ ကိုထွန်းရွှေ ရောက်လာတော့မည်။ ၆ နာရီမခွဲမီ ရောက်လာမြဲဖြစ်သည်။ မဝင်းမြက စိုးရိမ်စိတ်ဖြင့် ရင်ခုန်နေပေလိမ့်မည်။ မဝင်းမြသာမက ကျွန်တော်ပါ ရင်ခုန်နေသည်။ သူတို့နှစ်ယောက်





ရင်ဆိုင်တွေကြလျှင် ဘာတွေဖြစ်ကြမည်မသိ။ စိတ်မထိန်းနိုင်လို့ ပေါက်ပေါက်ကွဲကွဲ ဖြစ်ကြလျှင် ဆွဲလား လွဲလားလုပ်ရဦးမည်အထိ တွေးနေမိသည်။ ပေါက်ပေါက်ကွဲကွဲမဖြစ်စေချင်သည့် ကျွန်တော်က ပိုပြီးစိတ်လှုပ်ရှားနေတယ်လို့တောင် ထင်မိသည်။ ၆နာရီ ၁၅ မိနစ်ရောက်သောအခါ ကျွန်တော် အိမ်ပေါ်မှာမနေနိုင်တော့လို့ လမ်းထိပ်က ကွမ်းယာဆိုင်နားကို သွားပြီး ကိုထွန်းရွှေကို ကြိုစောင့်နေမိသည်။

၆နာရီ ၂၅မိနစ်မှာ ရောက်လာသော နံပါတ် ၃ ဘတ်စ်ကားပေါ်က ကိုထွန်းရွှေ ဆင်းလာပါသည်။ ကျွန်တော့်ကို မြင်တော့ ပြုံးရွှင်ရယ်မောလိုက်ပါသေးသည်။ ကျွန်တော်တို့အိမ်မှာ သူ့ကိုစောင့်ကြိုနေသည့် အရေးကြီးဧည့်သည်ရောက်နေတယ်ဆိုတာကို မသိသေး၍ ပြုံးရယ်လိုက်ခြင်းဖြစ်သည်။ အတိတ်က အိပ်မက်ဆိုးကြီးကို မေ့ပျောက်လုနီးပါးဖြစ်နေ၍ ပြုံးနိုင်ရယ်နိုင်ခြင်း ဖြစ်သည်။ သူ့မျက်နှာပေါ်က အပြုံးတွေဟာ မကြာမီပျောက်ကွယ်သွားတော့မည်ဆိုတာကို ကျွန်တော်သာ သိသည်။

ကျွန်တော်သည် ကိုထွန်းရွှေ၏ လက်ကို ဆွဲကိုင်ပြီး စကားပြောရန် အားယူလိုက်သည်။ ကျွန်တော့်အပြုအမူက နေ့စဉ်နှင့်မတူဘဲ ထူးခြားနေသမို့ ကိုထွန်းရွှေ



www.burmeseclassic.com

www.burmeseclassic.com



တောင် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။

"အစ်ကိုကြီး အိမ်မှာ မမ ရောက်နေတယ်"

"ဘယ်က မမလဲကွ"

ကျွန်တော့်စကားကိုကြားတော့ ကြောင်တောင်တောင်ဖြစ်သွားသည်။ ကျွန်တော်သည် သူ့မိန်းမကို မမလို့ခေါ်ပြောပြီး တရင်းတနှီးမရှိခဲ့သည့်အတွက် ဘယ်က မမကို ပြောတာပါလိမ့်ဟု တွေးနေတာဖြစ်မည်။

"မမ မဝင်းမြရောက်နေတယ်"

ကိုထွန်းရွှေသည် ကျွန်တော်ကိုင်ထားသည့် သူ့လက်ကို ဆောင့်ရုန်းလိုက်ပြီး နောက်တစ်လှမ်းဆုတ်လိုက်သည်။ အိမ်ကို မလိုက်တော့ဘဲ နောက်ကြောင်းပြန်ပြေးဖို့ ဟန်ပြင်သည်။

"ဒီမိန်းမ ဘာလာလုပ်တာလဲကွ။ ငါမလိုက်တော့ဘူးကွာ။ မြို့ထဲပြန်တော့မယ်"

"ဒီလိုမလုပ်ပါနဲ့ အစ်ကိုကြီးရယ်. . .။ အစ်ကိုကြီးကို တွေ့ချင်လို့ စွန့်စားပြီးလိုက်လာတာ။ သူ ဘာပြောချင်လို့ လာတာလဲဆိုတာ သိရအောင် အတွေ့ခံလိုက်ပါဗျာ"

"ငါ သူ့ကို မတွေ့ချင်ဘူးကွာ။ သူ့ရုပ်ကိုလည်း မကြည့်ချင်ဘူး၊ သူ့အသံကိုလည်း မကြားချင်ဘူး"

တစ်ခါက ချစ်လွန်းလို့၊ ကြိုက်လွန်းလို့၊ မရလျှင်





မနေနိုင်လို့ စွန့်စားပြီးရအောင်ယူခဲ့သည့်မိန်းမ၏ ရုပ်ကိုလည်း မကြည့်ချင်၊ အသံကိုလည်း မကြားချင်တော့ဘူးဆို၍ ကျွန်တော် အံ့ဩသွားပါသည်။ အတော့်ကို စိတ်နာနေပုံရသည်။ အချစ်ကြီးခဲ့လို့ အမျက်ကြီးတဲ့သဘောဖြစ်မည်။

"အဲဒီလိုမလုပ်ပါနဲ့ အစ်ကိုကြီးရယ်။ အစ်ကိုကြီးကို တွေ့ချင်လို့ သူ့ခမျာ စွန့်စွန့်စားစား လိုက်လာတာပါ။ သူဘာလုပ်ချင်လို့လာတာလဲ၊ ဘာပြောချင်လို့ လာတာလဲဆိုတာကို သိရအောင် အတွေ့ခံလိုက်ပါ၊ အစ်ကိုကြီးရာ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

ကျွန်တော် ကိုထွန်းရွှေ၏လက်ကိုဆွဲခေါ်လာခဲ့သည်။ ကိုထွန်းရွှေသည် ဒီနေ့ကျမှ အိမ်ကိုပြန်မလာဘဲ နေလျှင် ကျွန်တော့်ပယောဂမကောင်းရာကျတော့မည် ဖြစ်သည်။ သူ့ဟာသူ ပုံမှန်အတိုင်း အိမ်ပြန်လာတာကို ကျွန်တော်က လမ်းထိပ်ထွက်ပြီး သတင်းပို့လိုက်လို့ နောက်ကြောင်းပြန်ပြေးသွားသည်ဆိုလျှင် ကျွန်တော်၏ တာဝန်မကောင်းဖြစ်သွားမည်။

ကျွန်တော်က လမ်းထိပ်က စောင့်ကြိုပြီး သတင်းပို့တာကိုက ရည်ရွယ်ချက်ရှိသည်။ ကိုထွန်းရွှေနှင့် မဝင်းမြတို့ကို တွေ့စေလို၍ဖြစ်သည်။ သူတို့ချင်း တွေ့ကြပြီး ပြန်ပေါင်းကြလေသတည်း ဖြစ်စေချင်၍ဖြစ်သည်။ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အတိုင်း အိမ်ပြန်လာသည့် ကိုထွန်းရွှေသည် အိမ်ပေါ်မှ မဝင်းမြကို ရုတ်တရက်တွေ့လိုက်လို့ ဒေါသထွက်ပြီး ပြန်လှည့်သွားမည်စိုး၍ လမ်းထိပ်က လာစောင့်နေခြင်း ဖြစ်သည်။

အိမ်ပေါ်ရောက်လျှင် ရင်ဆိုင်ရမည့် အခြေအနေကို ကြိုတင်သိထား၍ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။ အကျိုးအကြောင်းပြောပြပြီး ချော့မော့ခေါ်လာတော့လည်း ဆုတ်ကန် ဆုတ်ကန်ဖြင့် လိုက်ပါလာသည်။ အသဲအသက်တမျှ ချစ်ခဲ့ရသည့် မယားကို စိတ်နာလွန်း၍ စွန့်ပစ်ခဲ့ရသော်လည်း ဆယ်လကျော် တစ်နှစ်နီးပါးမျှ ကြာလာသောအခါ အနည်းငယ် စိတ်ပြေသွားတာလည်း ဖြစ်နိုင်သည်။ တွေ့ချင်မြင်ချင်တာလည်း ဖြစ်နိုင်သည်။ သူ့လက်ကို ကျွန်တော်ဆွဲခေါ်လာတာဟာ အားစိုက်ပြီး ဆွဲစရာမလိုဘဲ အလိုက်သင့်ပါလာသည်။ သို့သော် အရှက်ပြေ ဟန်လုပ်ရမည့် တာဝန်ရှိနေ၍ အိမ်နားရောက်တော့မှ ခပ်တင်းတင်းလေးဖြစ်လာ၍ ခပ်ဆောင့်ဆောင့်လေး ဆွဲခေါ်ခဲ့ရသည်။

အိမ်ပေါ်ရောက်တော့ နေ့စဉ်သူထိုင်နေကျနေရာဖြစ်သည့် ဧည့်ခန်းက ခေါင်းရင်းဘက်ကျကျနေရာ ကြမ်းခင်းမှာ ထိုင်ချသည်။ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ





ဆေးပေါ့လိပ်ကို မီးညှိဖွာနေသည်။

ကျွန်တော်တို့အိမ်သည် အခေါင်ခေါင် အခန်းခန်းတွေဖြင့် ဖွဲ့ထားသော ကျယ်ဝန်းကြီးမားသည့်အိမ် မဟုတ်ပါ။ အတွင်းတစ်ခန်းအပြင် တစ်ခန်းသာရှိသော အိမ်ဖြစ်၍ မဝင်းမြ ဘယ်အခန်းမှာ ရှိတယ်ဆိုတာကို မမေးဘဲ သိနိုင်သည်။

မဝင်းမြကလည်း ကိုထွန်းရွှေအိမ်ပေါ် တက်လာတာ မြင်လို့ မျက်နှာပြရမှာ ရှက်ပြီး အိမ်သာတက်သလိုလိုဖြင့် နောက်ဘက်ခန်းကို ဝင်သွားသည်။ အိမ်သာက ထွက်ပြီး ရေသောက်ပြီးသော်လည်း ကိုထွန်းရွှေရှိရာ အိမ်ရှေ့ခန်းကို ထွက်ရမှာ ရှက်နေဟန်တူသည်။ ကြောက်နေတာလည်း ဖြစ်နိုင်သည်။ သူ့များအိမ်နောက်ဘက်ခန်းမှာ ကြာကြာနေလို့လည်း မဖြစ်၍ ထွက်လာရတော့သည်။

မဝင်းမြသည် အိမ်နောက်ဘက်ခန်းမှာ အကြောင်းမဲ့ကြာနေလို့ မသင့်တော်လို့သာ အိမ်ရှေ့ကို ထွက်လာရသော်လည်း ဘယ်နေရာမှာ ထိုင်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ ကိုထွန်းရွှေ ထိုင်နေသည့်နေရာနှင့် ရှစ်ပေမျှသာ ကွာဝေးသည့် ပုဏ္ဏားကွယ်တိုင်ကိုမှီပြီး ထိုင်ချလိုက်သည်။ ကိုထွန်းရွှေက လမ်းဘက်ကို လှည့်ထိုင်နေသည်။ မဝင်းမြက ပုဏ္ဏားကွယ်တိုင်ကိုမှီထိုင်ပြီး လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ကျောပေးထားသည်။ ကိုထွန်းရွှေနှင့် ဘေးတိုက် ဆန့်ကျင်ဘက် အနေအထားဖြင့် ထိုင်နေခြင်းဖြစ်သည်။ ကြံဖန် နိမိတ်ကောက်တတ်သူတွေ မြင်ပါက ပုဗ္ဗနိမိတ် မကောင်းဟုဆိုကြမည် ထင်သည်။

ကိုထွန်းရွှေကို တွေ့ချင်လို့ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ပြီး လိုက်လာသော မဝင်းမြသည် သူတွေ့ချင်သည့် ကိုထွန်းရွှေကို တွေ့နေပြီ ဖြစ်သည်။ တွေ့ပြီဆိုတော့ ဘာပြောမလဲ၊ ဘာလုပ်မလဲ ဆိုတာကို ကျွန်တော်တို့ မိသားစုက စောင့်ကြည့်နားစွင့် နေကြသည်။

အဲဒီလို စောင့်ကြည့်နားစွင့်နေခဲ့ကြတာကိုက ကျွန်တော်တို့မိသားစုရဲ့ မဟာအမှားကြီး ဖြစ်ခဲ့သည်ဆိုတာ ကို နှောင်နှစ်ပေါင်း အတော်ကြာပြီးမှ ကျွန်တော် သိခဲ့ သည်။ ကျွန်တော်တို့မိသားစုရှေ့မှာ ဖြစ်နေ၍ စကားပြော ရမှာ ရှက်နေကြပြီး ဘာမှမပြောဖြစ်၊ ဘာမှဖြစ်မလာ၊ ရပ် အကြောင်း ရွာအကြောင်း ထွေရာလေးပါးတွေကိုသာ ပြော ကြပြီး အိပ်ရာဝင်လိုက်ကြသည်။

အကယ်၍သာ ကျွန်တော်တို့မိသားစုက အလိုက် သိစွာဖြင့် ရှောင်ပေးလိုက်ပြီး သူတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ခွင့်ပေးလိုက်မည်ဆိုလျှင် တစ်





ယောက်ကို တစ်ယောက်က ချစ်လွန်း ကြိုက်လွန်းလို့ ညားခဲ့ကြတဲ့ ငယ်လင်ငယ်မယားပဲဗျာ၊ မသာကာရင် သတ် ကြပုတ်ကြတဲ့အပြင် ဝိုပြီး မဖြစ်နိုင်ပါဘူး။ ပြီးတော့လည်း ပြီးသွားကြမှာပဲ။ သတ်ကြပုတ်ကြရင်း ငိုယိုရှင်းပြလို့၊ တောင်းပန်ဝန်ချလို့ သည်းခံခွင့်လွှတ်လိုက်သည် စသည် ဖြင့် ဖြစ်သွားနိုင်ပါသည်။

လင်နဲ့မယားဆိုတာ ရန်ဖြစ်လို့ သတ်ကြ ပုတ်ကြ ပြီးမှ ပြန်ချစ်ရတာ အလွန်အရသာရှိတယ်ဆိုတာကို လူတိုင်းသိကြသည်။ ရန်ဖြစ်ပြီးမှ အတူပြန်အိပ်တဲ့ညမှာ တစ်ညလုံး မအိပ်ကြတော့ဘဲ ချော့လိုက်၊ ပြောလိုက်ဖြင့် မိုးလင်းသွားလေ့ရှိသည်။ ဒီသဘာဝကို မသိသည့် ကျွန်တော် တို့မိသားစု၏ အလိုက်ကန်းဆိုး မသိမှုကြောင့် ကိုထွန်း ရွှေနှင့် မဝင်းမြတို့ ပြန်တွေ့ကြသည့် ညမှာ ဘာမှဖြစ် မလာဘဲ တကွဲတပြား အိပ်ရာဝင်ခဲ့ကြရသည်။

ကိုထွန်းရွှေက သူအိပ်နေကျနေရာဖြစ်သည့် ဧည့်ခန်းထဲက ဘုရားစင်ရှေ့မှာ အိပ်သည်။ မဝင်းမြက အိပ်ခန်းထဲက ကျွန်တော့်အမေရဲ့ အိပ်ရာဘေးမှာ ဝင်အိပ် သည်။ တစ်ယောက် တစ်နေရာစီ အိပ်နေကြသော်လည်း သူ့အကြောင်း ကိုယ်တွေး၊ ကိုယ့်အကြောင်း သူတွေး၊ ကိုယ့်အကြောင်း ကိုယ်ပြန်တွေးဖြင့် အိပ်၍မပျော်နိုင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေကြမည်မှာ သေချာသည်။ မိုးလင်းလျှင် ဘယ်လိုပုံစံဖြင့် ရပ်တည်ကြမလဲဆိုတာကိုလည်း တွေးနေကြပေလိမ့်မည်။

ကျွန်တော်တို့ မိသားစုကတော့ လျော့တွက်ပြီး အကောင်းဘက်ကို မျှော်လင့်နေခဲ့ကြသည်။ မဝင်းမြရောက်လာစမို့ ကာယကံရှင်နှစ်ယောက်လုံး ရှက်ပြီး ခပ်အမ်းအမ်း၊ ခပ်တန်းတန်း ဖြစ်နေကြသေးတာလို့ပဲ ထင်ထားခဲ့ကြသည်။ တစ်ပါတ်ဆယ်ရက်ခန့် တစ်အိမ်တည်းအတူနေလာလျှင် သံယောဇဉ်ပြန်ဖြစ်လာပြီး စကား တစ်ခွန်းစ၊ နှစ်ခွန်းစ ပြောလာကြလိမ့်မည်။ နောက်ဆုံးမှာ မသိမသာ ထိတွေ့လာပြီး ပြန်လည်ပေါင်းစပ်သွားလိမ့်မည်ဟု မျှော်လင့်နေခဲ့ကြသည်။ ဒီအတိုင်းပဲဖြစ်ပါစေလို့လည်း ဆုတောင်းနေခဲ့ကြသည်။

တစ်ညတာလွန်မြောက်လို့ မိုးလင်းသောအခါ ကိုထွန်းရွှေရော မဝင်းမြပါ စောစောနိုးနေကြတာ တွေ့ရသည်။ တစ်ညလုံး အိပ်မပျော်ခဲ့ကြလို့ ကျောပူပြီး မိုးလင်းတာနဲ့ အိပ်ရာကထနေကြတာလည်း ဖြစ်နိုင်သည်။

နံနက် ၇နာရီထိုးတော့ ကိုထွန်းရွှေအလုပ်သွားရန် ဟန်ပြင်သည်။ အလုပ်သွားလျှင် ညနေမိုးချုပ်မှ ပြန်လာမည်ဖြစ်သည်။ တစ်နေ့လုံး အချိန်တွေ အလဟဿ





အကုန်ခံပြီး မဝင်းမြက စောင့်နေရမည်ဖြစ်သည်။ မဝင်းမြ ပြောစရာရှိတာတွေကို ပြောစေချင်သည့် ကျွန်တော့်အမေက စေတနာဖြင့် ကူညီသည်။ ကိုထွန်းရွှေကို အလုပ်မသွားမီ မဝင်းမြပြောစရာရှိတာကို ပြောပါစေ၊ နားထောင်ပြီးမှ သွားပါဟု ကိုထွန်းရွှေကို မေတ္တာရပ်ခံသည်။ ကိုထွန်းရွှေက ကျွန်တော့်အမေကို ရိုသေလေးစားသည့်အနေဖြင့် လက်ခံခွင့်ပြုသည်။ ပြောစရာရှိတာကို ပြောပါဟု ကိုထွန်းရွှေက အမေ့ကို ပြောသလိုလိုဖြင့် မဝင်းမြကြားအောင် လေသံမြှင့်ပြီး ပြောသည်။ အမေက ဝမ်းသာအားရဖြင့် အိမ်နောက်ဘက်ခန်းမှာ ထမင်းကူချက်သလိုလို၊ အိမ်သာတက်သလိုလို လုပ်နေသည့် မဝင်းမြကို သွားခေါ်သည်။

ဒါသည်လည်း ကျွန်တော်တို့ မိသားစု၏ လုပ်ရပ်အမှားတွေထဲက နောက်ထပ်အမှားတစ်ခု ဖြစ်သည်ဆိုသည်ကို မိနစ်ပိုင်းအတွင်းမှာပဲ သိလိုက်ရသည်။

မဝင်းမြ အိမ်နောက်ဘက်က ထွက်လာပြီး ပြောချင်တာပြောလျှင် နားထောင်ဖို့အသင့်ဖြစ်အောင် ကိုထွန်းရွှေက သူထိုင်နေကျနေရာမှာ သူထိုင်နေကျပုံစံအတိုင်း ထိုင်ချလိုက်ပြီး ဆေးပေါ့လိပ်ဖွာရင်း စောင့်နေသည်။ မဝင်းမြကို ကျွန်တော့်အမေက ဦးဆောင်ပြီး အိမ်နောက်ဘက်က ထွက်လာကြသည်။ ကိုထွန်းရွှေထိုင်နေသည့် ညှပ်ခုံထိ



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်သောအခါ နှစ်ယောက်လုံး ထိုင်ရမလို ထရမလိုဖြစ်နေကြသည်။

အိမ်ထောင်ရေးဗဟုသုတနှင့် လူမှုရေးဗဟုသုတ မရှိဘဲ လင်ကွဲမယားကွဲမှာ ပွဲစားဝင်လုပ်သည့် ကျွန်တော့်အမေ၏ မကျွမ်းကျင်မှုကြောင့် အိုးနင်းခွက်နင်းတွေ ဖြစ်နေသည်။ မဝင်းမြသည် မနေ့က ညနေက သူထိုင်ခဲ့သည့် နေရာမှာပဲ ထိုင်ရမလိုလို၊ ကိုထွန်းရွှေနီးမှာပဲ ကပ်ထိုင်ပြီး စကားပြောရမလိုလိုဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေသည်။ အိုးနင်းခွက်နင်း ဇာတ်ဆရာ ကျွန်တော့်အမေက တိတိကျကျ နေရာသတ်မှတ်မပေးတတ်လို့ မတ်တပ်ကြီး ရပ်နေရသည်။

"ပြောလိုက်လေ နင်ပြောချင်တာ ပြောလိုက်"

ကျွန်တော့်အမေက အတင်းအဓမ္မ တိုက်တွန်းနေတော့ မဝင်းမြသည် ဘာကစပြောရမှန်း မသိတော့ဘဲ ကိုထွန်းရွှေအနီးမှာ မယ်ကြုံ့ထိုင်ချလိုက်သည်။ ကိုထွန်းရွှေကို လက်အုပ်ချီပြီး ဦးချကန်တော့သည်။ ရှိုက်ရှိုက်ပြီး ငိုသည်။ ငိုသံရှိုက်သံတွေ ရောနေသည့်အသံဖြင့် ကိုထွန်းရွှေကို ဝန်ချတောင်းပန်သည်။

"မြလေး ရှိနိုးတောင်းပန်ပါတယ် အစ်ကိုရယ်..၊ မြလေးကို ခွင့်လွှတ်ပါ၊ အစ်ကို့ကို မြလေး အေးအေး





ဆေးဆေး ရှင်းပြပါရစေ"

မဝင်းမြ၏နောက်မှာ ရပ်ကြည့်နေသည့် ကျွန်တော့်အမေနှင့် ကိုထွန်းရွှေ၏အနီးမှာ ထိုင်ကြည့်နေသည့် ကျွန်တော်တို့က ကိုထွန်းရွှေဘာပြန်ပြောမလဲဆိုတာကို အသက်မရှူဘဲ စောင့်ကြည့်နားထောင်နေကြသည်။

အဲဒီလို အနားမှာ ရပ်ပြီး ထိုင်ပြီး စောင့်ကြည့်နားထောင်နေကြတာဟာ မဝင်းမြနှင့် ကိုထွန်းရွှေတို့၏ လွတ်လပ်မှုနှင့် ပွင့်လင်းစွာ ပြောချင်တာတွေအတွက် အနှောင့်အယှက်ကြီး ဖြစ်နေခဲ့သည်ဆိုတာကို အဲဒီအချိန်တုန်းက ကျွန်တော်တို့ မသိခဲ့ကြ။

မဝင်းမြသည် ကိုထွန်းရွှေကို ရှိနိုးတောင်းပန်ပြီး ရှင်းပြချင်တာ တစ်ခုရှိနေသည်။ ဖြစ်ပျက်ခဲ့တာတွေရဲ့ အကြောင်းရင်းမှာ လေးနက်ကျယ်ဝန်းတဲ့ လူ့သဘာဝ မြှုပ်ကွက်တစ်ခုကို တူးဆွဖော်ထုတ်ပြီး ရှင်းပြဖို့လိုနေတာ ဖြစ်မည်။ ဒီမြှုပ်ကွက်ကို မမြင်သေးလို့ ရှုပ်ယှက်ခတ်နေသည့် အိမ်ထောင်ရေးမှာ ခွင့်မလွှတ်နိုင်စရာ ပြဿနာတက်နေရတာလို့ ထင်စရာဖြစ်လာသည်။ ပြဿနာ ဖြစ်သည့်အချိန်ကစပြီး ယနေ့အထိ ရှင်းမပြရသေးဖြစ်နေသည်။

ပြဿနာစဖြစ်သည့်နေ့က (မြရှင်းပြပါ့မယ် အစ်ကိုရယ်) လို့ လက်အုပ်ချီပြီး ပြောခဲ့သည်။ ကိုထွန်းရွှေက



www.burmeseclassic.com

www.burmeseclassic.com



(မလိုပါဘူး။ ဘာရှင်းစရာလိုသေးလို့လဲ၊ ရှင်းနေပြီပဲ) ဟု ပြောပြီး ဇာတ်လမ်းဖြတ်ခဲ့သည်။ မဝင်းမြအဖို့တော့ ရှင်းစရာလိုသေးလို့ မိန်းမသားတန်မယ့် တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ပြီး ရှင်းပြဖို့ လိုက်လာတာဖြစ်မည်။ ဒီတစ်ခါ မေတ္တာရပ်ခံတာကိုရော ကိုထွန်းရွှေဘက်က ဘယ်လိုတုံ့ပြန်မလဲဆိုတာကို နားထောင်နေကြသည်။

"တောင်းပန်စရာလည်း မလို။ ခွင့်လွှတ်စရာလည်း မလို။ ရှင်းပြစရာလည်း မလို။ နင့်လည်း နင့်လမ်း နင်သွား။ ငါလည်း ငါ့လမ်း ငါသွားနေတာပဲ။ နင်ဘာဖြစ်လို့ လိုက်လာလဲ"

ဟာ...သွားပါပြီဟု ကျွန်တော့်စိတ်ထဲက ညည်းတွားလိုက်မိပါသည်။ ဖြစ်စေချင်တာက တစ်မျိုး၊ ဖြစ်သွားတာက တစ်မျိုး၊ ဒီလိုဖြစ်ရတာမှာ အလိုက်ကန်းဆိုးမသိသည့် ကျွန်တော်တို့ သားအမိ၏ ပယောဂမကင်းဘူးလို့တောင် ပြောရမလိုဖြစ်နေသည်။

သူတို့လင်နဲ့မယား နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ခွင့်ရကြမည်ဆိုလျှင် ဒီထက်ပိုကောင်းသည့် အခြေအနေဖြစ်နိုင်သည်ဟု တွေးမိသည်။ အကောင်းဆုံးဖြစ်စေချင်သည့် စေတနာတစ်ခုတည်းကိုသာ သိပြီး



ရက်တတ်၊ ဟန်ဆောင်တတ်သည့် လူ့သဘာဝကို မသိသော ကျွန်တော်တို့ သားအမိအနားမှာ ရှိနေသည့်အတွက် ဘာယက်ရှင်တွေ ရက်ပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်သည်လို့ ထင်မိသည်။

ကိုထွန်းရွှေရဲ့စကားကို ကြားတော့ မဝင်းမြ လက်အုပ်ချီနေလျက်က သတိလစ်သလိုဖြစ်ပြီး ထိုင်လျက်ကြီး တက်နေတော့သည်။ မျက်စိကို တင်းတင်းပိတ်ပြီး အံကြိတ်ထားသည်။ ခြေတွေ လက်တွေက အကြောတက်သလိုဖြစ်လာပြီး တောင့်တောင့်ကြီးတွေ ဖြစ်နေသည်။ ဒီတော့မှ ကျွန်တော့်အမေက လာကြပါဦးဟဲ့ လုပ်ကြပါဦးဟဲ့ မန်းကြပါဦး မှုတ်ကြပါဦးဆိုပြီး ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။

ဒီလိုဖြစ်လာတော့ မဝင်းမြတို့ သားအဖ ကျွန်တော်တို့ရွာမှာ ဓာတ်စက်လာဖွင့်ကြတုန်းက နားထောင်လိုက်ရသည့် 'တာနောယက္ခ'ဇာတ်ကို ပြန်လည်သတိရမိသည်။

တာနောယက္ခဘီလူးက သူ့မယား သမုဂ္ဂသိင်္ဂီကို ချစ်လွန်းလို့ ရွှေကြုတ်ထဲမှာထည့်ပြီး အာခံတွင်းမှာ ငုံ့ထားသည်။ အဲဒါကို သိသည့် ဝိဇ္ဇုပုတ္တဝိဇ္ဇာဓိုရ်က တာနောယက္ခ အယောင်ဆောင်ပြီး ရွှေကြုတ်အတွင်း ဝင်ပျော်ပါးသည်။ တာနောယက္ခ သိသွားတော့ မယားကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့စိတ်၊ နှမြောတဲ့စိတ်နဲ့ ကိုတာနောပြောင်ပြီး လွှမ်းတာကို မှတ်မိသေးသည်။

အဲဒီဇာတ်မှာ မင်းသားဦးဖိုးစိန်ကလည်း အပြောကောင်း၊ အဆိုကောင်း၊ အငိုကောင်း။ မင်းသမီး ကောလိပ်စိန်ကလည်း ပြောကောင်း၊ အငိုကောင်း ပြိုင်ကြတော့ သူတို့အနားမှာရှိတဲ့ တောကျောင်းစံ ရသေ့ကြီးဦးဓာတ်ဆီက ချော့မော့ဖျောင်းဖျလို့မရတော့သည့်အခါ (တောက်၊ စိတ်ညစ်လိုက်တာနော် . . . ငါ့လချီးမှပဲ) ဟု အော်ညည်းသည်။ ကျွန်တော်လည်း အဲဒီလို ညည်းချင်စိတ် ပေါက်လာသည်။

ကျွန်တော်တို့ သားအမိနှင့် မိသားစုတွေ ဝိုင်းဝန်းနှိပ်နယ် ဖျစ်ညှစ်လုပ်တော့မှ မဝင်းမြ အတက်ကျသွားသည်။ ကိုထွန်းရွှေကတော့ ဘာမှ ဝင်မလုပ်ဘဲ ထိုင်လျက် ဆေးပေါ့လိပ်ဖွာနေသည်။ မဝင်းမြ သတိပြန်ရမလာဘဲ တစ်ခါတည်း အသက်ထွက်သွားလျှင်တောင် ဝမ်းနည်း ပန်းနည်းဖြစ်မည့် လက္ခဏာမတွေ့ရ။ သေသွားရင် အေးတာပဲဆိုသည့် အမူအယာသာ တွေ့ရသည်။

ကိုထွန်းရွှေသည် မဝင်းမြကို ဒါလောက်တောင် နာကြည်းစိတ်ဆိုးမပြေနိုင် ဖြစ်နေသလား။ ကျွန်တော်တို့ မိသားစုရှေ့မှာ ဖြစ်နေလို့ ဟန်ဆောင်လက်စနဲ့ ယောက်ျား



မာနအတုကို အောင့်အီးပြနေရတာလားဆိုတာ ခွဲခြား မရနိုင်ဖြစ်နေသည်။

ချစ်လွန်း ကြိုက်လွန်းလို့ ကြိုးစားပြီး ရအောင်ယူခဲ့ရသည့် မယားဖြစ်သည်။ ကြင်နာလွန်း မြတ်နိုးလွန်းလို့ မထိရက် မတို့ရက် အိပ်ရေးပျက်မှာစိုးလို့ ,နှိုးပြီးမချစ်ရက်သည့် မယားဖြစ်သည်။ ဒါလောက် စုံမက်မြတ်နိုးခဲ့ရသည့် သားမယားကို စိမ်းစိမ်းကားကားပြောပြီး သစ်စိမ်းချိုး ချိုးတာဟာ ပြင်ဆင်လို့မရနိုင်အောင် နာကြည်းလို့လား။ ပတ်ဝန်းကျင်ကို ရှက်ပြီး မနိုင်ရင်ကန် ဟန်လုပ်ပြတာလားဆိုတာလည်း မကွဲမပြား ဖြစ်နေသည်။

မဝင်းမြ သတိပြန်ရသည်နှင့် တစ်ပြိုင်နက် ကိုထွန်းရွှေသည် ထိုင်နေရာမှ ထရပ်သည်။ အလုပ်သွားရန် ဟန်ပြင်ခြင်းဖြစ်သည်။ ကျွန်တော့်အမေကို အရိုအသေပေးသည့်အနေဖြင့် "အရီးလေး ကျွန်တော် အလုပ် သွားတော့မယ်" ဟု ခပ်တိုးတိုးပြောသည်။ ဖိနပ်ချွတ်မှာရှိသည့် သူ့ဖိနပ်ကို ရှာစီးပြီး အိမ်ပေါ်ကအဆင်းမှာ ကျွန်တော့်ကို လက်တို့ခေါ်သည်။ ကျွန်တော် သူ့နောက်က ဆင်းလိုက်သွားသည်။ လမ်းထိပ်က ကွမ်းယာဆိုင်အထိ ကျွန်တော့်ကို ခေါ်သွားသည်။ ကွမ်းယာဆိုင်မှာ ဆေးပေါ့လိပ်ဝယ်သည်။ လက်ထဲက ပိုက်ဆံတွေကို အိပ်ထဲပြန်မထည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပေးသည်။

"ရော့ မောင်စိုး၊ အဲဒီမိန်းမကို လေယာဉ်လက်မှတ် ဝယ်ပေးပြီး ပြန်ခိုင်းလိုက်"

"ဟာဗျာ၊ အဲဒီလို မလုပ်ပါနဲ့ အစ်ကိုကြီးရယ်။ သူ နေချင်သလောက်နေပါစေဦး"

"အဲဒါတော့ မင်းတို့သဘောပဲ။ ငါကတော့ ဒီနေ့ကစပြီး မင်းတို့အိမ်ကို ပြန်လာချင်မှ လာတော့မယ်။ မလာဖို့က ပိုများတယ်။ ရော့ လေယာဉ်လက်မှတ်ခတော့ ယူထားလိုက်"

ကျွန်တော်သည် ကိုထွန်းရွှေလက်ထဲက ပိုက်ဆံကို ခပ်မြန်မြန် ဆွဲယူလိုက်သည်။ ကိုထွန်းရွှေ ပြန်မလာတာက အရေးမကြီး။ မဝင်းမြမှာ အပြန်စရိတ်မရှိလို့ ကျွန်တော်တို့အိမ်မှာ သောင်တင်နေပါက အရေးကြီးသွားမည်ဖြစ်သည်။ အကယ်၍ ကိုထွန်းရွှေ ပြန်မလာဘဲ တစ်နေရာကို ခြေရာဖျောက်သွားပါက မျှော်လင့်ချက်ကြီးစွာဖြင့် လိုက်လာသည့် မဝင်းမြခမျာ သနားစရာဖြစ်တော့မည်ဟု တွေးနေမိသည်။

ကိုထွန်းရွှေ အလုပ်သွားရန် ကားမှတ်တိုင်ကို ဆက်လက်ထွက်ခွာသွားသည်။ ကျွန်တော်က အိမ်ကို ပြန်လာခဲ့သည်။ အိမ်ပေါ်ရောက်လို့ မဝင်းမြနဲ့တွေ့ရင် ဘယ်လို





ပြောရမလဲ။ ဖွင့်ပြောလိုက်ရမလား။ မပြောဘဲထားရရင် ကောင်းမလား စသည်ဖြင့် စဉ်းစားရင်း အိမ်နားကို ရောက်လာခဲ့သည်။ လောလောဆယ် မပြောဘဲထားဦးမည်။ အကယ်၍ ကိုထွန်းရွှေပြန်မလာတော့လို့ ရက်တွေကြာလာတော့မှ အခြေအနေရ ကြည့်ပြီး ပြောနတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်တော် အိမ်ပေါ်တက်လာတော့ ကိုထွန်းရွှေက ဘာတွေပြောသွားသလဲဆိုတာကို မဝင်းမြက မမေးဘဲ ကျွန်တော့်အမေက မေးသည်။ ကိုထွန်းရွှေ အိမ်ပေါ်ကအဆင်းမှာ ကျွန်တော့်ကို လက်တို့ပြီး ခေါ်သွားတာဖြစ်လို့ ဘာများပြောခဲ့မလဲ။ ဘာပြောချင်လို့လဲဆိုတာကို သိချင်နေကြသည်။ မဝင်းမြကတော့ ထိုင်နေလျက်မှ ကြမ်းခင်းတစ်နေရာကို စိုက်ကြည့်နေပြီး ကျွန်တော်ပြောလာမည့်အဖြေကို နားစွင့်နေသည်။

"ဒီနေ့ည သူပြန်လာချင်မှ လာမယ်တဲ့။ အလုပ်တွေများနေလို့ ဆိုင်မှာ အိပ်ချင်အိပ်မယ်တဲ့"

လောလောဆယ် အားလုံးစိတ်ချမ်းသာသွားအောင် မယုတ်မလွန် လိမ်ပြောလိုက်ပါသည်။ အမေ မျက်နှာ တစ်ချက်ပျက်သွားသည်။ မဝင်းမြက မသိမသာ သက်ပြင်းချသည်။ ဒီအိမ်ကို လုံးဝပြန်မလာတော့ဘဲ ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်သွားမလားဆိုသည့် အတွေးဖြင့် စိုးရိမ်ပူပန်သွားကြတာဖြစ်သည်။

ဒါတောင် ကိုထွန်းရွှေ၏ စိတ်ရင်းအမှန်ကို ကျွန်တော် ဖွင့်မပြောဘဲ ထိန်ချန်ထားခြင်းဖြစ်သည်။ မနေ့က ညနေမိုးချုပ်ခါနီးမှာ ကိုထွန်းရွှေကို လမ်းထိပ်ကသွားကြို စဉ်က မလိုက်တော့ဘူးဆိုပြီး ပြန်လှည့်ပြေးမလို့လုပ်တာကို ဘယ်သူ့ကိုမှ မပြောဘဲထားသည်။ ဒီနေ့ညနေ အိမ်ကို ပြန်မလာဘူးဆိုတာ ဖြစ်နိုင်သည်ဟု ကျွန်တော် တွေးနေမိသည်။

ကျွန်တော် ထင်သည့်အတိုင်းပင် ဖြစ်ခဲ့သည်။ ည (၈)နာရီထိုးသည့်ထိ ကိုထွန်းရွှေပြန်ရောက်မလာသော အခါ ဒီညအဖို့ အိမ်ကိုပြန်မလာတော့ဘူးဆိုတာ သေချာသွားပြီလို့ ကျွန်တော် နားလည်လိုက်ပါသည်။ နက်ဖြန်ညနေကို စောင့်ကြည့်မည်။ နောက်ရက်တွေရဲ့ ညနေပေါင်း သုံးလေးကြိမ်လောက် ပြန်ရောက်မလာရင်တော့ လေယာဉ်လက်မှတ်ခ ပိုက်ဆံပေးခဲ့တဲ့အကြောင်း မဝင်းမြကို ဖွင့်ပြောရတော့မည် ဖြစ်သည်။ အခုတော့ မဝင်းမြလည်း ခရီးပန်းလာတာတောင် အမောမပြေသေးခင်မှာ နောက်ထပ် ရင်မောစရာကိစ္စကို ဖွင့်မပြောရက်လို့ မပြောသေးဘဲ ထားလိုက်သည်။





ကိုထွန်းရွှေ ပြန်မလာတော့ဘူးဆိုတာ သိသွားကြသောအခါ မဝင်းမြကို သနားကြရမည့်အစား ကိုထွန်းရွှေ၏ ပြုတ်သားသည့်လုပ်ရက်ကို ချီးကျူးချင်သည့် သဘောလက္ခဏာတွေကို ကျွန်တော့်မိသားစု၏ မျက်နှာမှာ တွေ့ရသည်။ လင်ကြီးရှိလျက်နဲ့ တခြားယောကျ်ားနဲ့ ဖေါက်ပြန်ချင်တဲ့မိန်းမ အခုတော့ ဘယ့်နှယ်ရှိရောလဲ ဆိုသည့် အမူအယာတွေလည်း တွေ့ရသည်။

ကျွန်တော့်အမေက မိန်းမသားချင်း ကိုယ်ချင်းစာပြီး အထိုက်အလိုက် ဆက်ဆံသော်လည်း ကျွန်တော့်အဖေက ခပ်တည်တည်နေပြသည်။ သူ့လူကိုထွန်းရွှေဘက်က ပြတ်သားစွာ ရပ်တည်ထောက်ခံနေသည်။ ကိုထွန်းရွှေ၏လုပ်ရပ် မှန်သည်ဟု ဖွင့်မပြောရုံသာ ကျန်တော့သည်။ ကျွန်တော်ကတော့ မဝင်းမြကို အကြည်ညို မပျက်ပါ။ ခင်မင်ရင်းနှီးစွာ ဆက်ဆံပါသည်။ နွေးထွေးစွာ ညှော်ခံပါသည်။ ကျွန်တော့်အစ်ကိုကတော့ သူ့အလုပ်ထဲမှာ အချိန်ပြည့်နေရသူဖြစ်၍ မဝင်းမြနှင့် ထိတွေ့မှု နည်းသည်။ ခဏတဖြုတ်တွေ့ရသည့်အချိန်မှာလည်း သာမန်အနေအထားဖြင့် ဆက်ဆံသည့်အတွက် သိပ်ပြီး မသိသာဖြစ်နေသည်။

မဝင်းမြသည် ကျွန်တော်တို့အိမ်မှာ ညှော်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြင့် ကိုထွန်းရွှေအလာကို မျှော်နေရသော်လည်း စိတ်ကမပျော်ဖြစ်နေမှာ သေချာသည်။ ကျွန်တော့်အမေက ဝတ်ကျေတန်းကျေ၊ ကျွန်တော့်အဖေက ခပ်တည်တည်နေသောအခါ အနေခက်နေသည်။ မိသားစုထဲမှာ အငယ်ဆုံးနှင့် ဩဇာအာဏာ မရှိဆုံး ကျွန်တော်၏ နွေးထွေးမှုညှိဝတ်ကျေမှုနှင့် နားလည်ခွင့်လွှတ်မှုတို့သည် မထိရောက်သလို ဖြစ်နေသည်။ ဖြစ်နိုင်လျှင် ရွာကို အမြန်ဆုံးပြန်ချင်သည့် အမူအယာပြလာသည်။

"ကိုထွန်းရွှေ သုံးညတိတိ ပြန်မလာတော့သောအခါ သူအလုပ်လုပ်သည့် အပ်ချုပ်ဆိုင်ကို ကျွန်တော်လိုက်သွားသည်။ ကိုထွန်းရွှေကို ဆိုင်မှာ မတွေ့ရလို့ ဆိုင်ရှင်ကို ဝင်တွေ့ပြီး မေးသည်။ ကိုထွန်းရွှေ အလုပ်က ထွက်ပြီး သူ့ရွာကို ပြန်သွားပြီဟု ဖြေပါသည်။ ကျွန်တော့်ကို ဘယ်ကလဲ။ ကိုထွန်းရွှေနဲ့ ဘာတော်လဲဟု မေးသည်။

"သာကေတက ကိုထွန်းရွှေနေတဲ့အိမ်ကပါ။ ရပ်ဆွေရပ်မျိုးပါ။ ညီအစ်ကိုဆိုလည်း မမှားပါဘူး။ အိမ်ပြန်မအိပ်တာ သုံးရက်ရှိပြီ။ စိတ်ပူလို့ လာစုံစမ်းတာပါ"

"အလုပ်ထွက်သွားတာ သုံးရက်ရှိပြီ။ သူ့လုပ်အားခ လက်ကျန် ပိုက်ဆံတွေကိုလည်း အကုန်ထုတ်ပေးလိုက်ပါတယ်။ သိပ်တော်တဲ့လူဗျာ၊ လက်ရာသိပ်ကောင်း





တာပဲ။ ကျွန်တော် အရမ်းနှမြောတာပဲ"

အပ်ချုပ်ဆိုင်ပိုင်ရှင်ကို ကျေးဇူးတင်ကြောင်း ပြောပြီး ကျွန်တော်ပြန်ခဲ့ပါသည်။ ကျွန်တော်တို့ အိမ်က ထွက်သွားသည့်နေ့မှာပဲ အလုပ်ထွက်သွားခြင်းဖြစ်သည်။ ရွာကိုပြန်သွားတာ မဖြစ်နိုင်။ မဝင်းမြကို မျက်ခြေပြတ်ဖို့အတွက် အရပ်ဒေသတစ်ခုကို ထွက်သွားတာ ဖြစ်ရမည်ဟု ကျွန်တော် နားလည်လိုက်ပါသည်။

ကိုထွန်းရွှေ ခြေရာပျောက်သွားပြီဖြစ်၍ လိပ်စာပျောက်သွားပြီ ဖြစ်သည်။ မဝင်းမြကို ဖွင့်ပြောရတော့မည်ဖြစ်သည်။ မဝင်းမြ ခရီးရောက်မဆိုက် အခိုက်အတန့်လေးဖြစ်ဖြစ် စိတ်သက်သာပါစေတော့ဆိုသည့် စေတနာနဲ့ မပြောဘဲ ထားတာတွေကို ပြောပြရတော့မည် ဖြစ်သည်။

ကိုထွန်းရွှေကို သွားစုံစမ်းသည့် ကျွန်တော် အိမ်ပေါ်တက်လာတာမြင်တော့ သိချင်၍ ကျွန်တော်ပြောလာမည့် စကားကို နားထောင်နေကြသည်။ အကောင်းထက်အဆိုးဘက်ကို ပိုပိုသာသာ ကြိုတွက်ထားကြသည့် လက္ခဏာတွေ မျက်နှာတွေမှာ ပေါ်လွင်နေသည်။ ကျွန်တော်က တိုတိုနဲ့လိုရင်းကိုပဲ ပြောပြလိုက်သည်။

"အလုပ်က ထွက်ပြီး ရွာကိုပြန်သွားတာ သုံးရက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီတဲ့"

ကိုထွန်းရွှေ ရွာကိုပြန်သွားတာ မဖြစ်နိုင်မှန်း သိသော်လည်း မဝင်းမြအတွက် မျှော်လင့်ချက်ကလေး တစ်ခုဖြင့် စိတ်သက်သာစေချင်လို့ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုဘဲ အရင်းတိုင်း ပြောလိုက်သည်။

ကိန္နရီချောင်းရွာကို ကြိုတင်သွားပြီး မဝင်းမြ ကိုရွာက စောင့်နေလေသလားလို့ ထင်သွားလျှင်လည်း မျှော်လင့်ချက်ကလေးတစ်ခု ဖြစ်သွားပါစေတော့ဆိုသည့် ရည်ရွယ်ချက်လည်း ပါသည်။ ဘာပဲဖြစ်ဖြစ် မဝင်းမြ ရွာကို ပြန်တော့မည်ဆိုလျှင်တော့ လေယာဉ်လက်မှတ်ဖိုး ပိုက်ဆံပေးခဲ့တာကအစ ပြောသင့်ပြောထိုက်တာ မှန်သမျှ ပြောရတော့မည်ဖြစ်သည်။

သာကေတကို ရောက်ပြီး ငါးရက်ခန့်ကြာသော အခါ ရွာပြန်တော့မည်ဟု မဝင်းမြက ပြောလာသည်။ ရန်ကုန်မြို့ကို ယခင်က တစ်ခါမျှ မရောက်ဖူးသေးသည့် မဝင်းမြကို ကျွန်တော်ကပဲ လမ်းပြပြီး ဘုရားစုံဖူးစေပါသည်။ ဘုရားဖူးတာ စိတ်ပါလက်ပါ မရှိလှဘဲ ငေးငေးငိုင်ငိုင် ဖြစ်ဖြစ်နေတာ တွေ့ရသည်။ ရွှေတိဂုံ၊ ဆူးလေနှင့် ဗိုလ်တစ်ထောင်ဘုရားတွေ ဖူးပြီးတယ်ဆိုရင်ပဲ အိမ်ကိုပြန်ကြရအောင်လို့ ပြောလာသည်။ အိမ်ပြန်ချင်ပြီဆိုတော့ ဗိုလ်





တစ်ထောင်စေတီတော်၏ အနောက်ဘက်မုခ် တန်ဆောင်းအတွင်းက လူရှင်းသည့် နေရာမှာ ထိုင်ပြီး ခေတ္တနားကြသည်။

"ရွာပြန်တော့မယ်ဆိုတော့ ဘာနဲ့ပြန်မလဲ၊ သင်္ဘောနဲ့လား လေယာဉ်နဲ့လား"

"မမမှာ ပိုက်ဆံသိပ်မပါဘူး၊ တောင်ကုတ်လမ်းကပဲ ပြန်မယ်လို့ ရည်ရွယ်ထားတယ်"

ကျွန်တော် သက်ပြင်းချလိုက်မိပါသည်။ ရန်ကုန်သို့အလာတုန်းကတော့ ကံကောင်းထောက်မလို့ ကိုယ့်ရွာကလူတွေနဲ့ တောင်ပေါ်မှာတွေ့ပြီး ချောချောမောမော ရောက်လာခဲ့သည်။ အခုတစ်ခါ အပြန်မှာ ဘယ်ကံကို အားကိုးပြီး တောင်ကုတ်တောင်ကျော်လမ်းက ပြန်မယ်လို့ ပြောသလဲ မသိလို့ တွေးမိသည်။

သို့သော် ခရီးပန်းလို့ပဲသေသေ၊ ကျားကိုက်လို့ပဲ သေသေ၊ လူသတ်လို့ပဲ သေသေ၊ သေသွားလျှင် ဒုက္ခငြိမ်းတယ်လို့ ယုံကြည်နေသူ မဝင်းမြအဖို့တော့ ဒီလမ်းခရီးဟာ အပန်းမကြီးဘူးဟု ထင်ထားပုံရသည်။

"အစ်ကိုကြီးအိမ်က ထွက်သွားတဲ့နေ့က မမအတွက် လေယာဉ်လက်မှတ်ခ ပိုက်ဆံ ကျွန်တော့်ကို ပေးသွားခဲ့တယ်၊ သူပြန်လာလိမ့်မယ်ထင်လို့ မမကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် မပြောဘဲထားတယ်”

မဝင်းမြသည် အံ့ဩသွားသော်လည်း မထူးဆန်းသလို ပြန်လည်တည်ငြိမ်သွားသည်။ ကြမ်းခင်းကို စိုက်ကြည့်နေရာမှ စေတီတော်၏ ထီးတော်ကို မော့ကြည့်ပြီး လက်အုပ်ချီလိုက်သည်။ အသံမထွက်သော်လည်း ပါးစပ်လှုပ်နေတာ မြင်နေရလို့ ဘုရားရှိခိုးနေတာလား၊ ဆုတောင်းနေတာလား၊ သစ္စာဆိုနေတာလား တစ်ခုခုဖြစ်မည်။ ပြီးတော့ ဦးသုံးကြိမ်ချသည်။ ဦးချပြီးတော့လည်း စေတီတော်၏ ထီးတော်နှင့် စိန်ဖူးတော်ကို မျက်တောင်မခတ်ဘဲ မော့ကြည့်နေသည်။ သောက သို့မဟုတ် မာန၊ နှလုံးသားထဲကို ဝင်ရောက်လာလို့ ကြောင်သွားပြီလားလို့ ထင်မိသည်။ ဒေါသကြီးလျှင် အကြောတက်ပြီး သတိလစ်တတ်သူဖြစ်၍ ကျွန်တော် စိုးရိမ်သွားသည်။ လက်တို့ပြီး သတိပေးလိုက်ရသည်။

“မမ ပြန်ကြရအောင်”

မဝင်းမြသည် မသိမသာ သက်ပြင်းချပြီး ထိုင်ရာမှထသည်။ မဝင်းမြ သာကေတကို ရောက်သည့်နေ့ညက ကိုထွန်းရွှေကို လမ်းထိပ်က သွားကြိုပြောစဉ်မှာ ကိုထွန်းရွှေ ပြန်လှည့်ပြေးဖို့ကြံတာကို ပြောလိုက်လျှင် ပိုပြီး စိတ်ထိခိုက်မှာစိုး၍ မပြောဘဲထားလိုက်တော့သည်။





မဖြစ်နိုင်တာကို စိတ်ကူးယဉ်ပြီး တွေးမိသလို ကိုထွန်းရွှေရွာကို ပြန်သွားပြီး မဝင်းမြကို စောင့်နေပါစေလို့ ဆုတောင်းနေမိတော့သည်။ လေယာဉ်ဖြင့် ပြန်ရမည်ဆိုတော့ အချိန်မရွေးပြန်နိုင်ပြီဖြစ်သည်။

“မမ ဘယ်နေ့ပြန်ချင်လဲ”

“ဒီနေ့ပြန်လို့ရရင် ဒီနေ့တောင် ပြန်ချင်တယ်”

“ဒီနေ့တော့ မရဘူး။ နက်ဖြန်ပြန်မလား”

ပါးစပ်ကမဖြေဘဲ ခေါင်းညိတ်ပြသည်။ နက်ဖြန်ပြန်မယ်ဆိုတော့ လေယာဉ်လက်မှတ်ကို ဒီနေ့ဝယ်မှဖြစ်မည်။

ဗိုလ်တစ်ထောင်ဘုရားမှ နံပါတ်(၁၀) ဘတ်စ်ကားကို တက်စီးကြပြီး လေယာဉ်ရုံးကို သွားကြသည်။ လေယာဉ်ရုံးကို ရောက်သောအခါ သံတွဲလက်မှတ်တစ်စောင် ဝယ်သည်။ မနက်ဖြန် သံတွဲသို့ထွက်မည့် လေယာဉ်၊ မနက် ၇နာရီခေါက်အတွက် လက်မှတ်ကုန်ပြီဟု ဆိုသည်။ နေ့လယ် ၂နာရီခေါက်အတွက် လက်မှတ်ရမည်ဟုဆိုသည်။ ရတာနဲ့လိုက်မည်ဟု ပြောလိုက်သည်။ လေယာဉ်ခ ၅၁/ ကျပ်ကျသည်။ ကမ်းနားလမ်းက လေယာဉ်ရုံးကြီးကို လာလျှင် နေ့လယ် ၁၂ နာရီအရောက်လာရန်၊ မင်္ဂလာဒုံ လေဆိပ်ကိုလာလျှင် နေ့လယ် ၁နာရီအရောက်လာရန် လေ



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်လက်မှတ်ရောင်းသူက ပြောသည်။ လေယာဉ်ရုံးကြီးကိုပဲ လာမည်ဟု ပြန်ပြောလိုက်သည်။

ကိုထွန်းရွှေပေးခဲ့သည့် ပိုက်ဆံ ၅၅ကျပ်မှ ပိုငွေ ၄/ကို မဝင်းမြကို ပေးရာ မဝင်းမြက လက်မခံပါ။ ဒီနေ့ ဘုရားဖူးသွားတဲ့ လမ်းစရိတ်နဲ့ မနက်ဖြန် လေယာဉ်ရုံးကို လာရမည့် လမ်းစရိတ်အတွက် သုံးလိုက်ပါဟု ဆိုသည်။ ကိုထွန်းရွှေပေးခဲ့သည့် ပိုက်ဆံဖြစ်၍ မကိုင်ချင်တာလားလို့တောင် တွေးလိုက်မိသည်။ သံတွဲမြို့လေဆိပ်မှ သူနေထိုင်ရာ ကိန္နရီချောင်းရွာကို သွားရန် ယာဉ်ရထား မရှိ၍ တစ်ညအိပ်ကုန်းကြောင်း လျှောက်ရဦးမည်ဖြစ်သည်။ လမ်းမှာ ဗိုက်ဆာလျှင် သူမှာပါသည့် ပိုက်ဆံလေးဖြင့် မုန့်ပဲသွားရည်စာ ဝယ်စားသွားရဦးမည် ဖြစ်သည်။

■

နောက်နေ့တွင် မဝင်းမြကို လေယာဉ်ရုံးကြီးသို့ လိုက်ပို့ရမည်ဖြစ်၍ ကျွန်တော်နှင့် မဝင်းမြတို့ နေ့လယ်စာ စောစောစားကြသည်။

နေ့လယ်စာစားပြီးသောအခါ မဝင်းမြက ကျွန်တော့်အဖေနဲ့အမေကို ကန်တော့သည်။ နှုတ်ဆက်သည့်အနေဖြင့် ကန်တော့တာဖြစ်မည်။ တည်းခိုနေခိုက်မှာ ကျွေး





လိုက် မွေးလိုက်သည့် တစ်လုပ်စားဖူး သူ့ကျေးဇူးကိုသိတတ်သည့်အနေဖြင့် ကန်တော့တာလည်း ဖြစ်နိုင်သည်။ ကျွန်တော့် အမေက ဆုပေးသည်။

"အေးကွယ်...သာဓု သာဓု သာဓု၊ အသက်ရှည်ပါစေ၊ အန္တရာယ်ကင်းပါစေ၊ သွားလေရာ လာလေရာ သူတော်ကောင်းနဲ့ တွေ့ပါစေ၊ ဘေးကင်းရန်ကွာ ကိုယ့်ရပ်ရွာကို ပြန်ရောက်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ အဒေါ်လေးရယ်၊ ကျွန်မ သွားတော့မယ်။ ဦးလေး ကျွန်မ သွားတော့မယ်နော်"

"အေး အေး"

ကျွန်တော်နှင့် မဝင်းမြတို့ သာကေတမြို့က ဘတ်စ်ကားစီးပြီး လေယာဉ်ရုံးကြီးကို ထွက်လာခဲ့ကြသည်။ လေယာဉ်ရုံးကြီးကို ရောက်တော့ ၁၀နာရီကျော်ကျော်မျှသာရှိသေးသည်။ ခရီးသည်တွေကို မင်္ဂလာဒုံလေဆိပ်ကို တင်ခေါ်သွားမည့် မှန်လုံကားလုလုကြီးတောင် ရှေ့မှာထိုးမထားသေး။

နေ့လယ် ၂နာရီခေါက်ဖြင့် သံတွဲမြို့သို့ သွားမည့်ခရီးသည် ဒေါ်ဝင်းမြ ရောက်ပြီဖြစ်ကြောင်း လေဆိပ်သို့ပို့ဆောင်ရေး တာဝန်ခံကို အသိပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် မဝင်းမြတို့သည် နန်းသီတာ စားသောက်ဆိုင်ရှေ့က ဥယျာဉ်ထဲမှာ ထိုင်ပြီး စောင့်ကြသည်။ မဝင်းမြမှာ သူ့သောကနှင့်သူမို့ ခရီးဆောင်သားရေတု အိတ်ကလေးကို ပိုက်ပြီး ငေးငေးငိုင်ငိုင်ဖြစ်နေသည်။

ကျွန်တော်ကတော့ တစ်စုံတစ်ခုကို တွေးနေသည်။ မဝင်းမြသည် ကိုထွန်းရွှေနှင့် ပြဿနာစဖြစ်ကတည်းက (ရှင်းပြပါရစေ) ဆိုတဲ့ စကားကိုပြောခဲ့သည်။ အခုချိန်ထိ ရှင်းမပြရသေးဖြစ်နေသည်။ ရှင်းပြခွင့်မရဖြစ်နေသေးသည်။ ရန်ကုန်မြို့ကို ရောက်အောင် ကိုထွန်းရွှေနောက်ကို လိုက်လာတာဟာ ကိုထွန်းရွှေကို ဝန်ချတောင်းပန်ပြီး ပြန်ပေါင်းချင်တာ တစ်ခုတည်းအတွက်လား။ တစ်စုံတစ်ခုကို ရှင်းပြချင်လို့ လိုက်လာတာလား။ ရှင်းပြချင်တယ်ဆိုလျှင် ဘာကိုရှင်းပြချင်တာလဲ၊ ကျွန်တော် သိချင်နေသည်။ အခုလို အခွင့်သာ၍ အခါသင့်တုန်းမှာ ပွင့်ပွင့်လင်းလင်း မေးကြည့်သင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

"မမ အစ်ကိုကြီးနဲ့တွေ့တုန်းက ရှင်းပြပါရစေဆိုတာ ဘာကိုရှင်းချင်တာလဲ။ စပ်စုတယ်လို့ မအောင့်မေ့ပါနဲ့၊ ကျွန်တော် သိချင်လို့ပါ"

မဝင်းမြသည် သက်ပြင်းရှည်ကြီးဆွဲချလိုက်ပြီး



ပိုက်ထားသည့် ခရီးဆောင်အိတ်ကလေးကို သူထိုင်နေသည့် ထိုင်ခုံတန်းလျားလေးပေါ်မှာ အသာချလိုက်သည်။ ပြောရမည့်စကားအတွက် ရှက်နေသလိုလို သင့်လျော်သည့် စကားလုံး ရွေးနေသလိုလိုဖြင့် အချိန်ယူနေသည်။

"နင့်အစ်ကိုနဲ့ မမနဲ့အိမ်ထောင်ကျစာကို နင် မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ်။ ကျွန်တော် မနည်းတောင်ကြီးနေပြီပဲ။ ဓာတ်စက်နားထောင်တဲ့ အုပ်စုထဲမှာလည်း ကျွန်တော် ပါတာပဲ"

"အဲဒီတုန်းက မမရဲ့အသက်ဟာ ဆယ့်ရှစ်နှစ်တောင် မပြည့်သေးဘူး"

မဝင်းမြသည် စကားဆက်မပြောဘဲ တုန့်ဆိုင်းနေသည်။ အသက်ဆယ့်ရှစ်နှစ် မပြည့်မီ သူဟာသူ လင်ယူတာနဲ့ ရှင်းပြရမည့်ကိစ္စ ဘာဆိုင်ပါလိမ့်ဟု ကျွန်တော် တွေးနေမိသည်။

အဲဒီတုန်းက သူ့အသက် ဆယ့်ရှစ်နှစ်မပြည့်သေးဘူးဆိုတာဖြစ်နိုင်သည်။ တောသူမြို့ကောင်ပေါက်တို့၏ အဆင်အပြင်ဟု ခေါ်ရမည့် သူ့ဆံပင်ပုံစံက သက်သေခံနေသည်။ အသားဖြူသည့် သူ့မျက်နှာဝိုင်းဝိုင်းအပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆံရစ်ဝိုင်း ဆံထုံးလေးပါတ်ခွေထုံးပြီး အောက်ဘက်ကို အုပ်လုံးကြီးချထားတာ မြင်ယောင်မှတ်မိနေသေးသည်။ အဲဒီတုန်းက သူ့အသက် တစ်ဆယ့်ရှစ်နှစ်ဆိုလျှင်တောင် ကျွန်တော့်ထက် ဆယ်နှစ်ခန့်ကြီးသည်။ အဲဒီတုန်းက ကျွန်တော့်အသက် ရှစ်နှစ်သာ ရှိသေးသည်။

"မမ သုံးနှစ်သမီးအရွယ်လောက်မှာ အမေဆုံးတယ်။ မမ အမေ့ကို သေသေချာချာ မမှတ်မိဘူး။ မမရဲ့ ကလေးဘဝနဲ့ အပျိုဘဝတစ်လျှောက်လုံးမှာ အဖေနဲ့ပဲ နေခဲ့ရတယ်။ မိခင်မေတ္တာဆိုတာ ဘာမှန်းမသိဖြစ်ခဲ့ရတယ်။ မိသားစု စားဝတ်နေရေးအတွက် ပိုက်ဆံရှာတဲ့အဖေ သွားရာနောက်ကို လိုက်ပြီး နေခဲ့ရတယ်။ ကလေးဘဝနဲ့ အပျိုပေါက်ကလေးဘဝတွေမှာ အလိုအပ်ဆုံးဖြစ်တဲ့ ယုယထွေးပိုက်မှု၊ အလိုလိုက်မှုဆိုတာတွေကို မမ မခံစားခဲ့ရဘူး။ အဲဒါတွေကို သတိရတိုင်း မမအားငယ်တယ်။ ဝမ်းနည်းတယ်"

မဝင်းမြသည် ပြောနေရင်း ဝမ်းနည်းလာဟန်တူသည်။ ရှိုက်ပြီး နှပ်ညှစ်သည်။ ရှေ့ဆက်ပြောရမည့်စကားတွေအတွက် စကားလုံးရှာမရသလို ဖြစ်နေသည်။ ပြောချင်တာတွေကို ရင်ထဲက သိနေသော်လည်း ပါးစပ်က ဖွင့်



ပြောရမှာ ခက်နေသည့် လက္ခဏာတွေ့ရသည်။

"ကိုထွန်းရွှေနဲ့ အိမ်ထောင်ကျတော့ မမပျော်ခဲ့တာပေါ့ကွယ်။ မမလိုချင်တဲ့ ကြင်နာယုယမှုကိုလည်း မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် မမ မျှော်လင့်သလိုဖြစ်မလာခဲ့ဘူး"

ကျွန်တော် စိတ်ညစ်လာသည်။ ဒီမိန်းမကြီး ဘာတွေ လျှောက်ပြောနေပါလိမ့်ဟု ထင်လာသည်။ ကိုထွန်းရွှေ သူ့ကို သေမလောက်ချစ်တာ ကျွန်တော်တို့ သိသည်။ ဒါလောက်ချစ်တဲ့ မယားကို ကြင်နာမှု မရှိဆိုတာ ဖြစ်နိုင်ပါ့မလားဟု သံသယဖြစ်လာသည်။ သူ့ဖေါက်ပြန်မှုကို အမှုပေါ့စေချင်လို့ ကိုထွန်းရွှေကို အပြစ်ရှာတာများလို့ ထင်လာသည်။ သူရှင်းပြချင်တာ ဘာမှန်းမသိရသေးဖြစ်နေသည်။ ကိုထွန်းရွှေက သူ့ကို မကြင်နာလို့ တမင်အရွဲ့တိုက်ပြီး ကိုအောင်တင်နဲ့ ဖေါက်ပြန်ခဲ့ရပါတယ်လို့ ရှင်းပြချင်တာလား။ ကျွန်တော် စဉ်းစားမရဖြစ်နေသည်။

"ကိုထွန်းရွှေနဲ့ မမတို့ရဲ့ အိမ်ထောင်သက် ဆယ်နှစ်ကျော်ကာလအတွင်းမှာ မမခံစားခဲ့ရတာတွေကို မမရင်ထဲကပဲ သိနေတယ်။ ပြောမပြတတ်ဘူး။ ဘာခေါ်မလဲ၊ စိတ်ထဲက ကျေနပ်မှုမရှိဘူးပေါ့နော်။ ဘာကို မကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



တာလဲလို့ မေးရင်လည်း မဖြေတတ်ဘူး”

ကျွန်တော် အားမလို အားမရဖြစ်လာသည်။ စကားမပြောတတ်သူ အိပ်မက်ပြန်ပြောချင်သလို ဖြစ်နေသည်။ ကျေနပ်မှုမရှိဘူးလို့လည်း ပြောသည်။ ဘာကို မကျေနပ်မှန်းလည်း မသိဟု ပြောပြန်သည်။ ကိုထွန်းရွှေသည် မိန်းမလိုက်စားသူလည်း မဟုတ်။ ဖဲသမားလည်း မဟုတ်။ အရက်သမားလည်း မဟုတ်။ မယားကို အလွန်ချစ်ပြီး၊ အလုပ်ကို တအားကြိုးစားသူဖြစ်သည်။ မကြိုက်စရာ ဘာများရှိသေးလို့လဲ။ ဘာကို မကျေနပ်တာလဲဆိုတာ သိချင်လာသည်။

“မမ စကားပြောတတ်သားပဲဗျာ။ ရင်ထဲက သိနေတာကို ပွင့်ပွင့်လင်းလင်း ပြောမပြတတ်ဘူးလား။ ဒီဟာ အစ်ကိုကြီးနဲ့ မမတို့ရဲ့ အိမ်ထောင်ရေးသမိုင်းပဲ။ ဒီကိစ္စမှာ အဓိကပုဂ္ဂိုလ်ဖြစ်တဲ့ မမက ပြောမပြဘဲ ထိန်ချန်ထားရင် အမှန်ဖြစ်ခဲ့တဲ့ သမိုင်းတစ်ကွက် ပျောက်နေလိမ့်မယ်။ ပတ်ဝန်းကျင်ကလည်း အထင်နဲ့အမြင်တွေအပေါ်မှာ သုံးသပ်ပြီး ဆုံးဖြတ်ကြတော့မှာပဲ။ ကျွန်တော်တို့ကြားသိထားတဲ့ သတင်းစကားအရတော့ မမကို အပြစ်ပုံချနေကြတယ်။ မမရှင်းပြချင်ပါတယ်ဆိုတဲ့ ရင်ထဲက စကားတွေကို ကြိုးစားပြီး ပြောမပြနိုင်ဘူးလား။ ကျွန်တော် နားလည်အောင် ကြိုးစားပြီး နားထောင်ပါ့မယ်။ ရှက်စရာ မလိုပါဘူး။ ပြောသာပြောပါ”



မဝင်းမြသည် ကြိုးစားပြီး ပြောတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ဟန်တူသည်။ ကျွန်တော့်လက်က နာရီကို လှမ်းကြည့်သည်။ ၁၁ နာရီသာရှိသေးသည်။ လေဆိပ်ကို ထွက်မည့်ကားကြီးပေါ်ကို တက်ရန် တစ်နာရီလောက်အချိန်ရသေးသည်။ တကယ်ပြောတော့မည်ဆိုတော့မှ အပြောရခက်နေဟန် တူသည်။ မျက်နှာကို တစ်ဘက်သို့ မသိမသာ စောင်းသွားသည်။

“မမ မရှက်ပါဘူး ငါ့မောင်ရယ်။ မမကို အပြစ်ပုံချနေကြတယ်ဆိုတာ သိလို့လည်း ရှင်းပြချင်တာပါ။ မိန်းမသားတစ်ယောက်အနေနဲ့ အမှန်ကို အမှန်အတိုင်း ဖွင့်ပြောရမှာ ဝန်လေးနေတာတော့ အမှန်ပဲ။ ဒါပေမယ့် မမ ပြောပြပါ့မယ်”

မဝင်းမြသည် တစ်ဘက်ကို စောင်းငဲ့ပြီး ပြောနေရာမှ ကျွန်တော့်ဘက်ကို မသိမသာ ပြန်လှည့်လာပြီး ပြောတော့သည်။

ကိုထွန်းရွှေနှင့် နိုးရာလိုက်လာပြီး ယောက္ခမအိမ်

www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ပါတ်ဆယ်ရက်ခန့်နေခဲ့သည့်ရက်တွေမှာ အနည်းငယ် စိတ်ကျဉ်းကြပ်မှုရှိသော်လည်း အိမ်ခွဲနေကြသည့်အခါ လင်မယားနှစ်ယောက်တည်း ပျော်ခဲ့ပုံတွေက စပြောပါသည်။



## အခန်း (၆)

ကိုထွန်းရွှေသည် အိမ်နှင့်ခြံဝယ်လိုက်ရလို့ ကုန်သွားသည့် ပိုက်ဆံတွေ ပြန်ရအောင် အလုပ်ကို ကြိုးစားပြီးလုပ်သည်။ မဝင်းမြကလည်း ထမင်းဟင်းချက်သည့် အချိန်လောက်သာ အိမ်မှာနေပြီး ကိုထွန်းရွှေနှင့်အတူ စက်ဆိုင်မှာ တစ်နေကုန်နေသည်။ ညနေ ထမင်းဟင်းချက်ချိန်မှာ အိမ်ကိုပြန်ပြီး ထမင်းဟင်းချက်သည်။ ညနေ မိုးချုပ်လာလျှင် မဝင်းမြတစ်ယောက်တည်း အိမ်မှာ ကြောက်နေမှာစိုးလို့ဆိုပြီး ကိုထွန်းရွှေက ဆိုင်ကို စောစောပိတ်ပြီး အိမ်ကို ပြန်လာသည်။ ညှပ်စရာရှိတာတွေကို မီးခွက်ထွန်းပြီး အိမ်မှာ ညှပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံဖြင့် ခြောက်လ၊ တစ်နှစ်လောက်အထိတော့ ကိုထွန်းရွှေသည် မဝင်းမြနှင့် ပူးပူးကပ်ကပ်၊ ထိထိတွေ့တွေ့နေခဲ့သည်။ ညဉ့်နက်လာလို့ အလုပ်လက်စ မသတ်သေးမီ မဝင်းမြအိပ်ချင်လို့ သူ့ဘေးနားမှာပဲ လှဲချပြီး အိပ်ပျော်သွားလျှင် ခြင်မကိုက်အောင် ယပ်ခပ်ပေးသည်။ အေးလာတယ်ထင်လျှင် စောင်ခြုံပေးသည်။ ည ၁၀နာရီကျော်မှ သူ့အလုပ်လက်စသတ်လို့ အိပ်တော့မည်ဆိုလျှင် မဝင်းမြကို ပွေ့ချီသယ်မယူသွားပြီး အိပ်ရာပေါ်မှာ အသာချသည်။ မဝင်းမြကို စောင်ခြုံပေး၊ ခြင်ထောင်ချပေးပြီးတော့မှ မီးခွက်မှုတ်ပြီး သူပါခြင်ထောင်ထဲဝင်အိပ်လိုက်တော့သည်။

ဒီအထိတော့ လင်နဲ့မယား ပူးပူးကပ်ကပ်၊ ထိထိတွေ့တွေ့၊ ပျော်ပျော်ရွှင်ရွှင် ရှိခဲ့ကြသည်။ အိမ်ခွဲနေတာကြာလာလို့ မဝင်းမြပါ နေသားတကျဖြစ်လာသောအခါ မဝင်းမြကလည်း အပ်ချုပ်ဆိုင်ကို လိုက်မသွားတော့ဘဲ အိမ်မှာ လုပ်စရာရှိတာ လုပ်ကျန်ရစ်သည်။ လျှော်ဖွပ်၊ မီးပူတိုက်၊ သိမ်းဆည်း၊ သန့်ရှင်းအပြင် ချုပ်ပြီးသည့် အကျီတွေကို ကြယ်သီးတပ်သည်။ ကိုထွန်းရွှေ အပ်ချုပ်ဆိုင်ထွက်နေစဉ် မဝင်းမြတစ်ယောက်တည်း အိမ်မှာနေတတ်လာသည်။

မဝင်းမြမှာ ကိုယ်ဝန်ရှိလာသောအခါ ကိုထွန်းရွှေ





အလုပ် ပိုလုပ်လာသည်။ ကလေးရဲ့နောင်ရေးအတွက် ပိုပြီး ကြိုးစားလုပ်ရမည်ဆိုသည့် အသိဖြင့် နေ့မအား ညမအား အလုပ်လုပ်သည်။ နှစ်ဆန်းတစ်ရက်၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်နှင့် တပေါင်းပွဲတော်ရက်တွေဆိုလျှင် အပ်ထည်တွေများလွန်းလို့ ညသန်းခေါင်သန်းလွဲအထိ ညှပ်ရချုပ်ရသည်။ ရွာအနောက်ပိုင်းမှာ အပ်ချုပ်ဆိုင်တစ်ဆိုင်ရှိသော်လည်း ကိုထွန်းရွှေလောက် လက်စ၊ လက်နမကောင်းသဖြင့် ကိုထွန်းရွှေဆီမှာပဲ စုပုံလာအပ်ကြသည်။ ကိုထွန်းရွှေကလည်း ရက်ချိန်းမှန်အမြန်ရအောင် ကြိုးစားချုပ်ပေးသည်။ ကိုယ်ဝန်ဆောင်ဇနီးနှင့် မွေးဖွားလာမည့်သား သို့မဟုတ် သမီးလေး၏ကျန်းမာရေးနှင့် ချမ်းသာရေးအတွက် အလုပ်ကိုဖိကြိုးစားနေခြင်း ဖြစ်သည်။

ဒီအခြေအနေကစပြီး မဝင်းမြနှင့် ကိုထွန်းရွှေတို့၏ အတွေးအခေါ်နှင့် ခံယူချက်သည် ပြောင်းပြန်သက်ရောက်မှုဖြင့် ဆန့်ကျင်ဖက်ဖြစ်ခဲ့သည်။

မဝင်းမြက ပထမဦးဆုံး ကိုယ်ဝန်ရလာသောအခါ လင်သား၏အနားမှာ ပွတ်သီးပွတ်သပ်နေချင်သည်။ လင်သား၏ အားပေးစကားနှင့် ချော့မြှူနှစ်သိမ့်သည့် စကားလေးတွေကို ကြားချင်သည်။ ယုယထွေးပိုက်ထားသည့် လင်သား၏ ရင်ခွင်မှာ ခိုဝင်မှေးစက်ရင်း နွေးထွေးသည့်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်သပ်မှုနှင့် ရင်ခုန်လှိုက်မောစရာ ပြောစကားလေးတွေကို ကြားချင်သည်။ နားထောင်ချင်သည်။

ကိုထွန်းရွှေကတော့ အလုပ်ကို ကြိုးစားလုပ်မည်။ ပိုက်ဆံများများရအောင် ရှာမည်။ အထုပ်ကြီးဖြစ်လာအောင် စုမည်။ မဝင်းမြနှင့် မွေးလာမည့်သားသမီးလေးတွေ၏ ကျန်းမာရေး၊ ချမ်းသာရေးနှင့် လူတန်းစေ့နေထိုင်စားသောက်နိုင်ရေးအတွက် ကြိုးစားမည်ဆိုသည့် ခံယူချက်ဖြင့် အလုပ်ကို ဖိလုပ်နေသည်။

နံနက်စောစော ဆိုင်သွားဖွင့်သည်။ ညဘက်ကျတော့လည်း ၉နာရီ၊ တစ်ခါတလေ ၁၀နာရီလောက်မှ အိမ်ပြန်ရောက်လာပြီး ထမင်းမစားဘဲ အိပ်ရာဝင်သည်။ သူ့အမေရဲ့အိမ်မှာပဲ ရေချိုးပြီး ညစာပါစားလာခဲ့သည်ဟု ဆိုသည်။

ညစာအတူစားချင်လို့ အဆာခံပြီး မစားဘဲ စောင့်နေသည့် မဝင်းမြ ဒေါသထွက်ရသည်။ မဝင်းမြ ဗိုက်ဆာလို့ ညစာစားလိုက်ရသော်လည်း ကိုထွန်းရွှေလာလျှင် ခူးခပ်ကျွေးရန် စောင့်သည်။ ည ၉နာရီ ၁၀နာရီထိုးသည်အထိ ကိုထွန်းရွှေ ရောက်မလာနိုင်သောအခါ စောင့်ရင်းအိပ်ပျော်သွားတော့သည်။ တစ်ရေးနိုးလာမှ တစ်ခေါခေါ မှုန်ဟောက်ပြီး အိပ်မောကျနေသော ကိုထွန်းရွှေကို ဘေး





မှာ တွေ့ရသည်။ ကိုထွန်းရွှေကို သနားရမလား၊ စိတ်ဆိုးရမလား မစဉ်းစားတတ်အောင်ဖြစ်ရသည်။

မဝင်းမြမှာ သမီးဦးလေးမွေးလာတော့ မိခင်ရော ကလေးပါ ကျန်းမာသည်။ ကိုထွန်းရွှေ ဝမ်းသာလွန်း၍ အလုပ်တွေ ကြိုးစားပန်းစားလုပ်နေသည်။ နံနက်စောစော အလုပ်သွားပြီး နေဝင်မိုးချုပ်မှ အလုပ်ကပြန်သည့် ကိုထွန်းရွှေသည် သမီးလေးကို နိုးနေလျှက်တွေ့ရခဲသည်။ အိပ်ပျော်နေသည့် သမီးလေးကို အိပ်ရာထဲမှာပဲ ပွေ့ဖက်နမ်းရှုပ်လုပ်ရသည်။ မဝင်းမြမှာ အဖေနဲ့သမီး တစ်ယောက်နဲ့တစ်ယောက် မမှတ်မိမှာစိုးလို့ သမီးလေးကိုချီပြီး အပ်ချုပ်ဆိုင်ကိုသွားရသည်။ သမီးနဲ့အဖေ ရင်းနှီးအောင်လုပ်ပေးရသည်အထိ ဖြစ်သည်။

မဝင်းမြ၏ အထီးကျန်ဆန်သော ခြောက်သွေ့သွေ့ဘဝသည် သမီးလေးကြောင့် အနည်းငယ် စိုပြေလာသည်။ သမီးလေး၏တာဝန်တစ်ခု ပိုလာသဖြင့် ပျင်းရိငြီးငွေ့ရမည့်အချိန်ထဲက တချို့တစ်ဝက် သက်သာသွားသည်။ သမီးလေး အိပ်ပျော်နေတုန်း အိမ်မှုကိစ္စ လုပ်စရာရှိတာတွေလုပ်ရသည်။ သမီးလေးနိုးလာလျှင် နို့တိုက်ရသည်။ သမီးလေး ပြန်အိပ်သွားတုန်း သို့မဟုတ် သမီးလေးကို ထိန်းရင်း ထမင်းဟင်းချက်ရသည်။ ဘဝဆန်သည့် ဒီလိုပုံစံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် သံသရာလည်နေသည်။ အိမ်ထောင်ရှင်မ တစ်ယောက်ရဲ့ ဘဝအရသာဟာ ဒါပဲလား။ ဒါထက်ပိုတဲ့ ချိုမြိန်ရသာဟာ ရှိနေပါလျက်နဲ့ ငါမရသေးပါလားဟု တွေးမိသည်။

အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ ဘဝဟာ လင်ယောကျ်ားက ဆန္ဒရှိတဲ့အခါ ဖြည့်ဆည်းပေး၊ ကလေးမွေးလာရင် နို့တိုက်၊ လင်အကြိုက်၊ သားသမီးတွေ အကြိုက် ချက်ပြုတ်ကျွေး၊ ဆေးကြောလျှော်ဖွပ်ရင်း တစ်နေ့ကုန်သွားတာဟာ အိမ်ရှင်မတစ်ယောက်ရဲ့ ဘဝလား။ မဟုတ်သေးဘူးလို့ထင်သည်။ ဟုတ်တယ်ဆိုလျှင်တော့ မဝင်းမြအတွက် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဟု ပြောရမည်ဖြစ်သည်။

မဝင်းမြရဲ့ဘဝမှာ တစ်ခါမျှပြုစုယုယတာ မခံခဲ့ရသေးမီ ကိုယ်က သူများကို ပြုစုယုယနေရပြီဖြစ်သည်။ ရှင်းအောင် ပြောရလျှင် ကိုယ့်ဆန္ဒမပြည့်ဝဘဲ သူများဆန္ဒတွေကို ဖြည့်ဆည်းပေးနေရသလို ခံစားနေရသည်။

သမီးလေးကို နို့တိုက်နေစဉ် ဖြစ်ပေါ်လာတတ်သည့် စိတ်ဆန္ဒတစ်ခုသည် အံ့သြစရာကောင်းသည်။ ပေးဆပ်လိုမှုနှင့် ရယူလိုမှုတို့ တစ်ပြိုင်တည်းဖြစ်ပေါ်လာတတ်သည်။ သမီးလေး စုပ်ယူနိုင်သမျှ နို့ရည်တွေကို ပေးလို





သည်။ တစ်ချိန်တည်းမှာပဲ ကိုထွန်းရွှေ၏ချစ်မေတ္တာကို ရယူလို၍ ကိုထွန်းရွှေအနားမှာ ရှိစေချင်သည်။

သို့သော် ကိုထွန်းရွှေက ညမိုးချုပ်မှ ပြန်လာမည်။ တစ်နေကုန် အလုပ်ပင်ပန်းလာ၍ ခေါင်းအုံးနဲ့ခေါင်းနဲ့ ထိတာနဲ့ အိပ်ပျော်သွားတော့မည်ဆိုတာကို ' သိနေသည့် မဝင်းမြ၏ ရင်မှာ ဟာတာတာဖြင့် တစ်စုံတစ်ရာကို အလိုမကျဖြစ်နေလေ့ရှိသည်။

ဒီကြားထဲမှာ အိမ်ရှေ့အိမ်ကို လာလည်သလိုလိုဖြင့် လူယောင်ပြပြီး မဝင်းမြကို တစ်ကျော့ပြန်လာပိုးနေသည့် ကိုအောင်တင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ မဝင်းမြကို မကြာခဏလှည့်ကြည့်သည်။ မဝင်းမြကြားအောင် စကားအော်ပြောသည်။ မဝင်းမြ တစ်သားမွေးပြီးမှ တအားလှလာသည်ဟု ကိုအောင်တင်က ပြောတာကို တစ်ဆင့်စကားကြားရသည်။ လင်ရှိတဲ့ကလေးအမေကို မယားရှိတဲ့ ယောကျ်ားက လှလာတယ်လို့ ပြောတာဟာ မပြောသင့်သည့်စကားဖြစ်သည်။ တစ်နည်းပြောရလျှင် အိမ်ထောင်ရေး ဖေါက်ပြန်ချင်သည့် သဘောဖြစ်သည်။ လူမှုရေးအရ ရိုင်းစိုင်းသည့် အပြောအဆိုဖြစ်သည်။

ကိုအောင်တင်လို မိန်းမလှတိုင်းကို လိုချင်နေသည့် ကိုလူမှန်း၊ ရှာအောင်နှလုံးနာသူကို မဝင်းမြကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရွံ့ကြောက်ကြီး ကြောက်သည်။ ဒါပေမယ့် ကိုထွန်းရွှေကို စိတ်က အလိုမကျတိုင်း ကိုအောင်တင်ကို သတိရတာ ဟာ အံ့ဩစရာကောင်းသည်။

ကိုထွန်းရွှေမှာ သဘောမကျစရာ ဘာတွေများ ရှိသလဲဟု ဆန်းစစ်ကြည့်ပြန်တော့လည်း ဘာမှ မယ်မယ် ရရ ပြစရာမရှိဖြစ်နေသည်။ ကိုထွန်းရွှေသည် မိသားစုကို ချစ်သည့် အိမ်ထောင်ဦးစီးဖြစ်သည်။ မဝင်းမြနှင့် သမီးလေး ကို အလွန်ချစ်သည်။ ယောကျာ်းပီသသူဖြစ်၍ အရက် သောက်တတ်သည်။ ဖဲရိုက်တတ်သည်။ သို့သော် အရက် သမားမဟုတ်။ ဖဲသမားမဟုတ်။ မဝင်းမြ အရက်နံ့မခံနိုင် ၍ အရက်မသောက်ဘဲ နေသည်။ ပိုက်ဆံလိုချင်လို့ နိုင် ချင်သော်လည်း ရှုံးမှာကြောက်လို့ ဖဲမရိုက်။ ဆေးလိပ်ကို တောင် အာသာပြေရုံလေးသာ ဖွာသည်။ မဖွာဘဲချထား လျှင် အလိုအလျောက် မီးငြိမ်းသွားသည့် ဆေးပေါ့လိပ် မျိုးကိုသာ ဝယ်သောက်သည်။ မဝင်းမြနှင့် သမီးလေးတို့ ရဲ့ နောင်ရေးအတွက် ပိုက်ဆံကို ကျားကုပ်ကျားခဲ ရှာသည်။ စုသည်။ ဒီလို လင်သားအပေါ်မှာ ဘယ်လို သဘောမကျ စရာရှာလို့ တွေ့နိုင်မလဲ။

ကိုထွန်းရွှေအပေါ်မှာ မဝင်းမြ သဘောမကျစရာ ဘာမှမရှိပါ။ ဒါပေမယ့် အလိုမကျမှုတွေရှိနေသည်။





မဝင်းမြ၏ ဘဝစကတည်းက အလိုလိုက်မခံရ၊ အယုယ မခံခဲ့ရ၊ အချော့အမြှူမခံခဲ့ရ။ လင်ရလျှင်တော့ လင်သား ရဲ့ အချော့အမြှူ အယုအယလေးတွေဖြင့် သာယာပျော် ရွှင်စရာကောင်းလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် မျှော်လင့်ခဲ့တာနဲ့ တကယ်တွေ့ကြုံရသည့် ဘဝက အတိုင်း အဆမဲ့ ကွာဟလွန်းနေတာ တွေ့ရသည်။

ကိုထွန်းရွှေသည် တာနော့ယက္ခလိုလူမျိုး ဖြစ် နေသည်။ တာနော့ယက္ခသည် သူ့မယား သမုခသိင်္ဂီကို ချစ်လွန်းလို့ မထိရက် မတို့ရက်ဘဲ ရွှေကြုတ်ထဲမှာ ထည့် ပြီး အာခံတွင်းမှာ ငုံထားသည်။ အတော်တုံးသည့် ဘီလူး ဖြစ်သည်ဟု မဝင်းမြတွေးမိသည်။ မိန်းမသားဖြစ်သည့် သမုခသိင်္ဂီအကြောင်းကို ဘာမျှနားမလည်သည့် ဘီလူး ဖြစ်သည်။ သမုခသိင်္ဂီသည် ရွှေကြုတ်ထဲမှာ နေချင်တာ မဟုတ်။ ကိုတာနော့၏ရင်ခွင်ထဲမှာ နေချင်တာဖြစ်သည်။ ကိုတာနော့ရဲ့ အယုအယနဲ့ မနော့ချိုတဲ့ အပြောအဆိုတွေ ကို ခံယူလိုတာ၊ နားထောင်ချင်နေတာဖြစ်သည်။

မိန်းသားတို့ရဲ့ အထာနဲ့သဘာဝကို သိနေသည့် အချောင်သမား ဝါဠုပုတ္တ ဝိဇ္ဇာဓိုရ်က ရွှေကြုတ်ထဲဝင်ပြီး တာနော့ယက္ခအယောင် ဆောင်လိုက်တဲ့အခါ သမုခသိင်္ဂီ ရဲ့အချစ်ကို လွယ်လွယ်ကူကူ ရသွားနိုင်ခဲ့သည်။ သမုခသိင်္ဂီ



www.burmeseclassic.com

www.burmeseclassic.com



သည် မသိလို့ လိုက်လျောခဲ့တာဖြစ်နိုင်သလို သိလျက်နှင့် ဆန္ဒကို မထိန်းချုပ်နိုင်လို့ ဖေါက်ပြန်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။ ဓာတ်ပြားသွင်းထားသည့် ဇာတ်ထုပ်ထဲမှာတော့ ယဉ်ကျေးဖွယ်ရာဖြစ်အောင် အယောင်ဆောင်ထားတဲ့ ဝိဇ္ဇာ ဓိုရ်ကို ချစ်လင် ကိုတာနောလို့ထင်ပြီး ပျော်ပါးမိခဲ့ကြောင်း ဇာတ်လမ်းဆင်ထားသည်။ လူ့သဘာဝ ပေတံဖြင့် ထောက် တိုင်းကြည့်သောအခါ လွန်ကျူးမှုအတွက် ငြင်းချက်ခိုင်မာ မှုမရှိဘဲ အားနည်းနေတာ တွေ့ရသည်။

မိမိရဲ့ဘဝသည်လည်း သမုခသိဂ်ီဖြစ်နေခဲ့ပြီဆို လျှင် တာနောယက္ခနဲ့တူသည့် ကိုထွန်းရွှေကို မုန်း၍လည်း မဖြစ်၊ ချစ်ခွင့်လည်းမသာ၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေ သည်။ အလိုမကျ၊ ဆန္ဒမပြည့် ဖြစ်နေတာကတော့ သေ ချာသည်။ ဘာအလိုမကျတာလဲလို့ မေးလျှင် ယောက်ျား ရဲ့အနားမှာ ပွတ်သီးပွတ်သပ် နေချင်တာပါလို့ ဖြေရမှာက လည်း မိန်းမသားတစ်ယောက်အနေဖြင့် ရှက်စရာကောင်း နေမည်ဖြစ်လို့ အမှန်အတိုင်း မဖြေဘဲ ဘာအလိုမကျမှန်း မသိဘူးလို့ ဖြေရမည်သာဖြစ်သည်။

မိမိကို အပျိုဘဝကတည်းက ကြိုက်နေပြီး၊ အခု အထိ လိုက်ပိုးနေသေးသည့် ကိုအောင်တင်ကို မုန်းသည်။ ရွံ့ကြောက်ကြီးကြောက်သည်။ တစ်စုံတစ်ယောက်ကို





ကြောက်နေသည်ဖြစ်စေ၊ ချစ်နေသည်ဖြစ်စေ ထိုသူနှင့် တစ်စုံတစ်ရာသော အတိုင်းအတာအထိ ပတ်သက်ဆက် နွယ်ခဲ့ဖူးသည်သာဖြစ်၍ အိပ်မက်ထဲမှာ တစ်ခါတလေ တွေ့ တတ်သည်။ တွေ့ဖူးကြုံဖူးကြမည်ဟု ထင်သည်။ မဝင်းမြ သည်လည်း တစ်ခါတလေ အိပ်မက်ထဲမှာ ကိုအောင်တင် ကို တွေ့သည်။

မဝင်းမြသည် ကိုအောင်တင်ကို အပြင်လောက မှာ ရွံ့ကြောက်ကြီး ကြောက်ပြီး မုန်းနေသော်လည်း အိပ် မက်ထဲမှာ တွေ့ရသည့်အခါ ကြောက်ရမည့်အစား၊ မုန်းရ မည့်အစား ကိုအောင်တင် သဘောကျအောင် မိမိက အလှုပြမိတာ၊ မခို့တရို့ အမူအယာဖြင့် ကိုအောင်တင်ကို စကားပြောဖို့ ကြိုးစားတာတွေ့ရသည်။ အိပ်မက်က လန့် နိုးလာတော့မှ ကိုယ့်ကိုကိုယ် ဒေါသဖြစ်နေမိသည်။ ဒီလူ ကို မိမိက ဒီလိုစိတ် ဖြစ်ရမလားဆိုပြီး ကိုယ့်ကိုကိုယ် မကျေနပ်ဖြစ်နေမိသည်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ သိစိတ်က ကိုအောင်တင်ကို ရွံ၊ ကြောက်၊ မုန်းနေသော် လည်း မသိစိတ်က ကိုအောင်တင်ကို မသိမသာ တိမ်း ညွတ်နေသလား၊ စဉ်းစားစရာ ဖြစ်နေသည်။

ဒါဆိုလျှင် သာမန်အချိန်မှာ စိတ်ကိုထိန်းချုပ်လို့ ရနိုင်မည် ဖြစ်သော်လည်း၊ သိစိတ်ကင်းမဲ့သွားသည့် အခိုက်



www.burmeseclassic.com

www.burmeseclassic.com



အတန်မှာ ကိုအောင်တင်ကို လက်ခံလိုက်လျှောမိမည်လား။ မှားသွားပြီးခါမှ အိပ်မက်က လန့်နိုးသလို ဒေါသထွက်၊ အရှက်ရဖြစ်နိုင်သလား။ စဉ်းစားစရာဖြစ်နေသည်။ မဖြစ်နိုင်တာတွေ၊ မဖြစ်သင့်တာတွေနှင့် မဖြစ်ချင်တာတွေကို ဆက်ပြီး မစဉ်းစားဘဲ ခေါင်းထဲက၊ အတွေးထဲက ဖယ်ထုတ်ပစ်လိုက်ရသည့် အကြိမ်ပေါင်း မနည်းတော့ပြီဖြစ်သည်။

အခုလို မဝင်းမြ စိတ်လှုပ်ရှားနေတာကို မရိပ်စားမိသည့် ကိုထွန်းရွှေကတော့ သူ့မူအတိုင်းပဲ ပုံမှန် လှုပ်ရှားနေသည်။ အိပ်ရာမှ စောစောထပြီး အပ်ချုပ်ဆိုင်ကို သွားသည်။ တစ်ခါတလေ စောလွန်း၍ မဝင်းမြတောင် မသိလိုက်ဖြစ်သွားသည်။ ညနေကျတော့လည်း မိုးချုပ်လို့ မီးထွန်းချိန်မှာတောင် ပြန်မရောက်လို့ မဝင်းမြနှင့်သမီးလေးတို့ ကြောက်ကြောက်ဖြင့် အိပ်ရာဝင်လိုက်ကြရသည်။

မဝင်းမြသည် ကိုထွန်းရွှေကို စိတ်မရှည်နိုင်တော့၍ ထမင်းခူးခပ် မကျွေးဘဲ တမင် အိပ်ချင်ယောင်ဆောင်နေကြည့်သည်။ ကိုထွန်းရွှေ စိတ်ဆိုးပြီး မိမိကိုရိုက်ပါစေဟု ဆုတောင်းမိသည်။ ရိုက်လျှင် အားရပါးရငိုပြီး ရင်ဖွင့်ချင်သည်။ ငိုချင်၍ လင်အရိုက်ခံချင်သော မယားဖြစ်နေခဲ့သည်။ အရိုက်ခံရလျှင် ငိုရမည်။ ငိုလျှင် လင်၏အချော့





ခံရမည်ဟု မျှော်လင့်သည်။ အချော့ခံချင်လို့ အရိုက်ခံချင်တာဖြစ်သည်။

မဝင်းမြ အကြံမအောင် ဖြစ်နေသည်။ မဝင်းမြ ဘယ်လောက်ပဲဆိုးဆိုး နွဲ့နွဲ့ ဘယ်လောက်ပဲ စိတ်ကောက်ပါစေ ကိုထွန်းရွှေက စိတ်မဆိုးတတ်သလို၊ ချော့လည်း မချော့တတ်တာက ခက်နေတော့သည်။

မဝင်းမြက သူ့ရင်ထဲက မကျေနပ်မှုအနုမြူပုံးကို ပေါက်ခွဲချင်လို့ စနက်တံကို ထုတ်ပြသည်။ ကိုထွန်းရွှေက စနက်တံကို မီးမရှို့ဘဲ မမြင်ဟန်ဆောင်ပြီး ကွင်းရှောင်နေလေ၊ မဝင်းမြ အခံရခက်လေ ဖြစ်နေတော့သည်။

ဒီလိုဖြင့် ရက်တွေ၊ လတွေ ကြာလာခဲ့သည်။ မဝင်းမြနှင့် ကိုထွန်းရွှေတို့ရဲ့ မိသားစုလေး အသိုက်ပျက်မည့်နေ့၊ ပြဿနာဖြစ်မည့်နေ့၊ ဘဝပျက်မည့်နေ့ကို ရောက်လာခဲ့ပါသည်။

ကိုထွန်းရွှေ အပ်ချုပ်ဆိုင်မှာ ရှိနေချိန်နှင့် သမီးလေး ကျောင်းသွားနေချိန်မှာ မဝင်းမြတစ်ယောက်တည်း အိမ်မှာ ယောင်ချာချာဖြစ်နေသည်။ နေ့လယ်စာအတွက်ကလည်း ထမင်းအိုး တစ်လုံးသာ တည်စရာရှိသည်။ မနေ့က ကျန်သည့် ဟင်းအိုးတွေ နွှေးပြီးဖြစ်သည်။ ရေနွေးအိုး ကျိုပြီး ဖြစ်သည်။ သောက်ရေအိုး ရေဖြည့်ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုး တည်ပြီးပါက ကိုထွန်းရွှေ ထမင်းပူပူလေး စားရအောင် ခူးခပ်ပြီး ထမင်းချိုင့်သွားပို့မည်ဟု ရည်ရွယ်သည်။

အိမ်နောက်ဘက် မီးဖိုဆောင်မှ ထွက်ပေါက်ရင်ခွင် တံခါးကို ဖွင့်ပြီး အိမ်ခြံထဲဆင်းလာခဲ့သည်။ အိမ်နောက်က ခြံဝင်းဒေါင့်မှာ ရှိသည့် အိမ်သာတက်ရန် ဆင်းလာခဲ့ခြင်း ဖြစ်သည်။ အိမ်နှင့် အိမ်သာသည် ပေငါးဆယ်မျှသာ ဝေးကွာသည်။ တောရွာသဘာဝအရ ဘာအန္တရာယ်မျှ မရှိ၍ အိမ်သာတံခါးကိုတောင် ဂျက်မထိုး၊ ကလန့်မချဘဲ ခပ်ဟဟလေး စေ့ရုံစေ့ထားပြီး အိမ်သာတက်သည်။ အိမ်သာထဲမှ အိမ်ဘက်ကို လှမ်းကြည့်လျှင် မြင်နိုင်အောင် ရည်ရွယ်ချက်ဖြင့် တံခါးဂျက်မထိုးဘဲ ထားခြင်းဖြစ်သည်။ ကိုယ့်အိမ်၊ ကိုယ့်ခြံ၊ ကိုယ့်ဝင်းထဲမှာ လွတ်လပ်စိတ်ချစွာ အိမ်သာတက်နေခြင်း ဖြစ်သည်။

မဝင်းမြသည် အိမ်သာတက်နေစဉ် ရုတ်တရက် သံသယဝင်လာသည်။ မိမိအိမ်သာတက်နေတာကို တစ်စုံတစ်ယောက်က တစ်နေရာက ချောင်းကြည့်နေသလားဟု သံသယ ဝင်လာခြင်းဖြစ်သည်။ ချောင်းကြည့်နေသူ ဖီးလိမ်း၊ ဆွတ်ဖျန်းထားသည့် ပေါင်ဒါ၊ ရေမွှေးနံ့ဟုယူဆရသည့် အမွှေးနံ့တစ်မျိုးကို ရှူရှိုက်လိုက်ရသည်။ ချောင်းကြည့်နေသူသည် မိမိ၏နောက်မှာ သို့မဟုတ် ဘေးတစ်





ဘက်မှာ အနီးကပ်နေရာ အနေအထားဖြင့် ချဉ်းကပ်နေပြီး ဖြစ်ကြောင်း စိတ်ထဲက အလိုလိုသိနေသည်။ ရုတ်ကြောက် ထိတ်လန့်လာသဖြင့် ကမန်းကတန်း သန့်ရှင်းရေး လုပ်လိုက်သည်။ အိမ်သာတံခါးကို အသာဆွဲဖွင့်ပြီး အပြင်ကို ခပ်သွက်သွက် ထွက်လိုက်သည်။

မဝင်းမြ လန့်ပြီး သတိလစ်မတတ် ကြက်သေသေသွားသည်။ မဝင်းမြ အိမ်သာအပြင်ကို ရောက်သည်နှင့် တစ်ပြိုင်နက် အိမ်သာနောက်ကွယ်က ရုတ်တရက် ပေါ်ထွက်လာသည့် ကိုအောင်တင်သည် မဝင်းမြကို လှမ်းဖက်လိုက်သည်။ မဝင်းမြ ကြက်သေသေပြီး ကြောင်နေစဉ်မှာ ကိုအောင်တင်က မဝင်းမြ၏ပါးကို ရွတ်ခနဲ နမ်းပစ်လိုက်သည်။ ဒီတော့မှ မဝင်းမြသတိပြန်ဝင်လာပြီး ကိုအောင်တင်၏ လက်ထဲက ရုန်းထွက်လိုက်သည်။ အထိတ်တလန့် သွေးရူးသွေးတန်းဖြင့် မီးဖိုဆောင်ကို ပြေးတက်လိုက်သည်။ မီးဖိုဆောင်မှ အိမ်မကြီးပေါ်ကို အရောက် ပြေးခဲ့မိသဖြင့် မီးဖိုဆောင်၏ ရင်ခွင်တံခါးကို ပိတ်ခဲ့ဖို့ မေ့သွားသည်။

မပိတ်ခဲ့မိသော တံခါးသည် ကိုအောင်တင် ဝင်လိုက်လာဖို့အတွက် အသင့်ဖြစ်အောင် ဖွင့်ပေးထားခဲ့သလို ဖြစ်သွားသည်။ မဝင်းမြ၏ရင် တအားခုန်နေသည်။ ကို



www.burmeseclassic.com

www.burmeseclassic.com



ထွန်းရွှေနှင့် မိမိတို့အိပ်သည့် အိပ်ခန်းထဲအထိ ဝင်ပြေးသည်။

ထိတ်လန့်ကြောက်ရွံ့ပြီး တအားရင်ခုန်နေသဖြင့် လက်တစ်ဖက်က ရင်ကိုဖိထားပြီး လက်တစ်ဖက်ဖြင့် ကိုအောင်တင်၏ အနမ်းကို ခံလိုက်ရသည့် ပါးကို ပွတ်နေမိသည်။ ရင်ခုန်နေတာဟာ ကြောက်လို့လား၊ အနမ်းခံရလိုက်ရလို့လားဆိုတာ ကိုယ့်ဟာကိုယ် ဝေခွဲမရဖြစ်နေသည်။ လုံးဝမျှော်လင့်မထားသော အတင့်ရဲစွာ ကျူးကျော်ဝင်ရောက်လာသူကို တုန်လှုပ်ကြောက်ရွံ့စွာ အံ့ဩနေစဉ်မှာပင် ကိုအောင်တင်သည် မဝင်းမြရှိရာ အိပ်ခန်းထဲကို စွပ်ခနဲ ဝင်လာသည်။

မဝင်းမြက အလန့်တကြား အော်ဟစ်အကူအညီတောင်းမည်လုပ်စဉ်မှာပင် ကိုအောင်တင်သည် မဝင်းမြ၏ ပါးစပ်ကို သူ့လက်ဖဝါးဖြင့် အချိန်မီပိတ်ဆို့နိုင်ခဲ့သည်။ မဝင်းမြ၏ ပါးစပ်ကို ပိတ်ထားလျက် မဝင်းမြကို ခပ်တင်းတင်း ဖက်ထားသည်။

"မဝင်းမြ မဝင်းမြ မဝင်းမြရယ်၊ မဝင်းမြကို ကိုယ်ချစ်လွန်းလို့ပါကွယ် . . .၊ မဝင်းမြ မကျေနပ်ရင် ကိုယ့်ကိုသတ်ပါ။ မဝင်းမြကို ချစ်ခွင့်ရရင် ကိုယ်သေပျော်ပါပြီ"

မဝင်းမြသည် တို့ဆေးမိသူကဲ့သို့ လည်းကောင်း



စပါးကြီးမြွေ အညို့ခံရသူကဲ့သို့ လည်းကောင်း၊ ငြူးကြောင်ကြောင် ဖြစ်ပြီး သတိလစ်နေသည်။ လာကြပါ၊ ကူကြပါ၊ ကယ်ကြပါ အော်ရမည့်အစား ကိုအောင်တင်၏ အတို့အထိနှင့် အနမ်းတွေမှာ သာယာနေမိတော့သည်။ မဝင်းမြ မအော်တော့ဘူးဆိုတာကို သိသည့်' ကိုအောင်တင်သည် သူ့လက်ဖြင့် ဖိပိတ်ထားသည့် မဝင်းမြ၏ ပါးစပ်ကို ဖြေလျှော့ဖွင့်ပေးလိုက်ပြီး မဝင်းမြ၏ မျက်နှာတစ်ပြင်လုံးကို နေရာကွက်လပ်မကျန်အောင် နမ်းရင်း စကားတွေ ပြောသည်။

"ချစ်တယ် မဝင်းမြရယ်၊ မဝင်းမြကို ချစ်လွန်းလို့ အခုလိုစွန့်စားရတာပါကွယ်၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့နော် နော်"

မဝင်းမြသည် ကိုအောင်တင် ပြုသမျှကို သဘောကျသလို ဖြစ်ပြီး ငြိမ်ခံနေမိသည်။ မျက်စိကို မှိတ်ပြီး အသက်ရှူမြန်နေသည်။ မဝင်းမြသည် သိလျက်နှင့် တားမြစ်ရန်သော်လည်းကောင်း၊ ရုန်းကန်ရန်သော် လည်းကောင်း မကြိုးစားနိုင်ဘဲ အိပ်မက်ထဲမှာ အရိပ်စီးခံနေရသူပမာ ကိုယ်လက်တွေ လှုပ်လို့မရသလိုဖြစ်နေသည်။

မဝင်းမြ၏ အင်္ကျီအပေါ်ကြယ်သီး နှစ်လုံး ပြုတ်သွားတယ်ဆိုလျှင်ပဲ ကိုအောင်တင်သည် မဝင်းမြကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ချီယူပြီး ကုတင်ပေါ်ကို တင်ဖို့လုပ်နေစဉ်မှာပင် အိမ်ရှေ့က ဆူဆူညံညံအသံတွေနှင့်အတူ ကိုထွန်းရွှေ၏ အော်ခေါ်သံကို ကြားလိုက်ရပါတော့သည်။

မြ မြ မြလေးလို့ အော်ခေါ်နေသည့် ကိုထွန်းရွှေ၏အသံကို ကြားတယ်ဆိုလျှင်ပဲ ကိုအောင်တင်သည် ပွေ့ချီယူမလို့လုပ်နေသည့် မဝင်းမြကို တွန်းခွာပစ်ခဲ့ပြီး အိပ်ခန်းအတွင်းမှ ပြေးထွက်သွားလေတော့သည်။

ဒီတော့မှ မဝင်းမြသည် အိပ်မက်မှလန့်နိုးလာသူပမာ အထိတ်တလန့်ဖြစ်နေတော့သည်။ မိမိတို့လင်မယား အိပ်သည့် အိပ်ခန်းထဲအထိ ကိုအောင်တင် ရောက်နေပြီး ပြေးထွက်သွားတာကို မြင်လိုက်သည့် ကိုထွန်းရွှေက စစ်ဆေးမေးမြန်းလျှင် ဘယ်လိုဖြေရပါ့မလဲလို့ တွေးနေစဉ်မှာပင် အိပ်ခန်းအဝမှာ ကိုထွန်းရွှေ လာရပ်သည်။ မီးဝင်းဝင်းတောက်လုမျှ စူးရှသည့် မျက်လုံးများဖြင့် မဝင်းမြကို ခါးထောက်ပြီး ရပ်ကြည့်နေသည်။

■

မဝင်းမြသည် သူ့ယောက်ျား ကိုထွန်းရွှေကို ရှင်းပြခွင့်မရလိုက်သည့် ရှင်းလင်းချက်ကို ကျွန်တော့်ကို ရှင်းပြလိုက်ရလို့ ရင်ထဲမှာ ငါးဆယ်ရာနှုန်းလောက် ပေါ့သွားဟန်တူသည်။ အသက်ကို ဝအောင်ဆွဲရှူပြီး ရှည်လျားစွာ သက်မကြီးချသည်။



ကျွန်တော် စဉ်းစားနေမိသည်။ မဝင်းမြက ကိုထွန်းရွှေကို ရှင်းပြချင်တယ်၊ ရှင်းပြပါရစေဆိုတာ ဘာကို ရှင်းပြချင်တာလဲ၊ အမျိုးသမီး သဘာဝအရ ကိုယ့်လင် ကိုယ့်သားရဲ့ ယုယချော့မြှူမှုတွေကို တောင့်တရယူလိုတဲ့ အချိန်မှာ လင်ဖြစ်သူ ကိုထွန်းရွှေက မယားကို ဂရုမစိုက်နိုင်ဘဲ စီးပွားရေးကိုပဲ အာရုံစိုက်နေသည့်အတွက် အခုလိုဖြစ်ခဲ့ရတာပါလို့ ရှင်းပြလိုတာလား။ ဒီလို ရှင်းလင်းချက်မျိုးကို ဘုန်းကြီးကျောင်းထွက်၊ ခေတ်ပညာမတတ်သည့် ကိုထွန်းရွှေက နားလည်သဘောပေါက်နိုင်ပါ့မလား။ လက်ခံပြီး ခွင့်လွှတ်သည်းခံနိုင်ပါ့မလားဟု တွေးနေမိသည်။

နောက်တစ်ခုကလည်း စဉ်းစားစရာရှိသည်။ ကျွန်မနဲ့ ကိုအောင်တင်တို့ ဖက်တာ၊ နမ်းတာလောက်ပဲ ရှိခဲ့ပါတယ်။ ဒါထက်ပိုပြီး ဘာမှမဖြစ်ခဲ့ပါဘူးဆိုတာကို ရှင်းပြချင်တာလား၊ ကျွန်တော် စဉ်းစားမိသည်။ ဒါမျိုးလာပြောလို့ကတော့ ကိုထွန်းရွှေမပြောနဲ့ ကျွန်တော်တောင် လက်ခံမည်မဟုတ်။ မိမိတို့ လင်မယားအိပ်သည့် အိပ်ခန်းထဲအထိ ဝင်လာသည့် ရပ်သိရွာသိ ကိလေသာမှုဆိုးကို လိုလိုလားလား၊ မအော်မဟစ်လက်ခံခဲ့တဲ့ အမှုလောက်နဲ့ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လင်မယားကွဲလောက်နေပြီ ဖြစ်သည်။

ကျွန်တော်ပါ ရင်မောလာ၍ သက်မကြီးချပြီး လက်ကနာရီကို ကြည့်လိုက်သည်။ ၁၁ နာရီခွဲပြီ လေယာဉ်ရုံးကြီးကို သွားကြရန် ပန်းခြံထဲက ထွက်လာခဲ့ကြသည်။

ကျွန်တော်နှင့် မဝင်းမြတို့ လေယာဉ်ရုံးကြီးရှေ့ ရောက်တော့ ခရီးသည် ကြိုပို့ကားကြီး ဆိုက်ထားပြီး ဖြစ်သည်။ နေ့လယ် ၂နာရီခေါက် ထွက်မည့် လေယာဉ်ကို စီးကြမည့် ခရီးသည်တွေ ကားပေါ်တက်နေကြပြီ၊ လေယာဉ်စီးခရီးသည် တစ်ယောက်နှင့်အတူ လိုက်ပို့သူ တစ်ယောက် စီးလိုက်ခွင့်ရသဖြင့် ကျွန်တော်ပါ ဘတ်စ်ကားကြီးပေါ် တက်ထိုင်လိုက်ပါသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ လေယာဉ်ရုံးကြီးမှ မင်္ဂလာဒုံ လေဆိပ်သို့ သွားရာလမ်းခရီးတစ်လျှောက်မှာ ကျွန်တော်နှင့် မဝင်းမြတို့ စကားမပြောဖြစ်ကြဘဲ အတွေးကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြသည်။ မဝင်းမြက သူ့ဘဝရဲ့ အနာဂါတ်မှာ ရပ်တည်ရမည့်အရေးကို တွေးနေတာဖြစ်မည်။ ကိုထွန်းရွှေသည် ကိန္နရီချောင်းရွာကို ပြန်သွားတာဆိုလျှင် ပြန်လည်တွေ့ဆုံပြီး ရှင်းပြခွင့်၊ ဝန်ချတောင်းပန်ပြီး ရပ်မိ ရပ်ဖတွေရဲ့ အကူအညီနဲ့ ပြန်ပေါင်းခွင့်ရနိုင်သေးသည်။ အကယ်၍ ကိုထွန်းရွှေသည် ကိန္နရီချောင်းရွာကို မပြန်ဘဲ လိပ်စာဖျောက်ပြီး လစ်သွားတာဆိုလျှင် မိမိ၏ အိမ်ထောင်ရေးဘဝ အနာဂါတ်အတွက် မျှော်လင့်ချက် မရှိတော့ပြီဆိုတာတွေကို စဉ်းစားနေတာဖြစ်မည်။

ကျွန်တော်ကတော့ ကိုထွန်းရွှေနှင့် မဝင်းမြတို့ နှစ်ယောက်ရဲ့ စိတ်သဘာဝကို စဉ်းစားနေမိသည်။ ကိုထွန်းရွှေသည် ခေတ်ပညာမတတ်သော်လည်း မိန်းမတစ်ယောက်အတွက် လင်ကောင်းသားကောင်း ဖြစ်သည်။ အသောက်အစား၊ အပျော်အပါးနှင့် လောင်းကစားကင်းသည့် အိမ်ထောင်ဦးစီး တစ်ယောက်ဖြစ်သည်။ မိသားစုကို ချစ်သည့် ဖခင်ကောင်းတစ်ယောက်ဖြစ်သည်။ မိမိ၏ ဇနီးကို မပူမပင် မကြောင့်မကျနေရအောင် မိမိတတ်စွမ်းသမျှ ပညာရပ်ဖြင့် မယားမှတ်မှတ်၊ သားမှတ်မှတ် လုပ်ကိုင်ကျွေးနေလျှင် ကိစ္စပြီးပြီဟု ထင်နေသူဖြစ်သည်။ အမျိုးသမီးသဘာဝအရ လင်ခန်း၊ မယားခန်းကိစ္စတွေမှာ မဝင်းမြ၏ ရှက်ခြင်း၊ ဟန်ဆောင်ခြင်းတွေကို သဘောမပေါက်၊ နားလည်မှုမရှိသူဖြစ်သည်။ မယားကို ညှာလွန်းတာနဲ့ မယားကိုယ်တိုင်က သဘောမကျသူဖြစ်သည်။

မဝင်းမြသည် ဘဝနာနေသူဖြစ်သည်။ သူ့ အလိုချင်ဆုံး အတောင့်တဆုံးဖြစ်သည့် မိခင်မေတ္တာ ဝတ်မှတ်နေသူဖြစ်သည်။ လူမှန်းသိတတ်သည့် အရွယ်ကစပြီး မိဘ







www.burmeseclassic.com

www.burmeseclassic.com



မေတ္တာ ငါးဆယ်ရာနှုန်းသာ ရခဲ့သူဖြစ်၍ အရာရာကို အလို မကျသူ၊ စိတ်တိုနေသူဖြစ်သည်။ လိင်မတူတဲ့ ဖခင်ရဲ့ စောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရသည်။ ဘယ်လို ရုပ်ဝတ္ထု ပစ္စည်းနဲ့မှ အစားထိုးလို့မရတဲ့ မိခင်မေတ္တာဆိုတာကို သူ များတွေလို မရရှိခဲ့သည့်အတွက် ဝမ်းနည်းနေသူဖြစ်သည်။ သူ့ဘဝမှာ ကလေးသဘာဝ နွဲ့ဆိုးမဆိုးခဲ့ရ၊ ပြုစုယုယမခံခဲ့ ရ၊ ကြင်နာသနားမှု အပြည့်အဝ မခံစားခဲ့ရတာတွေကို တွေးမိတိုင်း ဝမ်းနည်းမိသည်။ ဒေါသထွက်သည်။ မကျေ မနပ်ဖြစ်သည်။ စိတ်တိုသည်။ အပြုစု အယုယခံချင်သည်။ အချော့အမြှူခံချင်သည်။

ဒီလိုအမျိုးသမီးမျိုးကို ဇနီးအဖြစ် ရွေးချယ်သူသည် အထူး သတိထားရမည် ဖြစ်သည်။ အလိုလိုက်ရလိမ့်မည်။ သည်းခံရမည်။ စိတ်ရှည်ရမည်။ ချော့ရလိမ့်မည်။

အခုတော့ ကိုထွန်းရွှေနှင့် မဝင်းမြတို့သည် တစ် ယောက်ရဲ့အကြိုက်ကို တစ်ယောက်က အလိုက်မသိ၊ နား လည်မှုမရှိ၍ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ကြ ပြီဖြစ်သည်။ တစ်ယောက်ကို တစ်ယောက် အသက်ပေး မလောက်ချစ်ကြပါလျက်နဲ့ အိမ်ထောင်ပျက်ခဲ့ကြလေပြီ။ ဒီကိစ္စအတွက် ဘယ်သူ့မှာ အပြစ်ရှိသလဲဆိုတာကို မသေ ခွဲတတ်အောင် ဖြစ်နေသည်။





ခရီးသည်တွေကို တင်ဆောင်လာသည့် ဘတ်စ် ကားကြီး မင်္ဂလာဒုံလေဆိပ်ကို ရောက်၍ ခရီးသည်တွေ ကားပေါ်က ဆင်းကြသောအခါ ကျွန်တော်က မဆင်းတော့ ဘဲ ဒီကားကြီးနဲ့ပဲ မြို့ထဲကို ပြန်လိုက်သွားမလို့ လုပ်သည်။ မင်္ဂလာဒုံလေဆိပ်မှာ မြို့ထဲကိုပြန်လျှင် ဘတ်စ်ကားခ ပြားလေးဆယ် ပေးရမှာကြောက်လို့ဖြစ်သည်။

မဝင်းမြက မပြန်ပါနဲ့ဦးဟု ဆိုသည်။ လေယာဉ် ပျံထွက်ပြီးမှ ပြန်ပါဆို၍ ကားပေါ်ကဆင်းလိုက်ရသည်။ မဝင်းမြသည် ရန်ကုန်မြို့ကို ပထမအကြိမ် ရောက်ဖူးသူ ဖြစ်၍ လေယာဉ်ပျံကို စီးဖူးဖို့ဆိုတာ အသာထားဦး၊ အနီးကပ်မြင်တောင် မမြင်ဘူးသေးသူဖြစ်၍ ကြောက်နေ ဟန်တူသည်။ လင်ပစ်မဘဝဖြင့် သောကများနေရသည့် အထဲမှာ မသွားတတ် မလာတတ်၍ ပိုပြီးအားငယ်နေဟန် တူသည်။

မဝင်းမြ စိတ်အားမငယ်စေရန် လေဆိပ်အဆောက် အဦးထဲမှာ အတူထိုင်နေပေးခဲ့ပါသည်။ သံတွဲမြို့သို့ သွား မည့် ခရီးသည်များ လေယာဉ်ပေါ်သို့ တက်ကြပါလို့ အသံ ချဲ့စက်က အသံထွက်လာတော့မှ မဝင်းမြကို အားပေး စကားပြောပြီး လေယာဉ်ပေါ် တက်ခိုင်းလိုက်ပါသည်။

"ကဲ သွားတော့၊ ဖြစ်လာမှတော့ ကံအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တရားပေါ့ မမရယ် . . .၊ အားငယ်မနေနဲ့၊ ဘဝကို ဖြစ်သလို ရင်ဆိုင်မယ်ဆိုတဲ့သတ္တိနဲ့ အားမွေးထားပေတော့။ ကျန်းမာရေးကိုလည်း ဂရုစိုက်၊ ကျွန်တော်လည်း အခွင့်သာလို့ အခါသင့်ရင် ရွာကိုလာခဲ့ပါဦးမယ်"

မဝင်းမြလေယာဉ်ပေါ် တက်သွားသည်အထိ စောင့်ကြည့်နေခဲ့ပါသည်။ မဝင်းမြကို သယ်ဆောင်သွားသည့် ဒါကိုတာ လေယာဉ်လေး မြင်ကွင်းမှ ပျောက်သွားတော့မှ လေဆိပ်က ပြန်လာခဲ့ပါသည်။

■



အခန်း (၇)

ဒေါ်ဝင်းမြသည် ကျွန်တော့်လက်ကိုကိုင်ပြီး အားရအောင်ငိုပြီးသောအခါ တင်းကြပ်နေသည့် ဘဝအမောနှင့် ရင်တွင်းက ဝေဒနာတွေ အနည်းငယ်ပြေလျော့ပေ့ါပါး သွားဟန် တူသည်။ ကိုင်ထားသည့် ကျွန်တော့်လက်ကိုဖြေလျော့ဖြုတ်လွှတ်ပြီး အနည်းငယ် နောက်ဆုတ်ထိုင်သည်။ အလွန်အားငယ်နေသည့် အချိန်ဖြစ်၍ အားပေးစကားပြောရမည်။ နိုင်သလောက်အကူအညီပေးရမည်ဟု သတိရလိုက်ပါသည်။

"ကျွန်တော် ဒီမှာ သုံးရက်လောက်နေဦးမှာပါ။ အေးအေးဆေးဆေး တွေ့မယ်"

အမှန်အတိုင်းဆိုလျှင် ကျွန်တော်သည် မကျည်း တော



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ဒီနေ့တစ်ညသာအိပ်ပြီး နက်ဖြန်နံနက်မှာ ကိန္နရီချောင်းရွာကို ခရီးဆက်ဖို့ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဒေါ်ဝင်းမြနှင့် မမျှော်လင့်ဘဲ လာတွေ့နေရသည့်အတွက် တစ်ရက်နှစ်ရက်လောက်တော့ ဆက်နေမှဖြစ်တော့မည်ဟု သတိရ၍ ဒီမှာနေဦးမှာပါလို့ ပြောလိုက်ရသည်။

ဒေါ်ဝင်းမြသည် အားရအောင်ငိုပြီး၍ အင်္ကျီ လက်မောင်းအစုတ်ကလေးဖြင့် မျက်ရည်သုတ်နေပါသည်။ သစ်သစ်လွင်လွင် အဝတ်အစားပင် မရှိတော့လောက်အောင်ဆင်းရဲနေပြီလားမသိလို့ တွေးမိသည်။ ရုပ်က အိုစာသလိုကိုယ်ခန္ဓာက ပိန်လှီလှသည်။ အဟာရချို့တဲ့လို့ အားအင်ဆုတ်ယုတ်နေသည်။ သူ့အဖေနှင့်အတူ ကျွန်တော်တို့ရွာမှာဓာတ်စက်လာဖွင့်တုန်းက မြင်ဖူးလိုက်သည့် အလှတွေနှင့်ကိုထွန်းရွှေကို ရှင်းပြပြီး တောင်းပန်ချင်လို့ ရန်ကုန်ကိုလိုက်လာတုန်းက ခန့်ခန့်ချောချောရှိခဲ့တဲ့ မက်မောစရာတွေမရှိတော့ပါလားဟု သတိထားလိုက်မိပါသည်။

နိုင်ငံခြားပြန် ရန်ကုန်သား သင်္ဘောသားရဲ့ပြောစကားတွေကို အားပါးတရ နားထောင်မဟဲ့လို့ အားခဲပြီးလာကြတဲ့မကျည်းတောရွာက ရွာသူရွာသား ပရိသတ်ကြီးကတော့သူတို့အဖို့ ရိုးနေပြီဖြစ်တဲ့ ဒေါ်ဝင်းမြရဲ့ ခွေးတံဆိပ်ဓာတ်ပြားဟောင်းကြီးကို မကြားချင်တော့လို့ အလျှိုလျှို ထပြန်ကုန်ကြ





သည်။

"မမ အခု ဘယ်သူနဲ့နေလဲ၊ ဘယ်မှာနေလဲ"

"မမ တစ်ယောက်တည်းပဲနေရတယ် မောင်စိုးလှိုင်ရေ၊ ဘယ်သူမှ မရှိကြတော့ဘူး"

ကျွန်တော့်မေးခွန်းတွေထဲက ဘယ်သူနဲ့နေလဲဆိုတဲ့မေးခွန်းကိုပဲ ဖြေသည်။ ဘယ်မှာနေလဲဆိုတဲ့ မေးခွန်းကိုမဖြေဘဲနေသည်။ ဒီမေးခွန်းအတွက် တိကျသည့်အဖြေမရှိဖြစ်နေဟန်တူသည်။ မဖြေသေးသည့် မေးခွန်းကို ကျွန်တော်ထပ်မေးမည်စိုးသည့် ကျွန်တော့်ဦးလေးက ဒေါ်ဝင်းမြကိုယ်စားဝင်ဖြေပေးသည်။

"ဝင်းမြမှာ နေစရာတွေ အများကြီး၊ သူ့မှာ တစ်ကိုယ်ရေ တစ်ကာယ၊ လူသွားရာ အိမ်ပါနေတာကွဲ့၊ ပူစရာမလို"

ကျွန်တော် ရိပ်စားမိလိုက်ပါသည်။ ဒေါ်ဝင်းမြမှာနေစရာအိမ်မရှိ၍ ဟိုအိမ် ဒီအိမ်မှာ ကပ်ရပ်နေရသည်ဆိုသည့်သဘောဖြစ်သည်။ တိတိကျကျ သိရအောင် သူပြန်သွားပြီးမှ ဦးလေးတို့ မိသားစုကို မေးကြည့်တော့မည်ဟုဆုံးဖြတ်လိုက်သည်။ ဒေါ်ဝင်းမြသည် သူနေသည့် နေရာသို့ပြန်တော့မည်ဆိုသည့်သဘောဖြင့် ဖိနပ်ချွတ် ကပြင်ဘက်သို့ဖင်ရွှေ့ရွှေ့သွားသည်။

"မမ ပြန်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ပြန်လိုက်ဦးမယ်"

"ကျွန်တော် ကိန္နရီချောင်းကို မသွားခင် တွေ့ဦးမယ်"

"အေး အေး"

ဒေါ်ဝင်းမြသည် ဦးလေး၏အိမ်ပေါ်က ဖြည်းဖြည်းဆင်းပြီး ရွာမြောက်ပိုင်းဘက်သို့ နှေးနှေးလျှောက်သွားလေသည်။

ဦးလေး၏မိသားစု ပြောပြလို့ ဒေါ်ဝင်းမြနေထိုင်ရပုံကို သိရသည်။ ကိန္နရီချောင်းရွာက အိမ်ကိုရောင်းပြီး မကျည်းတောရွာကို ပြောင်းလာခဲ့သည်။ သူငယ်ငယ်က နေခဲ့သည့် ဒီရွာကအိမ်ကလည်း သူ့အဖေ မသေမီကတည်းက ရောင်းစားထားခဲ့လို့ သူများလက်ထဲရောက်နေသည်။ ကိန္နရီချောင်းရွာက အိမ်ရောင်းခဲ့လို့ရသည့် ပိုက်ဆံလေးလက်ထဲမှာရှိနေတုန်းကတော့ ဟိုအိမ်၊ ဒီအိမ်တွေမှာ တစ်လှည့်စီကပ်ရပ်နေလို့ရခဲ့သည်။ ပိုက်ဆံကုန်တော့ ဘယ်အိမ်ကမှ လက်မခံချင်ဖြစ်လာသည်။ နောက်ဆုံးတော့ ရွာဦးကျောင်းက ဥပုသ်ဇရပ်ကို ရောက်သွားသည်ဟု သိရသည်။ သူလျှောက်သွားသည့်ဘက်မှာ ရွာဦးကျောင်းနှင့် ဥပုသ်ဇရပ်ရှိသည်။

■

နောက်နေ့နံနက်မှာ နွားနို့တစ်ခွက်နှင့် ကြက်ဥဘိန်းမုန့်တစ်ချပ်ယူပြီး ဥပုသ်ဇရပ်ကို ကျွန်တော်သွားသည်။





ဒေါ်ဝင်းမြကို သူအိပ်သည့် ဖျာစုတ်ကလေးပေါ်မှာ ထိုင်ပြီး ပုတီးစိပ်နေတာ တွေ့ရသည်။ ကျွန်တော် ဇရပ်ပေါ်ကို တက်လာတာမြင်တော့ သူ့အနားမှာ ကျွန်တော် ထိုင်နိုင်အောင် ကြမ်းခင်းကို အဝတ်စုတ်ဖြင့် ဖုန်သုတ်ပေးသည်။ ကျွန်တော် ယူလာသည့် အစားအသောက်တွေကို လှမ်းယူဖို့ လက်နှေးနေသည်။

"ဘာဖြစ်လို့ ယူလာတာလဲ မောင်စိုးလှိုင်ရယ်၊ မမ မစားဘဲနေလို့ရနေပြီ"

မစားဘဲနေလို့ရနေပြီဆိုတာ ငတ်လွန်းလို့ မစားဘဲ နေနိုင်တဲ့အကျင့် ပါနေပြီလို့ ဆိုလိုတာဖြစ်မည်။ အခုလို တစ်ခါတလေ ကြုံကြိုက်လို့စားရတာမျိုးကို စားပြီး အစာကြေသွားလျှင် နောက်ထပ်စားချင်သည့် အကျင့်ပါသွားမှာ စိုးရိမ်နေသည့်လက္ခဏာ တွေ့ရသည်။

"အို. . .ရှိတဲ့အခါစား၊ မရှိတဲ့အခါ မစားဘဲနေပေါ့ မမရယ်၊ ရော့မုန့်စား၊ နွားနို့ပူပူလေး သောက်လိုက်၊ ကျွန်တော် နက်ဖြန် ကိန္နရီချောင်းကို သွားတော့မယ်"

စိပ်ပုတီးကို လည်ပင်းမှာ စွပ်လိုက်ပြီး ကျွန်တော်ကမ်းပေးသည့် နွားနို့ခွက်နှင့် ဘိန်းမုန့်ကို ဖြည်းနှေးစွာ လှမ်းယူသည်။

ကျွန်တော် ဒီရွာက ထွက်ခွာသွားတော့မည်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ အားငယ်သွားသည့် လက္ခဏာ တွေ့ရသည်။ နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်းမှာ သူ့ကို တလေးတစားနဲ့ အလေးထား ဆက်ဆံသူဆိုလို့ ကျွန်တော် တစ်ယောက်သာ ပေါ်ပေါက်ဖူးဟန်တူသည်။ သူ့ကို အဖက်လုပ်ပြီး ဆက်ဆံသူ လူတစ်ယောက်ကလည်း မနက်ဖြန် ဒီရွာက ရာသက်ပန် ထွက်ခွာသွားတော့မည်ဆိုတော့ စိတ်ကျ အားငယ်သွားဟန်တူသည်။

"အေးပေါ့ကွယ်၊ ကိုယ့်ကိစ္စရှိတဲ့နေရာ သွားစရာ ရှိတာ သွားပေါ့။ နောက်တစ်ခါ ဒီရွာကို နင်ပြန်ရောက်လာရင် ငါ့ကို တွေ့ချင်မှ တွေ့တော့မယ်၊ ငါလည်း မနေချင်ဘူးဟယ် . . .၊ သေချင်လှပါပြီ"

လူ့ဘဝမှာ အသက်ရှင်ပြီး မနေချင်တဲ့လူသားရယ်လို့ ရှားရှားပါးပါး လာတွေ့နေရခြင်းဖြစ်သည်။ သူ့အဖို့တော့ လောကဓံတရား ရှစ်ပါးထဲက အပြင်းစားအမယ်တွေဖြစ်သည့် ချစ်သူနှင့်ကွေကွင်းရခြင်း၊ ဆင်းရဲခြင်း၊ လိုတာမရခြင်း၊ အခြေအရံနည်းခြင်းသာမက လုံးဝမရှိခြင်း ဆိုတာတွေနဲ့ ရင်ဆိုင်နေရတော့ မြန်မြန်သေချင်တယ်ဆိုတာ ဖြစ်နိုင်ပါသည်။

"ကဲ အဲဒါတွေအသာထား၊ အခု ဘယ်လိုစားသောက်နေလဲ"





"ဒီလိုပေါ့ကွယ် . . .၊ ဟိုအိမ်ဒီအိမ်က သနားလို့ ခေါ်ကျွေးတဲ့အခါလည်း ရှိတယ်၊ ကျောင်းမှာ အလှူအတန်းရှိတဲ့အခါ စတုဒိသာမဏ္ဍပ်ထဲမှာ ကလေးတွေနဲ့အတူ တိုးဝှေ့ပြီးစားတယ်၊ ဝါတွင်း ဓါပ လပြည့်လကွယ်နဲ့ ရှစ်ရက် ဥပုသ်နေ့တွေမှာ စေတနာ သဒ္ဓါတရားပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ရွာဘုံဥပုသ်ဆွမ်း တစ်နပ်စားရဖို့အတွက် ဥပုသ်စောင့်ရတယ်၊ ဒီလိုနဲ့ပဲ အသက်ရှည်ပြီး မသေနိုင်ဖြစ်နေတယ်ကွဲ့"

သတ္တဝါတစ်ခု ကံတစ်ခုဆိုသလို သူ့ဟာနှင့်သူတော့ မရေသရုံ အဆင်ပြေနေပုံရသည်။ ဦးလေး ပြောပြလို့ သိရတာက ဘုန်းကြီးကျောင်းက ဆွမ်းကြွင်းဟင်းကျန်တွေကို ကျောင်းခွေးတွေကို ကျွေးဖို့ဖယ်ပြီး တစ်ပန်းကန်ကို ကျောင်းသားလေးတွေက လာကျွေးသည်ဟု သိရသည်။ ဘာပဲဖြစ်ဖြစ် ဒေါ်ဝင်းမြ ဝေ်ပြီး မသေနိုင်တာကတော့ သေချာနေပြီဖြစ်သည်။

"မမ ရန်ကုန်ကပြန်သွားပြီး ကိန္နရီချောင်းရွာကို ပြန်ရောက်တော့ အစ်ကိုကြီးရဲ့ သတင်းကို စုံစမ်းသေးလား"

"မစုံစမ်းပါဘူးကွယ်၊ ဒါပေမယ့် သတင်းကို နားစွင့်နေတာပေါ့။ မမရွာကို ပြန်ရောက်ပြီး တစ်နှစ်လောက်အထိ ဘာသတင်းမှ မကြားဘူး။ တစ်နှစ်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြာမှ တောင်ဘက်ကြီးက မကျည်းစင်၊ ဆင်မ ရေပ်ကောင်းဘက်မှာ ရောက်နေတယ်လို့ တွေ့ခဲ့ပါတယ် ဆိုတဲ့ လူတွေက ပြန်ပြောလို့သိရတယ်"

"မမ လိုက်မသွားဘူးလား"

"မလိုက်တော့ပါဘူးကွယ်၊ မမကို မတွေ့ချင်လို့ ကိုယ့်ရပ် ကိုယ့်ရွာကိုတောင် ပြန်မလာတဲ့လူနောက်ကို လိုက်လို့ အကြောင်းထူးဖို့မမြင်လို့ မလိုက်တော့ပါဘူး နောက်ထပ် ကြားရတဲ့သတင်းကတော့ နောက်အိမ်ထောင် ပြုလိုက်ပြီလို့ ကြားတာပဲ"

"မမ ရန်ကုန်ကပြန်ရောက်ပြီးနောက် ကိန္နရီ ချောင်းရွာမှာ ဘယ်လောက်ကြာအောင် နေခဲ့လဲ၊ ဒီရွာကို ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ရန်ကုန်က ပြန်ရောက်ပြီး ကိန္နရီချောင်းရွာမှာ ဆယ်နှစ်လောက် နေခဲ့သေးတယ်။ သမီးဆုံးသွားတော့ အိမ်ကို ရောင်းပြီး ဒီရွာကိုပြောင်းလာခဲ့တာပဲ။ ဒီရွာကို ပြန် ရောက်နေတာတောင် ဘာလိုလိုနဲ့ ဆယ်နှစ်တောင်ရှိပြီ"

ရန်ကုန်က ပြန်ရောက်ပြီး ကိန္နရီချောင်းရွာမှာ သူရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပတ်ဝန်းကျင်၏ တုန့်ပြန်မှုတွေ ကျော်ဖြတ်ခဲ့ရသည့် အခက်အခဲတွေနှင့် မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်တွေကို ပြန်ပြောပြသည်။



ကိုထွန်းရွှေကို ပြန်ခေါ်ဖို့ ရန်ကုန်ကို လိုက်သွားရာမှ ရွာအပြန်မှာ ကိုထွန်းရွှေ ပါမလာသောအခါ သိက္ခာကျခဲ့ရသည်။ ကိုထွန်းရွှေ၏မိဘတွေကစပြီး ဖေါက်ပြန်တဲ့ ချွေးမဆိုတဲ့ ပုဒ်မတပ်ပြီး မေးထူးခေါ်ပြောဂင် မလုပ်တော့ဘဲ ပစ်ပယ်ထားခြင်း ခံခဲ့ရသည်။ အိမ်နီးနားချင်းနှင့် ရပ်သူ ရွာသားတွေကလည်း စာရိတ္တမကောင်းသည့် အကျင့်ပျက်မဆိုသည့် စွဲချက်ဖြင့် တန်းတူရည်တူ မဆက်ဆံဘဲ ချိုးနှိမ်ချင်ကြသည်။ မလွဲသာလို့ ဆက်ဆံကြပြန်လျှင်လည်း ဝတ်ကျေတန်းကျေ သဘောမျိုးသာ ဆက်ဆံကြသည်။ အားငယ်ခဲ့ရသည်။

ကိုအောင်တင်သည် ချွေးပစ်ကုန်းက အရက်ပုန်းရောင်းသည့် မညိုပုနှင့် ဖေါက်ပြန်တာကို မညိုပုရဲ့ ယောကျ်ားက အုပ်ချုပ်ရေးကို တိုင်သည်။ အုပ်ချုပ်ရေးက ပထမအကြိမ်ခေါ်ယူ သတိပေးသည်။ ဒုတိယအကြိမ်မှာတော့ ကြိမ်ဒဏ်သုံးချက်နှင့် ထောင်တစ်လချလိုက်သည်။

မညိုပုမှာ ပထမအိမ်ထောင်နှင့် ရခဲ့သည့် သမီးအကြီးမသည် အဆိပ်သောက်ပြီး သေကြောင်းကြံသည်။ စစ်ဆေးမေးမြန်းတော့မှ ကိုအောင်တင်နှင့်ရသည့် ကိုယ်ဝန် သုံးလရှိပြီဖြစ်ကြောင်း သိရသည်။ ဒီကိစ္စနှင့် ပတ်သက်ပြီး ကိုအောင်တင် ထောင်ကျသွားသည်။ စစ်တွေထောင်မှ

www.burmeseclassic.com

www.burmeseclassic.com



ပုလဲဂန့်ဂေါလမ်း လမ်းဖေါက်လုပ်ရန် ပါသွားပြီး နောက် ထပ်သတင်းမကြားတော့ ဟု သိရသည်။

ကိုအောင်တင်၏ ကိုလေသာသောင်းကျန်းမှုတွေကြောင့် ကျော်မကောင်း ကြားမကောင်း ဖြစ်တိုင်း ဒေါ်ဝင်းမြကိုပါ လာလာပြီး ဂယက်ရိုက်သည်။ ကိုအောင်တင်နှင့် ပတ်သက်ဆက်နွယ်ခဲ့ဖူးသူတွေ စာရင်းမှာ မိမိပါ ပါဝင်နေ၍ မျက်နှာပူခဲ့ရသည်။ အရှက်ရခဲ့ရသည်။

တစ်ဦးတည်းသော သမီးကလည်း ထွန်းထွန်းပေါက်ပေါက် မဟုတ်၍ အားမကိုးလောက်ဖြစ်ခဲ့ရသည်။ ကိန္နရီချောင်းရွာမှာပင် အိမ်ထောင်ကျပြီး ဆင်းဆင်းရဲရဲ လုပ်ကိုင်စားခဲ့ရသည်။ ကလေးမီးဖွားစဉ် မီးတွင်းထဲမှာပင် ကွယ်လွန်သွားခဲ့သည်။ သမီးအရင်းပါ မရှိတော့သည့်အခါ အိမ်ကို ရောင်းပြီး မကျည်းတောရွာကို ပြန်လာခဲ့သည်။

ကိန္နရီချောင်းရွာက အိမ်ကို ရောင်းလို့ရသည့် ပိုက်ဆံလေးကို မကျည်းတောရွာမှာ ထိုင်စားလို့ ကုန်သောအခါ စားဝတ်နေရေးအတွက် ရာသီအလိုက်ပေါ်သည့် အလုပ်တွေကို အငှားလိုက်လုပ်ခဲ့ရသည်။ ကောက်စိုက်၊ ပျိုးနုတ်၊ မြေပဲနုတ်၊ စပါးကြိတ်၊ ငါးခွဲ၊ အုန်းသားထွတ် စသည့် လက်စားလိုက် အလုပ်မှရသည့် လုပ်အားခဖြင့် တစ်ယောက်တည်း ကိုယ့်ဟာကို ချက်စားနေခဲ့ရသည်။



အခုတော့ အသက်ကကြီးလာသည့်အပြင် ကျန်းမာရေးကလည်း မကောင်းသည့်အတွက် ဘာအလုပ်မှ မလုပ်နိုင်တော့၍ သူများပေးစာ ကျွေးစာနှင့် ဘုန်းကြီးကျောင်းက စွန့်သည့် ဆွမ်းကြွင်းဟင်းကျန်တွေစားပြီး သေမည့်နေ့ကို စောင့်နေရပါသည်ဟု ဆိုပါသည်။

မဝင်းမြ (အခုတော့ ဒေါ်ဝင်းမြ) ၏ ဘဝဆန်လွန်းသည့် အဖြစ်နှင့် ပတ်သက်ပြီး ကျွန်တော် စဉ်းစားနေမိသည်။

ကျွန်တော်တို့လူမျိုး၏ ရိုးရာခံယူချက်၊ ယုံကြည်ချက်နှင့် ကျင့်ထုံးတို့ကို ပြန်လည်သုံးသပ်နေမိသည်။ လူမှုရေးနှင့် အိမ်ထောင်ရေး ကျင့်ဝတ်သိက္ခာကို မလိမ္မာ၍ တစ်ကြိမ်တစ်ခါ မှားယွင်းဖေါက်ဖျက်မိပါတယ်၊ ဘာမှလည်း ထိရောက်တဲ့ ကျူးလွန်မှုမဖြစ်ခဲ့ပါဘူး၊ သည်းခံခွင့်လွှတ်ပါလို့ ရှိခိုးဦးတင်၊ ဝန်ချတောင်းပန်မည့် မိန်းမသားတစ်ဦးအပေါ်မှာ ကာယကံရှင် လင်သားနှင့် ပတ်ဝန်းကျင်တို့က ခွင့်မလွှတ်ဘဲ တစ်သက်လုံး ဒဏ်ခတ်ထားကြတာကတော့ လွန်လွန်းသည်ဟု ထင်ပါသည်။

တရားသည်၊ မတရားသည်၊ မှားသည်၊ မှန်သည် ဆိုတာကို ဝေဖန်သုံးသပ်ပြီး ဆုံးဖြတ်နိုင်သည့် အရည်အချင်းနှင့် တာဝန်တော့ ကျွန်တော့်မှာ မရှိပါ။ မဝင်းမြကို

www.burmeseclassic.com

www.burmeseclassic.com



နားသည်ပြီး သနားသည့်စိတ်သာ ကျွန်တော့်မှာ ရှိပါသည်။

ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိသေးသည်။ အမေရိကန်နိုင်ငံက ဟောလိဝုဒ်လို နေရာမျိုးမှာတော့ မဝင်းမြရဲ့ ပြဿနာဟာ ပြဿနာလို့တောင် မခေါ်လောက်သည့် ထမင်းစား ရေသောက်ကိစ္စထက် များစွာ အဆင့်နိမ့်ပါသည်။ ကိန္နရီချောင်းရွာနှင့် မကျည်းတောရွာမှာတော့ ကျူးလွန်မှု အထမမြောက်သည့် အိမ်ထောင်ရေး ဖေါက်ပြန်မှုလေး တစ်ခုကြောင့် မဝင်းမြဆိုတဲ့ မိန်းမချော၊ မိန်းမလှတစ်ယောက် အလှလည်းပျက်၊ ဘဝလည်းပျက်ခဲ့ရလေပြီလို့ တွေးတောစဉ်းစားနေမိပါသည်။

ဒီကိစ္စအတွက် ဘယ်သူမှာ အပြစ်ရှိသလဲဆိုတဲ့ မေးခွန်းရှိသင့်သည်။ မဝင်းမြမှာသာ အပြစ်ရှိသည်ဆိုတဲ့ ပုံသေနည်းကြောင့် မေးခွန်းကို ဖျောက်ထားပြီး အဖြေမရှာဘဲ မနေသင့်ဟု ထင်ပါသည်။ ကျွန်တော့်အမြင်မှာတော့ မဝင်းမြ အခုလိုဖြစ်ရသည့်ကိစ္စမှာ တရားခံသည် ကာယကံရှင် မဝင်းမြလည်း မဟုတ်၊ မဝင်းမြကို စွန့်ပစ်ခဲ့ပြီး ထွက်ပြေးသွားသည့် ကိုထွန်းရွှေလည်း မဟုတ်ဟု ထင်ပါသည်။

ဒါဖြင့် တရားခံအစစ်က ဘယ်သူလဲ၊ ဘာလဲလို့ မေးလျှင် ကျွန်တော်ထင်တာကိုသာ ကျွန်တော်ဖြေပါမည်။





တရားခံအစစ်သည် ကိုထွန်းရွှေ၏ အိမ်ထောင်ရေး ဗဟုသုတ မပြည့်ဝမှုနှင့် မဝင်းမြ၏ လိင်ကိစ္စနှင့်ပတ်သက်ပြီး အရှက်အကြောက်ကြီးမှု၊ မကျွမ်းကျင်မှု၊ ဟန်ဆောင်ထိန်းချုပ်မှုတို့သည်သာ ဒီပြဿနာဖြစ်ရခြင်း၏ အကြောင်းရင်းတရားခံများ ဖြစ်သည်ဟု ထင်ပါသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဇနီးမောင်နှံတို့၏ ဂုဏ်သိက္ခာကို ထိခိုက်မည်စိုး၍ ဒါထက်ပိုပြီး ပယ်ပယ်နယ်နယ်၊ ပီပီပြင်ပြင်၊ တစ်တစ်ခွခွ ရှင်းမပြသင့်ဟု ထင်ပါသည်။

မြန်မာလူမျိုး ဇနီးမောင်နှံတို့ တစ်ယောက်ကို တစ်ယောက်က အသည်းအသက်တမျှ ချစ်ကြပါလျက်နဲ့ အိမ်ထောင်ပြိုကွဲပြီး လမ်းခွဲကြသည့် အကြောင်းတွေများစွာရှိသည့်အနက် လိင်ကိစ္စနဲ့ပတ်သက်ပြီး အပေးအယူမတည့်သည့်အကြောင်းတွေလည်း ပါသည်။ စိတ်ဆန္ဒနဲ့ ပတ်သက်ပြီး တစ်ယောက်၏အကြိုက်ကို တစ်ယောက်က မလိုက်လို့ စိတ်ဆိုးပြီး အရွဲ့တိုက်ရာမှ ကွဲကြ ကွာကြတာတွေရှိသည်ကို စဉ်းစားနေမိသည်။

တစ်ဦးကိုတစ်ဦးက ချစ်ကြပါလျက်နှင့် ပျက်စီးပြိုကွဲခဲ့ကြပြီဖြစ်သည့် ကိုထွန်းရွှေနှင့် မဝင်းမြတို့၏ ဇာတ်လမ်းမှာ မယားကိုချစ်တာတစ်ခုတည်းသာ သိပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေး ဗဟုသုတ ဘာမျှမရှိသည့် ကိုထွန်းရွှေ လုပ်သွားတာလည်း မမှားဟုထင်သည်။ အချစ်ကြီးလို့ အမျက်ကြီးသည့်သဘောသာ ဖြစ်မည်။

မဝင်းမြသည်လည်း မိမိကိုချစ်သော မိမိအပေါ်မှာ သစ္စာရှိသော သားမှတ်မှတ် မယားမှတ်မှတ် လုပ်ကျွေးနေသော လင်သာအားပေါ်မှာ ဖေါက်ပြန်ချင်သည့်စိတ်ကြောင့် မဟုတ်ဘဲ သူခံစားချင်သော ချိုမြိန်သည့် အိမ်ထောင်ရေး အရသာနှင့် နှစ္စသည့် ယုယမှုတွေကို အာသာငမ်းငမ်း တမ်းတနေစဉ်မှာ ကြာကူလီအချောင်သမား ကိုအောင်တင်ဆိုတဲ့ ပန်းစုပ်သမား ပျားတစ်ကောင်၏ အချိုရည် တစ်စက်ကို မသန့်ရှင်းမှန်းသိလျက်နဲ့ လျက်ခဲ့မိခြင်းသာ ဖြစ်သည်။

မိသားစုကို ချစ်တတ်သည့် လူရိုးလူကောင်း ကိုထွန်းရွှေ၏ အိမ်ထောင်ရေး ပြိုပျက်သွားရသည့် ကိစ္စနှင့် လူ့ဘဝစကတည်းက အချော့အမြူ အယုအယမခံခဲ့ရလို့ ချော့သူနှင့် တွေလျှင် ပျော့ချင်နေသည့် မဝင်းမြ၏ အသုံ လည်းပျက်၊ ဘဝလည်းပျက်ရသည့်ကိစ္စကို ကိန္နရီချောင်းရွာနှင့် မကျည်းတောရွာက ရပ်သူရွာသားတွေသာမက မြန်မာတစ်နိုင်ငံလုံးမှာ ရှိသမျှ လူတွေ ဘယ်သူကမှ စိတ်မဝင်စားကြဘဲ ငါတစ်ယောက်တည်း စိတ်ဝင်စားနေပါ



လားဟု သတိရလိုက်၍ အတွေးကို ဖြတ်ပစ်လိုက်သည်။

မဝင်းမြသည် မနေ့က ညစာမစားခဲ့ရလို့ ဗိုက်ဆာနေဟန်တူသည်။ ကျွန်တော် ယူလာပေးသည့် နွားနို့နှင့် ကြက်ဥဘိန်းမုန့်တစ်ချပ်ကို ကုန်အောင်စားပစ်လိုက်သည်။ နံနက်စာကို ဘုန်းကြီးကျောင်းက ဆွမ်းကြွင်းဟင်းကျန်ကို စားရသော်လည်း ညစာအတွက်ကိုမူ ဘုန်းကြီးကျောင်းကလည်း တာဝန်မယူနိုင်လို့ ဥပုသ်ရက်ရှည်ကို မစောင့်ချင်လည်းစောင့်၊ စောင့်ချင်လည်း စောင့် လုပ်နေရဟန်တူပါသည်။ ကျွန်တော် မနက်ဖြန်မှာ ကိန္နရီချောင်းရွာကို ကူးတော့မည်ဖြစ်ကြောင်း ပြောလိုက်သည်။ အားပေးစကားလည်း ပြောခဲ့ပါသည်။

"မနက်ဖြန်မနက်မှာ ကျွန်တော့်ဆီကို လာခဲ့ဦး။ မနက်စာစားပြီး မြို့ကားကြီးလာတော့မှ ကျွန်တော်လိုက်မှာ ဆိုတော့ နေလယ်မှ ဒီရွာကထွက်ဖြစ်မယ်"

"လာမှာပေါ့ကွယ် . . .၊ နင်ဒီရွာကပြန်သွားပြီးရင် ဒီရွာမှာ ငါ့ကိုတလေးတစားနဲ့ အလေးထားပြီး ဆက်ဆံမယ့်သူ မရှိတော့ဘူး"

မဝင်းမြသည် ပြောပြီးဝမ်းနည်းသွားဟန်တူသည်။ အင်္ကျီလက်မောင်း အစုတ်ကလေးဖြင့် စီးလာသည့်မျက်ရည်ကို တို့ယူသုတ်ပစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေဟာ နိဗ္ဗာန်မရနိုင်မီ စပ်ကြား ဘဝများစွာ သံသရာမှာ ကံစီမံရာ ခံကြရတာပဲ မဟုတ်လား။ တရားနဲ့ဖြေပါ။ သံသရာမှာ လားရာ သုဂတိကောင်းဖို့ကိစ္စက ရှိသေးတယ်လေ။ အတိတ်ကို ပြန်မတွေးနဲ့၊ အနာဂါတ်ကို ကြိုမတွေးနဲ့၊ ပစ္စုပ္ပန်မှာ ခန္ဓာရဲ့ ဖြစ်ပျက်ကို မြင်အောင် သတိနဲ့စောင့်ကြည့် ရှုမှတ်ရင်း အချိန်ကို တန်ဖိုးရှိအောင် အသုံးချပြီးနေပေါ့"

"အေးပေါ့ကွယ် . . .၊ ဖြစ်လာတဲ့အခြေအနေနဲ့ လိုက်လျောညီထွေ အဆင်ပြေအောင် နေရမှာပေါ့"

"ကဲ ကျွန်တော် သွားလိုက်ဦးမယ်။ မနက်ဖြန်မနက် ဦးလေးရဲ့အိမ်ကို လာခဲ့ပါဦး"

မဝင်းမြ နေထိုင်သည့် ဥပုသ်ဇရပ်က ပြန်လာပြီးနောက် ဦးလေးနှင့် ဒေါ်လေးတို့ကို မဝင်းမြအကြောင်း ပြောပြလိုက်သည်။ မဝင်းမြ၏အကြောင်းကို ဦးလေးနှင့် ဒေါ်လေးတို့ သိထားကြတာဟာ တခြားလူတွေ သိထားတာလောက်သာဖြစ်သည်။ ကျွန်တော်သာ ကိုထွန်းရွှေနှင့်ရော မဝင်းမြကိုပါ တွေ့ဆုံပြီး နှိုက်ထုတ်မေးမြန်းထား၍ ထဲထဲဝင်ဝင်၊ စုံစုံလင်လင် သိနေခြင်းဖြစ်သည်။ ကျွန်တော် ရှင်းပြပြောဆိုတာတွေကို ဦးလေးနှင့် ဒေါ်လေးက စိတ်ဝင်စားသည်။ မဝင်းမြအပေါ်မှာ အမြင်ကြည်လင်လာပြီး





စာနာစိတ် ဖြစ်လာကြသည်။

ကျွန်တော့်ဦးလေးနှင့် ဒေါ်လေးတို့ဆိုတာတွေကလည်း ဒီကိစ္စမျိုးနှင့် ပတ်သက်လာလျှင် အမြင်မစိမ်းသူတွေဖြစ်သည်။ အတွေ့အကြုံရှိသူတွေဖြစ်သည်။

ပြောခဲ့ပါရောလား။ ရဟန်းလူထွက် ဆေးဆရာနဲ့ ကွမ်းတောင်ကိုင် အရှုံးမလေ။ ကန့်လန့်ကာ ခုနစ်ထပ်ကာပြီး ဆရာနှင့် လူနာတို့ လေးဆယ့်ငါးရက်ကြာအောင် အတူနေပြီး ဆေးကုလိုက်တာ ဘုန်းကြီးလူထွက် ဆေးဆရာနဲ့ အရှုံးမလူနာ ညားခဲ့ကြပါရောလား။ ဒီလို အတွေ့အကြုံရှိခဲ့သူတွေဖြစ်လို့ မဝင်းမြကို ကိုယ်ချင်းစာပြီး နားလည်ခွင့်လွှတ်နိုင်ကြတာ ဖြစ်မည်။

မဝင်းမြကို ရွာထိပ်က ဥပုသ်ဇရပ်မှာ မနေစေဘဲ ဦးလေးရဲ့အိမ်ခြံဝင်းကျယ်ကြီးနောက်မှာ ရှိသည့် နွားတဲကြီးမှာ နေခွင့်ပြုသည်။ ဦးလေး၏နွားတဲကြီးသည် သာမန်အိမ်တစ်လုံးလောက် နီးပါးကြီးသည်။ နိုင်းနွားကြီး လေးကောင် ချောင်ချောင်နေနိုင်၊ အိပ်နိုင်သည့်အပြင် တစ်ဘက်ထိပ်မှာ မိသားစုလေးတစ်စု နေနိုင်လောက်သည့် သုံးဘက်ကာ စင်မြင့်တစ်ခု ပြုလုပ်ထားသည်။ လယ်သူရင်းငှား၊ နွားကျောင်းသားရှိလျှင် နေလိုက နေနိုင်အောင် ပြုလုပ်ထားခြင်း ဖြစ်သည်။ အဲဒီစင်မြင့်မှာ မဝင်းမြကို နေ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုသည်။

မဝင်းမြအတွက် လိုအပ်လျှင် အသုံးပြုရန်နှင့် နေ့စဥ်နံနက်ညး ထမင်းနှင့်ဟင်း နှစ်ပန်းကန်ကျွေးရန် အတွက် ပိုက်ဆံတစ်သောင်းတိတိ ဦးလေးကို ပေးလိုက် ပါသည်။ ဆန်တစ်ပြည်ကို ငွေနှစ်ဆယ့်ငါးကျပ်သာ ပေးရ သော ကာလဖြစ်၍ အတော်အသင့်ကြာအောင် စားရလိမ့် မည်ဖြစ်သည်။ ဦးလေးတို့ မိသားစုရဲ့ စားကြွင်းစားကျန်တွေ ကို သွန်မပစ်ဘဲ မဝင်းမြ မသေမချင်း ကျွေးပါဟု မေတ္တာ ရပ်ခံရပြန်သည်။

"စားကြွင်းစားကျန်ကို မကျွေးပါဘူးကွယ် . . .၊ ငါတို့စားသလို စားရပါစေ့မယ်၊ ရှိရင် ရှိသလို၊ မရှိရင်လည်း မရှိသလိုပေါ့၊ မိသားစုလို့ပဲ သဘောထားပါ့မယ်"

မိန်းမချင်း ကိုယ်ချင်းစာသလို ဝါသနာတူချင်း ရိုင်းပင်းလိုသည့် ဒေါ်လေးက စေတနာထားပါသည်။ ဦး လေးကလည်း ဒေါ်လေးထက် ဆယ်နှစ်လောက် အသက် ငယ်သည့် မိန်းမတစ်ယောက် သူ့ခြံထဲရောက်လာတော့ မည်ဖြစ်၍ ဝမ်းသာနေဟန်တူသည်။ ခြံဝင်းထဲက နွားတဲ မှာ မထားဘဲ အိမ်ပေါ်မှာပဲထားပါဆိုလျှင်တောင် ခွင့်ပြု မည့်ပုံတွေ့ရသည်။

■





ကျွန်တော် ကိန္နရီချောင်းရွာကို ကူးမည့် နံနက် မှာ ကျွန်တော်ရှိရာ ဦးလေး၏အိမ်ကို မဝင်းမြရောက်လာ ပါသည်။ ဘာမျှ မစားခဲ့ရသေးဆို၍ ကျွန်တော်တို့ စား နေသည့် မုန့်တွေကို ပေးစားလိုက်ပါသည်။

"မမ ဒီနေ့ကစပြီး ဥပုသ်ဇရပ်မှာ မနေနဲ့တော့၊ ဦးလေးရဲ့ခြံနောက်က နွားတဲကြီးမှာ မမနေဖို့နေရာ လုပ် ထားပြီးပြီ။ ထမင်းလည်း ဒီကပဲ ကျွေးလိမ့်မယ်"

ကျွန်တော့်စကားကို ကြားတော့ မဝင်းမြ အံ့ ဩသွားသည်။ စားလက်စ မုန့်ကိုပါးစပ်ထဲထည့်မလို့ လုပ် နေတာတောင် ရပ်သွားသည်။ သူ့ကိုလာခဲ့ပါဦးလို့ ကျွန် တော်ခေါ်တာဟာ၊ ပိုက်ဆံလေး ဘာလေး နည်းနည်း ပါးပါးပေးခဲ့ချင်လို့ ခေါ်တာသာဖြစ်မည်ဟု တွက်ခဲ့ပုံရသည်။

"နင့်ကို ငါ့ခြံထဲမှာထားပြီး မသေမချင်း ထမင်း ကျွေးရမယ့်လို့ မောင်စိုးက ငါ့ကို တာဝန်ပေးလိုက်ပြီဟဲ့ ဝင်းမြရဲ့၊ ဒီညကစပြီး ငါ့ခြံထဲမှာ လာအိပ်ပေတော့"

အိမ်ရှင်ဦးလေး ဦးဖဲသာအောင်ကိုယ်တိုင်က ဝင် ပြောလိုက်တော့မှ မဝင်းမြက အံ့ဩတာ ပြေပျောက်သွား ပြီး ကျွန်တော့်ကို ကျေးဇူးတင်သည့် အကြည့်ဖြင့် ကြည့် နေပါသည်။ မနေ့တစ်နေ့က ကျွန်တော့်ကို စတင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလိုပင် ကျွန်တော့် ခြေသလုံးနှစ်ဘက်ကို ကိုင်ပြီး ရှိုက်ငိုပါသည်။ ဟိုနေ့က ငိုတာက ဝမ်းနည်းလို့ ငိုတာ ဖြစ်သော်လည်း၊ ဒီနေ့ငိုတာကတော့ ဝမ်းသာလို့ ငိုတာ ဖြစ်မည်။

မြို့ကလာသည့် ခရီးသည်တင် လော်ရီကားကြီး ရွာအဝင်လမ်းထိပ်ကို ရောက်လာချိန်နီးပြီဖြစ်လို့ ကိန္နရီ ချောင်းရွာကို ခရီးဆက်ရန် မကျည်းတောရွာက ကျွန်တော် ထွက်ခွာလာသည့်အခါ ဦးလေး၏မိသားစုနှင့်အတူ ဒေါ်ဝင်းမြပါ ကျွန်တော့်ကို လိုက်ပို့နှုတ်ဆက်ကြပါသည်။

မကျည်းတောရွာ အဝင်လမ်းထိပ်မှာ ရပ်ပေးသည့် ခရီးသည်တင် လော်ရီကားကြီးပေါ်ကို ကျွန်တော် တက်ပြီး ကိန္နရီချောင်းရွာကို ခရီးဆက်သောအခါ ဦးလေး၏ မိသားစုနှင့်အတူ ဒေါ်ဝင်းမြပါ ကျွန်တော့်ကို လက်ပြ နှုတ်ဆက်လျက် ကျန်နေခဲ့ပါသည်။

ဟိုး . . . လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ကျော်က မဝင်းမြကို တင်ဆောင်သွားသည့် ဒါကိုတာ လေယာဉ် လေး မိုးပေါ်ပျံတက်သွားတုန်းက ကျွန်တော်က မဝင်းမြ ကို လက်ပြပြီး ကျန်ရစ်ခဲ့တာကို အမှတ်ရမိသေးတော့သည်။

**အဏ္ဏဝါစိုးမိုး**

၂၅-၈-၂၀၀၂

www.burmeseclassic.com